# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၆ ရက်　　၂၀၁၅ ခုနှစ်၊ ဇွန် ၂၂ ရက်၊ တနင်္လာနေ့၊　　အတွဲ [၅၄]၊ အမှတ် [၂၆၀]


**အနာဂတ ၈ ကမ္ဘာ မင်္ဂလာ**

အနှောင့်အယှက်မရှိသော
အမှုတို့ကို ပြုလုပ်ခြင်းသည်
ကောင်းမြတ်သော မင်္ဂလာမည်၏။

# ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ရုရှားနိုင်ငံ မော်စကိုမြို့မှ ပြန်လည်ရောက်ရှိ

သတင်း၊ စာ-၃

# ငမိုးရိပ်တံတား(မင်္ဂလာတောင်ညွန့်)တံတားသစ် ဇူလိုင်လကုန်တွင် အချောထည်လုပ်ငန်းများပြီးစီးမည်

ရန်ကုန် ဇွန် ၂၁

မင်္ဂလာတောင်ညွန့်မြို့နယ်နှင့် ဒေါပုံမြို့နယ်ကို ဆက်သွယ်ပေးထားသည့် ရန်ကုန်တောင်ပိုင်းခရိုင်အတွင်းရှိနေသော ငမိုးရိပ်တံတား (မင်္ဂလာတောင်ညွန့်) တံတားသစ်တည်ဆောက်ရေးစီမံကိန်းမှာ ဇွန်လကုန်တွင် အကြမ်းထည်လုပ်ငန်းများအားလုံး ဆောင်ရွက်ပြီးစီးတော့မည်ဖြစ်၍ တံတားအချောထည်လုပ်ငန်းများ ဇူလိုင်လကုန်ပိုင်းတွင် ဆောင်ရွက်ပြီးစီးတော့မည်ဖြစ်သည်။

ငမိုးရိပ်တံတား(မင်္ဂလာတောင်ညွန့်) တံတားသစ်၏ ပင်မတံတားအရှည်မှာ ၃၀၅ မီတာရှိပြီး တံတားအကျယ်မှာ ၁၁ ဒသမ ၅ မီတာရှိကာ ယာဉ်သွားလမ်းကို အသွားအပြန် နှစ်လမ်းသွားဆောင်ရွက်ထားကြောင်းနှင့် တစ်လမ်းလျှင် ၃ ဒသမ ၅ မီတာအကျယ်ရှိသော ယာဉ်သွား လမ်းနှစ်လမ်းကို ဘေးအလျှို တစ်မီတာနှင့် စုစုပေါင်း ရှစ်မီတာ ဆောင်ရွက်ထားကြောင်း သိရသည်။ တစ်ဖက်လျှင် ၁ ဒသမ ၇၅ မီတာစီရှိသောတံတားသစ်ပေါ်ရှိ လူသွားလမ်းပလက်ဖောင်းကို စုစုပေါင်း ၃ ဒသမ ၅မီတာ ဆောင်ရွက်ထားရှိသည်။ *စာမျက်နှာ ၈ ကော်လံ ၁* ❇



# မြန်မာအပြည်ပြည်ဆိုင်ရာချည်မျှင်နှင့် အထည်လုပ်ငန်းပြပွဲ

ရန်ကုန် ဇွန် ၂၁

စတုတ္ထအကြိမ်မြောက် မြန်မာအပြည်ပြည်ဆိုင်ရာ ချည်မျှင်နှင့်အထည်လုပ်ငန်းပြပွဲကို ဇွန် ၂၆ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ရှိ Myanmar Event Park ၌ ကျင်းပမည်ဖြစ်ပြီး အဆိုပါပြပွဲကို မြန်မာအထည်အလိပ်ထုတ်လုပ်သူများအသင်းနှင့် မြန်မာနိုင်ငံ ကုန်သည်နှင့်စက်မှုလုပ်ငန်းရှင်များအသင်းတို့၏ ပံ့ပိုးမှုဖြင့် ဟောင်ကောင်အခြေစိုက် Yorkers Trade & Marketing Services ကုမ္ပဏီက ကြီးမှူးကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြပွဲတွင် နိုင်ငံပေါင်း ၁၆ နိုင်ငံမှ ကုမ္ပဏီပေါင်း ၉၈ ခုက ၎င်းတို့၏ ထုတ်ကုန်ပစ္စည်းနှင့် *စာမျက်နှာ ၉ ကော်လံ ၅* ❐

## ဒုတိယအကြိမ် မြန်မာ-ဥရောပသမဂ္ဂ(အီးယူ) လူ့အခွင့်အရေးဆွေးနွေးပွဲ ပူးတွဲသတင်းထုတ်ပြန်ချက်

စာ-၅




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

### ရင်းနှီးမြှုပ်နှံရန် အကောင်းဆုံးနေရာ

မြန်မာနိုင်ငံသည် လက်ရှိအချိန်တွင် အဘက်ဘက်မှပွင့်လင်းမြင်သာမှုရှိပြီး နိုင်ငံရေး၊ စီးပွားရေးနှင့် လူမှုရေးအပါအဝင် ဘက်ပေါင်းစုံမှ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်လျက်ရှိရာ ပြည်တွင်းပြည်ပ စီးပွားရေးလုပ်ငန်းရှင်များ၊ ကုမ္ပဏီအဖွဲ့အစည်းများ လာရောက်ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန် အကောင်းဆုံးသောနိုင်ငံ၊ အကောင်းဆုံးသောနေရာအဖြစ် တိုးတက်ပြောင်းလဲလျက်ရှိပါသည်။ အထူးသဖြင့် ပြည်ပရင်းနှီးမြှုပ်နှံမှုများ တိုးတက်လာစေရန် အဘက်ဘက်မှ ဖြေလျှော့မှုများဆောင်ရွက်နေပြီဖြစ်ပါသည်။

ထို့ကြောင့်လည်း ဒုတိယသမ္မတ ဦးညဏ်ထွန်းက ရုရှားနိုင်ငံ စိန့်ပီတာစဘတ်ဂ်မြို့၌ ဇွန် ၁၉ ရက်က ကျင်းပသော (၁၉)ကြိမ်မြောက်စိန့်ပီတာစဘတ်ဂ် အပြည်ပြည်ဆိုင်ရာ စီးပွားရေးဖိုရမ် မျက်နှာစုံညီအစည်းအဝေးတွင် "အဆွေတော်တို့ သိထားကြသည့်အတိုင်း မြန်မာနိုင်ငံသည် အာရှ၏ စီးပွားရေးအင်အားကြီးနှစ်နိုင်ငံဖြစ်သည့် တရုတ်နိုင်ငံနှင့်အိန္ဒိယနိုင်ငံတို့အကြား တည်ရှိနေသည့် မဟာဗျူဟာမြောက်သော ပထဝီအနေအထား၊ သင့်တင့်သည့် ဈေးကွက်အရွယ်အစား၊ လုပ်သားအင်အား ပေါကြွယ်ဝမှုနှင့် အစိုးရ၏ သိသာထင်ရှားသည့် ပြုပြင်ပြောင်းလဲရေးအစီအစဉ်များကြောင့် အာရှတွင် နောက်ဆုံးစီးပွားရေးနယ်ပယ်သစ်နိုင်ငံတစ်နိုင်ငံအဖြစ်သို့ရောက်ရှိလာပါကြောင်း၊ လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် သယံဇာတအရင်းအမြစ်များကို ကောင်းမွန်ထိရောက်စွာအသုံးချကာ ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှုရှိပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရှိသော ပတ်ဝန်းကျင်ကောင်းတစ်ရပ်ကို ကြိုးပမ်းဖန်တီးပေးလျက်ရှိပါကြောင်း" စသည်ဖြင့် ပြောကြားခဲ့ပါသည်။

မှန်ပါသည်။ ထိရောက်ကောင်းမွန်ပြီး ပိုမိုတက်ကြွသည့် နည်းဥပဒေယန္တရားနှင့် အဖွဲ့အစည်းဆိုင်ရာ ကူညီထောက်ပံ့မှုများကြောင့် မြန်မာနိုင်ငံရှိ ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းသစ်များသည် ပိုမိုလိုလားနှစ်သက်ဖွယ် ဖြစ်လာပါသည်။ မြန်မာနိုင်ငံ၌ ရင်းနှီးမြှုပ်နှံမှုနှင့်ပတ်သက်ပြီး ရင်းနှီးမြှုပ်နှံသူများကို ဆွဲဆောင်ရန်နှင့် ပိုမိုခိုင်မာပြီး ပွင့်လင်းမြင်သာမှုရှိသည့် ရင်းနှီးမြှုပ်နှံမှုပတ်ဝန်းကျင်တစ်ရပ်ဖန်တီးပေးရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ၂၀၁၂ ခုနှစ်ကတည်းက ပြဋ္ဌာန်းပေးနိုင်ခဲ့ပါသည်။ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု နည်းဥပဒေများနှင့် မြန်မာနိုင်ငံအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်ရန် ခွင့်ပြုမည့် စီးပွားရေးလုပ်ငန်းများစာရင်းကိုလည်း ၂၀၁၃ ခုနှစ်တွင် ထုတ်ပြန်ပေးထားပြီးဖြစ်ပါသည်။

ယခုအခါမြန်မာနိုင်ငံတွင် ရေနံနှင့်သဘာဝဓာတ်ငွေ့၊ လျှပ်စစ်စွမ်းအား၊ စက်မှုထုတ်ကုန်သတ္တုနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများအပြင် စီးပွားရေးအထူးဇုန်ကြီးများ၊ နိုင်ငံခြားဘဏ်လုပ်ငန်းများ၊ ဆက်သွယ်ရေးလုပ်ငန်းများတွင် အပြိုင်အဆိုင်ဝင်ရောက်လုပ်ကိုင်နေကြပြီဖြစ်ပါသည်။ အခြားသော ကဏ္ဍများစွာတို့တွင်လည်း ပြည်ပကုမ္ပဏီများနှင့် လုပ်ငန်းရှင်များအနေဖြင့် မြန်မာနိုင်ငံသို့လာရောက် ရင်းနှီးမြှုပ်နှံရန် အခွင့်အလမ်းကောင်းများစွာရှိနေပါသည်။ သို့ဖြစ်၍ ပြည်ပရင်းနှီးမြှုပ်နှံသူများအနေဖြင့် ရင်းနှီးမြှုပ်နှံမှုလုပ်ကိုင်ရန် အာရှ၏အကောင်းဆုံးနေရာဖြစ်သည့် မြန်မာနိုင်ငံသို့ လာရောက်ရင်းနှီးမြှုပ်နှံမှုများ ပြုလုပ်နိုင်ပါရန် ဖိတ်ခေါ်တိုက်တွန်းအပ်ပါကြောင်း။ ။

## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

မဲဆန္ဒရှင်များ မဲပေးသင့်သည်၊
မဲပေးမည်ဆိုပါက သင့်အမည် မဲစာရင်းတွင် ပါရန်လိုသည်။

## သဘာဝဓာတ်ငွေ့ တိုးတက်ရှာဖွေထုတ်လုပ်ရေးကိစ္စများဆောင်ရွက်

**ရန်ကုန် ဇွန် ၂၁**

စွမ်းအင်ဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးဇေယျာအောင်သည် ဇွန် ၂၀ ရက်က ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်အတွင်း တည်ရှိသော အဖျောက်သဘာဝဓာတ်ငွေ့မြေသို့ရောက်ရှိ စစ်ဆေးခဲ့သည်။



ရှေးဦးစွာ ပြည်ထောင်စု ဝန်ကြီးအား ဦးဆောင်ညွှန်ကြားရေးမှူး၊ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရေနံမြေအထွေထွေမန်နေဂျာနှင့် တာဝန်ရှိသူများက တွင်း အမှတ်(၅၃) တွင်းတူးဖော်ပြီးစီးမှုအခြေအနေ၊ ထုတ်လုပ်နေမှုအခြေအနေများ၊ တွင်းအမှတ် (၅၄) တွင်း တူးဖော်လျက်ရှိသည့် အခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအား ရှင်းလင်းတင်ပြကြသည်။ ပြည်ထောင်စုဝန်ကြီးက အဖျောက်သဘာဝဓာတ်ငွေ့မြေမှ သဘာဝဓာတ်ငွေ့အား ရန်ကုန်မြို့ရှိ ပြည်သူလူထု ခရီးသွားလာရေးအတွက် CNG ဖြန့်ဖြူးပေးနေရသဖြင့် သဘာဝဓာတ်ငွေ့ တိုးတက်ရှာဖွေထုတ်လုပ်ရေး ကိစ္စများ၊ တူးဖော်မှုကုန်ကျစရိတ် လျှော့ချရေးကိစ္စများ၊ အလေအလွင့် ထိန်းသိမ်းရေးကိစ္စများ၊ ဒေသခံပြည်သူလူထုအတွင်း လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်ကိစ္စရပ်များကို အသေးစိတ်မှာကြားပြီး သဘာဝဓာတ်ငွေ့တွင်းအမှတ်(၅၃)ကို အောင်မြင်စွာ တူးဖော်ခဲ့သည့် ကာယ၊ ဉာဏဝန်ထမ်းများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်ခဲ့သည်။ ထို့မှတစ်ဆင့် သဘာဝဓာတ်ငွေ့ ထုတ်လုပ်လျက်ရှိသည့် တွင်းအမှတ် (၅၀) နှင့် တူးဖော်လျက်ရှိသည့် တွင်းအမှတ် (၅၄) တို့အား ကြည့်ရှုစစ်ဆေးခဲ့သည်။

ယခုအခါ အဖျောက်သဘာဝဓာတ်ငွေ့မြေ၏ သဘာဝဓာတ်ငွေ့တွင်း ခြောက်တွင်းမှ နေ့စဉ် လေဆီ ၁၇ စည်နှင့် သဘာဝဓာတ်ငွေ့ ၈ ဒသမ ၇၀၈ ကုဗပေသန်းကို ထုတ်လုပ် လျက်ရှိသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တိုက်ကြီးမြို့နယ်ရှိ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၏ အမှတ် (၄) ဓာတ်မြေဩဇာစက်ရုံ (မြောင်းတကာ)သို့ရောက်ရှိရာ စက်ရုံ စဉ်ဆက်မပြတ် လည်ပတ်နိုင်ရေး၊ ကုန်ထုတ်လုပ်မှု တိုးတက်ရေးတို့ မှာကြားခဲ့သည်။

ထို့နောက် စက်ရုံအတွင်း ယူရီးယား ဓာတ်မြေဩဇာထုတ်လုပ်နေမှုနှင့် သိုလှောင်ဖြန့်ဖြူးမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

## ရပ်ကွက်အတွင်းမှစက္ကူစက်ကြောင့် ကျန်းမာရေးနှင့် မီးဘေးစိုးရိမ်

ထင်သာမြင်သာပြုပြင်စရာ

ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ် (ဃ)ရပ်ကွက်နှင့် င/က ရပ်ကွက်နှစ်ရပ်ကွက်အတွင်း နေထိုင်ကြသော သက်ကြီးရွယ်အိုများ၊



ကျန်းမာရေးမကောင်းသူများ မိဘပြည်သူများ၊ ကျောင်းသား၊ ကျောင်းသူများသည် ရပ်ကွက် လူနေအိမ်များအနီး လွတ်လပ်ရေးလမ်းနှင့် သိပ္ပံလမ်းကြားတွင် ပုဂ္ဂလိကပိုင် စက္ကူစက်ရုံမှ ထွက်ရှိသော အနံ့အသက်ဆိုးများနှင့် ကျောက်မီးသွေးအမှုန်များ၊ မီးပွားများကြောင့် ကျန်းမာရေးထိခိုက်မှုနှင့် မီးဘေးအန္တရာယ်ကျရောက်မှုများအတွက် အလွန်စိုးရိမ်ပူပန်နေကြရကြောင်း သိရသည်။

ဇွန် ၁၆ ရက် ညပိုင်း ကယင်းစက္ကူစက်ရုံ လည်ပတ်စဉ် ထွက်ရှိလာသော အနံ့အသက်ဆိုးများနှင့် ကျောက်မီးသွေး လောင်စာအမှုန်၊ မီးပွားများကြောင့် ရပ်ကွက်နေပြည်သူများ စိုးရိမ်ထိတ်လန့်၍ (ဃ) ရပ်ကွက်ရုံးသို့ ရောက်လာကြကြောင်း သိရသည်။

ထို့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်မှုမှ ကင်းဝေးရေးနှင့် မီးဘေးအန္တရာယ်မှ ကင်းဝေးရေးအတွက် ရပ်ကွက်အတွင်းမှ စက္ကူစက်ရုံအား သက်ဆိုင်ရာမှ လိုအပ်သလို စီမံဆောင်ရွက်ပေးရန် ရပ်ကွက်ပြည်သူများက လိုလားလျက်ရှိကြကြောင်း သိရသည်။

**(ဝ၂၅)**

## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၂၁-၆-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၄၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၆၉၀၈၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၃၄၃၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၇၁၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၂၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၅၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၁၀ |
| ဥရောပ | တစ်ယူရို | ၁၂၆၃.၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၃၂.၆၅ |
| ထိုင်း | တစ်ဘတ် | ၃၂.၉၉၂ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၄၃၉ |
| တရုတ် | တစ်ယွမ် | ၁၇၈.၈၁ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၉.၄၃ |

ခင်ရတနာ-စုစည်းသည်။

## မြန်မာ့စီးပွားရေးဘဏ် ဇီးကုန်းဘဏ်ခွဲဖွင့်

**ဇီးကုန်း ဇွန် ၂၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ဇီးကုန်းမြို့ မြန်မာ့စီးပွားရေးဘဏ်(ခွဲ) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၈ ရက်က အမှတ်(၂)ရပ်ကွက် ကံကြီးလမ်းရှိ ဘဏ်ရုံးသစ်၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးညဏ်ဝင်းက ဘဏ်ခွဲအဆောက်အအုံ ကမ္ပည်းဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ယင်းနောက်တိုင်း ဒေသကြီး ဘဏ်မန်နေဂျာဦးအေးမိမြိုင်က ဇီးကုန်းမြို့နယ်စီးပွားရေးဘဏ်ခွဲပြောင်းလဲတိုးတက်မှု သမိုင်းကြောင်းနှင့်ပြည်သူ့လွှတ်တော်အစည်းအဝေး၌ ဇီးကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဦးခင်မောင်မြင့်က ဘဏ်ခွဲအသစ်ရရှိရန် တင်ပြတောင်းခံခဲ့ခြင်းအား ရှင်းလင်းတင်ပြသည်။

**ကိုသက်(ဇီးကုန်း)**

# ဒုတိယသမ္မတ ဦးညဏ်ထွန်း ရုရှားနိုင်ငံ မော်စကိုမြို့မှ ပြန်လည်ရောက်ရှိ

**နေပြည်တော် ဇွန် ၂၁**

ရုရှားနိုင်ငံတွင်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ယမန်နေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် မော်စကိုမြို့ရှိ မြန်မာသံရုံး၌ မြန်မာသံရုံး၊ စစ်သံရုံးဝန်ထမ်း မိသားစုဝင်များ၊ ရုရှားနိုင်ငံရောက် ပညာတော်သင်ကျောင်းသားများနှင့် ရင်းနှီးစွာ တွေ့ဆုံနှုတ်ဆက်ခဲ့သည်။

ယင်းနောက် ဒုတိယသမ္မတဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မော်စကိုမြို့ ဒိုမိုဒီဒိုဗိုလေဆိပ်မှ လေကြောင်းခရီးဖြင့် မြန်မာနိုင်ငံသို့ ပြန်လည်ထွက်ခွာကြရာ လေဆိပ်သို့ ရုရှားနိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး ဦးတင်ယုနှင့် သံရုံး၊ စစ်သံရုံးမှတာဝန်ရှိသူများက လိုက်လံပို့ဆောင်နှုတ်ဆက်ကြသည်။

ဒုတိယသမ္မတဦးဆောင်သောကိုယ်စားလှယ်အဖွဲ့သည် ယနေ့နံနက် ၉ နာရီခွဲတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိကြရာ လေဆိပ်၌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားသံအမတ်ကြီး မစ္စတာဗက်စလီဘီပိုစပယ်လော့ဖ်နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**



**ဒုတိယသမ္မတ ဦးညဏ်ထွန်းအား ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ ကြိုဆိုနှုတ်ဆက်စဉ်။**
(သတင်းစဉ်)

# ဒေသတည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေး တပ်မတော်၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်

နေပြည်တော် ဇွန် ၂၁

**ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေးအုပ်ချုပ်မှု အထောက်အကူပြုကော်မတီဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းနှင့်အဖွဲ့ဝင်များသည် ဇွန် ၂၀ ရက် နံနက်ပိုင်းက လားရှိုးမြို့သို့ရောက်ရှိပြီး တပ်မတော်ရဟတ်ယာဉ်ဖြင့် ဆက်လက်ထွက်ခွာရာ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လောက်ကိုင်မြို့သို့ ရောက်ရှိကြသည်။**



ယင်းနောက် လောက်ကိုင်မြို့ရှိ မြို့တော်ခန်းမ၌ ပြည်ထောင်စုအစိုးရအဖွဲ့မှ ထောက်ပံ့ပစ္စည်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်သည်။

အခမ်းအနားတွင် ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်းက ဒေသတစ်ခုဖွံ့ဖြိုးတိုးတက်ရန်အတွက် တည်ငြိမ်အေးချမ်းရေးသည် အလွန်အရေးကြီးသည့်အတွက် အစိုးရသစ်တာဝန်ယူချိန်ကစပြီး တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်နိုင်စေရန် တည်ငြိမ်အေးချမ်းမှုရရှိစေရေး အလေးထားဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တည်ဆဲဥပဒေများကို လေးစားလိုက်နာကြရမည်ဖြစ်ပြီး ၎င်းအချက်သည် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီထူထောင်သည့်နေရာတွင် အရေးပါသည့်အချက်လည်းဖြစ်ပါကြောင်း။

လက်ရှိ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၏ အခြေအနေကို ပြန်ကြည့်မည်ဆိုလျှင် ကိုးကန့်သောင်းကျန်းသူအဖွဲ့၏ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် ဒေသတွင်းတည်ငြိမ်အေးချမ်းမှု ပျက်ပြားကာ ဒေသခံပြည်သူများ၏ အသက်အိုးအိမ်များပျက်စီးခဲ့ရပြီး ဒုက္ခမျိုးစုံကြုံတွေ့ခဲ့ရပါကြောင်း။

မိမိတို့အစိုးရအနေဖြင့် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးကို ဆောင်ရွက်နေသကဲ့သို့ နေရပ်ကိုပြန်လာကြသည့် ကိုးကန့်ဒေသခံပြည်သူများအတွက် လိုအပ်သည့် ကူညီထောက်ပံ့မှုများကို ဆောင်ရွက်ပေးနိုင်ရန်အတွက် အုပ်ချုပ်မှုအထောက်အကူပြု ကော်မတီကိုဖွဲ့စည်းတာဝန်ပေးအပ်ပြီး ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေးနှင့် လူမှုစီးပွားအခြေအနေများကို ပြန်လည်ထူထောင်နိုင်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်ပြီး ဆောင်ရွက်စေခဲ့ပါကြောင်း၊ မိမိတို့ ကော်မတီအနေဖြင့် ဒေသပြန်လည်ထူထောင်ရေးလုပ်ငန်းများအပြင် နေရပ်ကိုပြန်လာကြသည့် နိုင်ငံသားတိုင်းရင်းသားပြည်သူများ၏ စားဝတ်နေရေး အခြေအနေအရပ်ရပ်ကို ပြန်လည်ဖြည့်ဆည်းပေးလျက်ရှိရာတွင် အမှန်တကယ်လိုအပ်ချက်များကို လက်တွေ့စစ်ဆေးကြည့်ရှုပြီး ပိုမိုထိရောက်သည့်နည်းလမ်းများဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ကိုးကန့်ဒေသခံပြည်သူများအနေဖြင့် မိမိတို့ဒေသ တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ယူ ဆောင်ရွက်လျက်ရှိကြသည့် တပ်မတော်၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ပူးပေါင်းပြီး ဝိုင်းဝန်း ဆောင်ရွက်သွားကြရန် တိုက်တွန်းကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်ပြီး ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှထွန်း၊ ဒုတိယဥက္ကဋ္ဌ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်၊ အတွင်းရေးမှူး လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဘုန်းဆွေတို့က ထောက်ပံ့ရေးပစ္စည်းများကို ပေးအပ်ကြရာ ဒေသခံပြည်သူတစ်ဦးစီမှ လက်ခံရယူပြီး ဒေသခံရပ်မိရပ်ဖတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့သည် ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ ဒေသခံမြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ရာ ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ၊ စစ်အုပ်ချုပ်ရေးဒေသမှူး ဗိုလ်မှူးကြီး စောမြင့်ဦးက စစ်အုပ်ချုပ်ရေး ကာလအတွင်း လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြပြီး ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍများအလိုက် အသေးစိတ် ပြန်လည်ဆွေးနွေးရာ ကော်မတီဥက္ကဋ္ဌက မိမိတို့ ပြည်ထောင်စုကြီးအနေဖြင့် ခေတ်အဆက်ဆက် မျှော်မှန်းခဲ့ကြသော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဘက်စုံ အခြေအနေကောင်းများကို တည်ဆောက်ကာ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် အခြေအနေသို့ ရောက်ရှိနိုင်ရန်အတွက် အမျိုးသားစည်းလုံးညီညွတ်ရေးသည် အရေးကြီးဆုံးဖြစ်ကြောင်း အုပ်ချုပ်မှုပိုင်းဆိုင်ရာ လုပ်ငန်းစဉ်များ ကောင်းမွန်စွာ ပြန်လည်တိုးတက်လာရေးအတွက် ဒေသခံပြည်သူများကလည်း ပူးပေါင်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားပြီး တင်ပြချက်များအပေါ် ညှိနှိုင်းဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ကိုးကန့်အထက်တန်းကျောင်းဝင်းတွင် **(အပေါ်ဝဲပုံ)** မိမိတို့၏နေရပ်အသီးသီးသို့ ပြန်လည်ဝင်ရောက်လာသော ကိုးကန့်ဒေသခံပြည်သူများအား ထောက်ပံ့ရေးပစ္စည်းလှူဒါန်းပွဲသို့ တက်ရောက်ပြီး ထောက်ပံ့ရေးပစ္စည်းများပေးအပ်ကာ ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးသည်။

ထို့နောက် မြန်မာ-တရုတ်နယ်စပ် ရန်လုံကျိုင်းဂိတ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး ဝင်/ထွက်မှု အခြေအနေများကို လေ့လာခဲ့သည်။ ဆက်လက်၍ တပ်မတော်ဆေးရုံ၌ ဆေးကုသမှုခံယူနေသော တပ်မတော်သားများအား သွားရောက်ကြည့်ရှုအားပေးစကား ပြောကြားခဲ့ပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်သည်။

ဇွန် ၂၁ ရက် နံနက်ပိုင်းတွင် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ တပ်မတော်ဆေးရုံတွင် တက်ရောက်ကုသနေသော ဒဏ်ရာရ အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှုအားပေးပြီး စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများပေးအပ်ခဲ့သည်။ ထို့နောက် ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ရွှေလီရိပ်သာခန်းမ၌ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ၏ လက်ရှိအခြေအနေများနှင့် ရှေ့ဆက်လက်ဆောင်ရွက်မည့် အစီအမံများအပေါ် အကျယ်တဝင့် ဆွေးနွေးကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ခဲ့သည်။

ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေး အုပ်ချုပ်မှုအထောက်အကူပြုကော်မတီအနေဖြင့် ကော်မတီရုံးစတင်ဖွင့်လှစ်သည့်နေ့မှစ၍ ဇွန် ၁၉ ရက်အထိ ဆန်အိတ် ၇၀၈၀၊ ဆီပိဿာ ၂၉၀၀၊ ကုလားပဲ ပိဿာ ၂၂၅၀၀ နှင့် အခြေခံစားကုန်များ၊ လူသုံးကုန်ပစ္စည်းများ စုစုပေါင်းငွေကျပ် ၂၂၁၉ သိန်းခန့်ရှိ စားသောက်ကုန် ပစ္စည်းများကို စစ်ဘေးရှောင် ကိုးကန့်ဒေသခံပြည်သူများထံသို့ ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်သည်။

ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေးအတွက် အလှူငွေများ လှူဒါန်းလိုပါက ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပြန်လည်ထူထောင်ရေး အုပ်ချုပ်မှု အထောက်အကူပြု ကော်မတီအတွင်းရေးမှူး ဦးဘုန်းဆွေ၊ ဒုတိယဝန်ကြီး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန (ဖုန်းအမှတ်-၀၉-၅၀၅၂၃၅၂) ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ဗြိတိန်၏ ဥရောပသမဂ္ဂ ပြုပြင်ပြောင်းလဲရေးအပေါ် ကန့်သတ်ချက်များထားရှိရန် မာကယ်တိုက်တွန်း

**ဘာလင် ဇွန် ၂၁**

လွတ်လပ်စွာပြုမူ လှုပ်ရှားခွင့်နှင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေး စည်းမျဉ်းနည်းလမ်းများသည် ဥရောပသမဂ္ဂ၏ လုပ်ဆောင်ဖွယ်ရှိသည့် ပြုပြင်ပြောင်းလဲရေးတွင် မေးခွန်းထုတ်စရာမလိုလောက်အောင် ပြည့်စုံခဲ့ပြီဟု ဂျာမနီဝန်ကြီးချုပ် အိန်ဂျလာ မာကယ်က စနေနေ့၌ ပြောခဲ့သည်။

မာကယ်သည် လာမည့်သီတင်းပတ်တွင် ဗြိတိန်ဘုရင်မကြီး အဲလိဇဘက်၊ ဝန်ကြီးချုပ် ဒေးဗစ် ကင်မရွန်းတို့နှင့်တွေ့ဆုံရန် စီစဉ်ထားသည်။

ယနေ့ဂျာမနီနှင့် ဗြိတိန်နှစ်နိုင်ငံ ဆက်ဆံရေးသည် အထူးတလည် ကောင်းမွန်ကြောင်း၊ ဥရောပသမဂ္ဂ နိုင်ငံများတွင် မိတ်ဖက်နိုင်ငံများဖြစ်ကြောင်း၊ နိုင်ငံရေးသဘောတရားများတွင်လည်း တူညီသည့်အချက်များစွာရှိကြောင်း မာကယ်က သူ၏ အပတ်စဉ် ဗီဒီယိုထုတ်လွှင့်မှုတွင် ပြောကြားခဲ့သည်။

ဗြိတိန်နိုင်ငံကို ဥရောပသမဂ္ဂ၏ အစိတ်အပိုင်းတစ်ခုအဖြစ် ရှိနေခြင်းကိုလည်း ၄င်းအနေဖြင့် လက်သင့်ခံကြောင်း ထပ်လောင်းပြောကြားခဲ့သည်။

ဥရောပသမဂ္ဂပြုပြင်ပြောင်းလဲမှုများနှင့်ပတ်သက်၍ ပြောကြားသော မိန့်ခွန်းတွင် မာကယ်က ဂျာမနီနှင့် ဗြိတိန်နိုင်ငံတို့တွင် တူညီသောအချက်များရှိကြောင်း၊ ဥပမာအနေဖြင့် ဗျူရိုကရေစီစနစ် လျှော့ချရေးနှင့် လူမှုအကြမ်းဖက်မှု ပြဿနာများတွင် တူညီသော်လည်းနှစ်နိုင်ငံတွင် အချို့ကိစ္စရပ်များ၌ မတူကွဲပြားသော အမြင်များရှိကြောင်း ဖော်ပြခဲ့သည်။

ဂျာမနီဝန်ကြီးချုပ်သည် ဗြိတိန်၏ ပြုပြင်ပြောင်းလဲရေး စိတ်ကူးများအပေါ် သဘောထားအမြင်များကို ပွင့်ပွင့်လင်းလင်းဖော်ပြခဲ့သော်လည်း ကန့်သတ်မှုများထားရှိရန် အခိုင်အမာ ပြောဆိုခဲ့သည်။ **(ဆင်ဟွာ)**

# အပြည်ပြည်ဆိုင်ရာ ယောဂနေ့ အိန္ဒိယတစ်ဝန်းကျင်းပ

**နယူးဒေလီ ဇွန် ၂၁**

အိန္ဒိယဝန်ကြီးချုပ် နရိန္ဒြာ မိုဒီသည် မြို့တော် နယူးဒေလီ၌ ပထမဆုံးအကြိမ် ကျင်းပသည့် အပြည်ပြည်ဆိုင်ရာ ယောဂနေ့ အခမ်းအနားသို့ တက်ရောက်ကာ ထောင်ပေါင်းများစွာသော ပရိသတ်များကို ဦးဆောင်ကာ ယောဂကျင့်စဉ် ပြုလုပ်ခဲ့သည်။



မိုဒီသည် ကျောင်းသား ကျောင်းသူများ၊ အစိုးရဝန်ထမ်းများနှင့် တပ်ဖွဲ့ဝင်များ ပါဝင်သော လူပေါင်း ၃၅၀၀၀ နှင့်အတူ အဆိုပါ အသက်ရှူလေ့ကျင့်ခန်းများ ပြုလုပ်ခဲ့သည်။

အဆိုပါ အခမ်းအနားပြုလုပ်ရန် တနင်္ဂနွေနေ့ ညပိုင်းကတည်းက လုံခြုံရေးတင်းကျပ် ထားပြီး ထောင်ပေါင်းများစွာသော တပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့ဝင်များ မြို့တော် တစ်ဝန်း ဖြန့်ကြက်ချထားခဲ့သည်။

အိန္ဒိယနိုင်ငံ၏ မြို့ကြီးမြို့ငယ်ရာနှင့်ချီ၍ အလားတူ အခမ်းအနားများ နိုင်ငံတစ်ဝန်းကျင်းပမည်ဟု သိရသည်။ ကုလသမဂ္ဂက ဇွန် ၂၁ ရက်ကို အပြည်ပြည်ဆိုင်ရာ ယောဂနေ့အဖြစ်သတ်မှတ်ခဲ့ပြီးနောက် ယခုကဲ့သို့ ပထမဆုံး အကြိမ်အဖြစ် ကျင်းပခဲ့ခြင်းဖြစ်သည်ဟု ဆိုသည်။ **(ရိုက်တာ)**

# ရေဘေး အာမခံအတွက် အမေရိကန်အစိုးရဆောင်ရွက်ချက် လွဲချော်မှုများစွာရှိနေ

**ဝါရှင်တန် ဇွန် ၂၁**



အငြင်းပွားဖွယ်ရေဘေးအာမခံအတွက် အမေရိကန်အစိုးရ၏မေတ္တာရပ်ခံချက်များသည် ချွတ်ယွင်းချက်များနှင့် ပြည့်နှက်နေကြောင်း၊ ရေဘေးဒုက္ခသည်များကို အာမခံကုမ္ပဏီများက စနစ်တကျငွေလျှော်ပေးချေမှုနှင့် ပတ်သက်ပြီး သက်သေအထောက်အထားများမရှိကြောင်း အမေရိကန်လွှတ်တော်၏ စုံစမ်းစစ်ဆေးမှုက ဖော်ပြသည်။

စုံစမ်းစစ်ဆေးသူများသည် ၄င်းတို့၏ ရှာဖွေတွေ့ရှိချက်များကို ကော်မတီအဖွဲ့များသို့ ဇွန် ၂၀ ရက်က တင်ပြခဲ့သည်။

နောက်ဆုံးအစီရင်ခံစာကို ဇွန် ၂၃ ရက်နေ့တွင် ထုတ်ပြန်ကြေညာမည်ဖြစ်ပြီး အများပြည်သူကြားနာမှုကို ဇွန် ၂၄ရက်နေ့တွင် ပြုလုပ်မည်ဖြစ်သည်။

၂၀၁၂ ခုနှစ် အတ္တလန္တိတ် ဟာရီကိန်း စန်ဒီမုန်တိုင်းတွင် အပျက်အစီးတန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၈ ဘီလီယံဖိုး ဆုံးရှုံးခဲ့သည့် ဒုက္ခသည်များကို အာမခံငွေလျှော်ပေးချေမှုကြောင့် ၁၄၄၄၈၄ ဦး ရေဘေးအာမခံအပေါ် မကျေနပ်မှုများနှင့် ကျယ်ကျယ်ပြန့်ပြန့် စွပ်စွဲချက်များက လွှတ်တော်ဘဏ္ဍာရေးကော်မတီ၏ စုံစမ်းမှုများကို အရှိန်မြှင့်ပေးလိုက်သကဲ့သို့ဖြစ်သည်။ နယူးယောက်နှင့်နယူးဂျာစီပြည်နယ် ရှေ့နေချုပ်များနှင့် အိမ်ရာလုံခြုံရေးဌာန စုံစမ်းရေးမှူးချုပ်တို့သည် ပြစ်မှုဆိုင်ရာစုံစမ်းမှုများကို ဆောင်ရွက်နေသည်။ စုံစမ်းတွေ့ရှိမှုများက ဒုက္ခသည်များ၏ တိကျသော စွပ်စွဲမှုများကို ဆန်းစစ်မှု မလုပ်နိုင်ကြောင်း၊ ၄င်းတွေ့ရှိချက်များက ရေဘေးအာမခံ အစီအစဉ်၏ ဖွဲ့စည်းပုံနှင့် စီမံခန့်ခွဲမှုကို ဦးတည်ချက်ထား ဆောင်ရွက်နေကြောင်း သိရသည်။ **(ရိုက်တာ)**

# မားစ်ရောဂါကူးစက်မှုသုံးမှု ထပ်မံတွေ့ရှိကြောင်း တောင်ကိုရီးယားပြောကြား



**ဗန်ကောက် ဇွန် ၂၁**

အရှေ့အလယ်ပိုင်း အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ(မားစ်) ရောဂါကူးစက်မှုသုံးမှု အသစ်ထပ်မံတွေ့ရှိ ခဲ့ကြောင်း တောင်ကိုရီးယားက တနင်္ဂနွေနေ့က သတင်းပေးပို့ခဲ့ပြီး ထိုင်းနိုင်ငံကမူ ရောဂါထပ်မံကူးစက်မှု မရှိကြောင်း ပြောကြားသည်။

တောင်ကိုရီးယား၌ ၂၅ယောက်မြောက်လူနာမှာ သေဆုံးသွားခဲ့ပြီး ၄င်းသည် နှလုံးရောဂါနှင့် ဆီးချိုရောဂါကိုပါ ခံစားနေရသည်ဟု တောင်ကိုရီးယား ကျန်းမာရေးဝန်ကြီးဌာနက စနေနေ့ နှောင်းပိုင်းက ပြောသည်။ မေ ၂၀ ရက်နေ့က ရောဂါဖြစ်ပွားမှုကို အတည်ပြုခဲ့ပြီး ဖြစ်ပွားမှုနှုန်း လျော့ နည်းသွားကြောင်း သောကြာနေ့က ပြောခဲ့သည်။

ပြီးခဲ့သောသီတင်းပတ်က ပထမဆုံးအကြိမ်အဖြစ် ရောဂါဖြစ်ပွားမှုကို တွေ့ရှိခဲ့သော ထိုင်းနိုင်ငံ၌မူ အဆိုပါ ရောဂါဖြစ်ပွားသူနှင့် လူပေါင်း ၁၇၅ ဦး ထိတွေ့ပတ်သက်မှုရှိခဲ့သော်လည်း ရောဂါကူးစက်ခြင်း မရှိသေးကြောင်း သိရသည်။ မြို့တော်ဗန်ကောက်သည် ဒေသတွင်းရှိ လေကြောင်းဆိုင်ရာ ဗဟိုချက်မနေရာတစ်ခုဖြစ်ပြီး နိုင်ငံ၏စီးပွားရေး ၁၀ ရာခိုင်နှုန်းသည် ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသည်။ ထိုင်းခရီးသွားဝန်ကြီးကမူ ခရီးသွားလုပ်ငန်းကို ထိခိုက်မှု မရှိကြောင်း ပြောခဲ့သည်။

လူသားများတွင် ဖြစ်ပွားသော မားစ်ရောဂါကို ၂၀၁၂ ခုနှစ်က ဆော်ဒီအာရေဗျ၌ တွေ့ရှိခဲ့ပြီး အရှေ့အလယ်ပိုင်း ဒေသများ၌ အဓိက ဖြစ်ပွားကြောင်း သိရသည်။ ရောဂါပိုး၏မူလအစကို သိပ္ပံပညာရှင်များက အတိအကျ မသိသေးသော်လည်း လေ့လာမှုများအရ ကုလားအုတ်များနှင့် ဆက်စပ်မှုရှိကြောင်း သိရသည်။

**(ရိုက်တာ)**

# အာဖဂန်၌ ဗုံးခွဲတိုက်ခိုက်မှု အရပ်သား ၁၄ ဦးသေဆုံး

**လက်ကာဂါ(အာဖဂန်နစ္စတန်) ဇွန် ၂၁**

အာဖဂန်နစ္စတန်နိုင်ငံတောင်ပိုင်း ဟယ်လ်မန်းပြည်နယ်၌ စနေနေ့က ပေါက်ကွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ အရပ်သား ၁၄ ဦး သေဆုံးပြီး ငါးဦး ဒဏ်ရာရရှိသွားခဲ့ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောသည်။

"မာဂျက်ခရိုင်အတွင်း၌ ဖြစ်ပွားတဲ့ ဒီဖြစ်စဉ်က မီနီဘတ်စ်ကားတစ်စီးကို လက်လုပ်ဗုံးနဲ့တိုက်ခိုက်တဲ့ဖြစ်စဉ်ပါ။ ကားပေါ်မှာပါလာတဲ့ ခရီးသည် ၁၄ ဦး သေဆုံးပြီး အခြားငါးဦး ဒဏ်ရာရှိသွားခဲ့ပါတယ်" ဟု ပြည်နယ်အစိုးရပြောရေးဆိုခွင့်ရှိသူ အိုမာဝတ်က ဆင်ဟွာသို့ ပြောသည်။

သေဆုံးသူများတွင် အမျိုးသမီးအချို့နှင့် ကလေးများလည်း ပါဝင်ကြောင်း၊ စုံစမ်းစစ်ဆေးမှုများပြုလုပ်နေကြောင်း အဆိုပါတာဝန်ရှိသူက ထပ်လောင်းပြောကြားသည်။ အဆိုပါတိုက်ခိုက်မှုကို တာဝန်ရှိသူများက တာလီဘန်တို့လက်ချက်ဟု အပြစ်ပြောဆိုလျက်ရှိသည်။

တာလီဘန်တို့အနေဖြင့် တိုက်ခိုက်မှုအများစုကို လက်လုပ်ဗုံးများဖြင့် အသုံးပြု တိုက်ခိုက်လာသည်။ လမ်းဘေးထောင်ဗုံးများသည် လုံခြုံရေးတပ်ဖွဲ့များကို အဓိကပစ်မှတ်ထားတိုက်ခိုက်နေသည့် ဗုံးအမျိုးအစားများဖြစ်သည်။ **(ဆင်ဟွာ)**



# ဒုတိယအကြိမ် မြန်မာ-ဥရောပသမဂ္ဂ(အီးယူ)လူ့အခွင့်အရေးဆွေးနွေးပွဲ ပူးတွဲသတင်းထုတ်ပြန်ချက်



၁ ။ ဒုတိယအကြိမ် မြန်မာ-အီးယူလူ့အခွင့်အရေးဆွေးနွေးပွဲကို (၁၈-၆-၂၀၁၅)ရက်နေ့တွင် နေပြည်တော်၌ပြုလုပ်ခဲ့ပါသည်။ ယင်းဆွေးနွေးပွဲမတိုင်မီ (၁၇-၆-၂၀၁၅)ရက်နေ့တွင် ရန်ကုန်မြို့၌ လူမှုအဖွဲ့အစည်းဖိုရမ်တစ်ရပ် ပြုလုပ်ခဲ့ရာ၊ လူမှုအဖွဲ့အစည်းများနှင့် လူ့အခွင့်အရေးကာကွယ်သူများ တက်ရောက်ခဲ့ပြီး အီးယူနှင့် မြန်မာနိုင်ငံတို့ရှိ လူ့အခွင့်အရေးအခြေအနေများကိုဆွေးနွေးခဲ့ကြပါသည်။ သက်ဆိုင်သူများနှင့်လည်း နှစ်ဖက်ဆွေးနွေးမှုများပြုလုပ်ခဲ့ပါသည်။

၂ ။ ဒုတိယအကြိမ် မြန်မာ-အီးယူ လူ့အခွင့်အရေးဆွေးနွေးပွဲကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ဥရောပသမဂ္ဂ၏ လူ့အခွင့်အရေးဆိုင်ရာအထူးကိုယ်စားလှယ် စတဗ်ရို့စ် လမ်ဘရီနီးဒီးစ်တို့က ဖွင့်လှစ်ပေးခဲ့ပါသည်။ ယင်းဆွေးနွေးပွဲတွင် မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ဦးအောင်လင်းနှင့် ဥရောပသမဂ္ဂကိုယ်စားလှယ်အဖွဲ့ခေါင်းဆောင် သံအမတ်ကြီး ရိုလန်ကိုဘီယာတို့က ပူးတွဲသဘာပတိများအဖြစ်ဆောင်ရွက်ခဲ့ကြပါသည်။ ဆွေးနွေးပွဲဖွင့်ပွဲကို သမ္မတရုံးဝန်ကြီးဌာန(၃) ပြည်ထောင်စုဝန်ကြီးဦးစိုးသိန်းနှင့် သမ္မတရုံးဝန်ကြီးဌာန(၄) ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သော်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်တို့ တက်ရောက်ခဲ့ကြပါသည်။

၃ ။ ဆွေးနွေးပွဲတွင် နိုင်ငံတကာလူ့အခွင့်အရေးစံနှုန်းများနှင့် တူညီသည့် တန်ဖိုးထားရှိမှုများကို အခြေခံ၍ လူ့အခွင့်အရေးနယ်ပယ်တွင် ဆွေးနွေးမှုနှင့်ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဆက်လက် ခိုင်မာစေရန် နှစ်ဖက်လုံး၏ သန္နိဋ္ဌာန်ရှိမှုကို ထပ်လောင်းအတည်ပြုခဲ့ကြပါသည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီကူးပြောင်းမှုနှင့် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းများကို ဆက်လက်အထောက်အကူပြုရန်နှင့် ယင်းတို့ကိုအခြေခံသည့် နှစ်ဖက်ဆက်ဆံရေးပိုမိုနက်ရှိုင်းစေရန် အခိုင်အမာသန္နိဋ္ဌာန်ချထားသည်ကို အီးယူကအလေးထားပြောကြားခဲ့ပါသည်။

၄ ။ လူ့အခွင့်အရေးကိစ္စရပ်များကို တစ်ရက်တာ ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ကြပါသည်။ ယင်းသို့ နှစ်ဖက်လူ့အခွင့်အရေးကိစ္စများ ဆွေးနွေးရာတွင် မြေယာအခွင့်အရေး၊ အလုပ်သမား အခွင့်အရေး၊ ရွှေ့ပြောင်းသွားလာမှုနှင့် ရွှေ့ပြောင်းသွားလာသူများ၏လူ့အခွင့်အရေး၊ ယုံကြည်ချက်ကြောင့် အကျဉ်းကျခံရသူများ၊ ထိန်းသိမ်းရေးစခန်းများ အခြေအနေတိုးတက်ကောင်းမွန်ရေး၊ ခွဲခြားဆက်ဆံမှုမရှိရေး၊ သည်းမခံမှုများတိုက်ဖျက်ရေးဥပဒေမူဘောင်၊ အီးယူနှင့် မြန်မာနိုင်ငံတို့တွင် လူနည်းစုများကို ကာကွယ်ရေးနှင့် နိုင်ငံတကာလူ့အခွင့်အရေးဆွေးနွေးပွဲများတွင် ပူးပေါင်းဆောင်ရွက်ရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ပင်မစာချုပ်များအတည်ပြုရေးတို့ ပါဝင်ခဲ့ပါသည်။ ဆွေးနွေးပွဲတွင် နှစ်ဖက်လုံး၌ လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေး ပိုမိုခိုင်မာစေရန်ကြိုးပမ်းအားထုတ်နေမှုများနှင့် နောက်ဆုံးတိုးတက်မှုများ၊ အလေ့အထကောင်းများကို မျှဝေဖလှယ်ခဲ့ကြပါသည်။

၅ ။ ရွှေ့ပြောင်းသွားလာသူများနှင့်စပ်လျဉ်း၍ မြေထဲပင်လယ်နှင့် ကပ္ပလီပင်လယ်တို့တွင် လတ်တလောဖြစ်ပွားခဲ့သော အဖြစ်အပျက်များမှ သင်ခန်းစာများနှင့်အဓိကစိန်ခေါ်မှုများကို ဆွေးနွေးခဲ့ကြပြီး အသက်ကယ်ဆယ်ရေးနှင့် ထိခိုက်ခံရသူများ၏ လူ့အခွင့်အရေးကာကွယ်ရေး အရေးကြီးကြောင်း သဘောတူညီခဲ့ကြပါသည်။ မူရင်း၊ ကြားခံနှင့် ဦးတည်ရာနိုင်ငံများတွင် လူမှောင်ခိုကူးမှုနှင့် လူကုန်ကူးမှုတိုက်ဖျက်ရေးနှင့် လိုအပ်သော အကူအညီပေးရေးဒေသတွင်း ဦးစီးဦးရွက်ပြုမှုများကို အီးယူကကြိုဆိုအားပေးခဲ့ပါသည်။ စီးပွားရေးနှင့် လူ့အခွင့်အရေး စိုးရိမ်ဖွယ်ရာများအပါအဝင်နိုင်ငံနှင့် ဒေသတွင်း ပုံမှန်မဟုတ်သောရွှေ့ပြောင်းသွားလာမှုများ၏ အကြောင်းရင်းများကို ဖြေရှင်းရန်အရေးကြီးသည်ကို အီးယူကအလေးပေးပြောကြားခဲ့ပါသည်။

၆ ။ အီးယူအဖွဲ့ဝင်နိုင်ငံများရှိ ရိုမာရွှေ့ပြောင်းသွားလာနေထိုင်သူများနှင့် ရခိုင်ပြည်နယ် အခြေအနေတို့ အပါအဝင် လူနည်းစုများကို ခွဲခြားမှုမရှိရေး ကြိုးပမ်းအားထုတ်နေမှုများနှင့် အကာအကွယ်ပေးသည့် ဥပဒေမူဘောင်ဆိုင်ရာ နောက်ဆုံးတိုးတက်မှုများကို နှစ်ဖက်ဆွေးနွေးခဲ့ကြပါသည်။ လူမျိုးနှင့် ဘာသာကာကွယ်ရေးဆိုင်ရာ ဥပဒေကြမ်း(၄)ခုနှင့်စပ်လျဉ်း၍ အီးယူဘက်မှ ဆွေးနွေးခဲ့ပါသည်။ လူ့အခွင့်အရေးသည် အားလုံးအတွက် ငြင်းဆန်၍မရသော အခွင့်အရေးဖြစ်ပြီး မြန်မာနိုင်ငံ၏ နိုင်ငံတကာလူ့အခွင့်အရေး တာဝန်ဝတ္တရားများနှင့် အဆိုပြု ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ စိုးရိမ်မှုရှိကြောင်း အီးယူကထပ်လောင်းပြောကြားခဲ့ပါသည်။ လွတ်လပ်စွာကိုးကွယ်ယုံကြည်ခွင့်အပါအဝင် လူနည်းစုများ၏အခွင့်အရေးများပြည့်ပြည့်ဝဝ ခံစားနိုင်စေရန် သည်းညည်းမခံမှုများ၊ မုန်းတီးစေရေးနှင့် အကြမ်းဖက်ရေးလှုံ့ဆော်မှုများတိုက်ဖျက်ရန် လိုအပ်သည်ကို နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။

၇ ။ မြေယာအခွင့်အရေးများနှင့်စပ်လျဉ်း၍ မြေယာရရှိခွင့်၊ လယ်မြေအနည်းငယ်သာရှိသည့် လယ်သမားများ လယ်ပိုင်ဆိုင်ခွင့်နှင့် လယ်ယာမြေအငြင်းပွားမှုများဖြေရှင်းရန် ထိရောက်သည့် ဥပဒေမူဘောင်တစ်ရပ်ဖြစ်ပေါ်စေရေး အများပြည်သူကို တိုင်ပင်ဆွေးနွေးမှုများသည် အရေးကြီးကြောင်း နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။

၈ ။ အလုပ်သမားအခွင့်အရေးနှင့်စပ်လျဉ်း၍ အီးယူက ၂၀၁၅ ခုနှစ်၊ မေလတွင် ဝင်ရောက် ခဲ့သည့် “အခြေခံအလုပ်သမားအခွင့်အရေးများနှင့် အလေ့အထများ မြှင့်တင်ရေးအစီအစဉ်” မူဘောင်ဖြင့် ပူးပေါင်းဆောင်ရွက်မှုများဆက်လက်ပြုလုပ်ရန် နှစ်ဖက်သန္နိဋ္ဌာန်ချခဲ့ကြပါသည်။ အလုပ်သမားအခွင့်အရေးအတွက် ပိုမိုခိုင်မာသည့်ဥပဒေမူဘောင်နှင့် တာဝန်သိသော ရင်းနှီးမြှုပ်နှံမှုနှင့် ညီတူညီမျှစီးပွားရေးတိုးတက်မှုတို့အတွက် ဥပဒေသက်ရောက်မှု တိုးတက်ရန် လိုအပ်မှုများနှင့်စပ်လျဉ်း၍ နှစ်ဖက်ဆွေးနွေးခဲ့ကြပါသည်။

၉ ။ ယခုနှစ်နှောင်းပိုင်းတွင် ရွေးကောက်ပွဲများပြုလုပ်မည်ဖြစ်ရာ ၂၀၁၅ ခုနှစ်သည် မြန်မာ နိုင်ငံ၏ ဒီမိုကရေစီလုပ်ငန်းစဉ်တွင် သမိုင်းဝင်နှစ်တစ်နှစ်ဖြစ်မည်ကို နှစ်ဖက်ကိုယ်စားလှယ်များ သဘောတူညီခဲ့ကြပါသည်။ ရွေးကောက်ပွဲများသည် ပွင့်လင်းမြင်သာပြီး အများပါဝင်၍ လက်ခံဖွယ်ဖြစ်ရန် မျှော်လင့်ကြောင်း အီးယူကပြောကြားခဲ့ပါသည်။ နိုင်ငံတကာစံနှုန်းများနှင့်အညီ လွတ်လပ်မျှတသည့်ရွေးကောက်ပွဲများပြုလုပ်ရန် မမှိတ်မသုန်ဆုံးဖြတ်ထားသည်ကို မြန်မာဘက်က ထပ်လောင်းပြောကြားခဲ့ပါသည်။ ယခုနှစ်နှောင်းပိုင်းတွင် အီးယူရွေးကောက်ပွဲလေ့လာရေးအဖွဲ့စေလွှတ်ရေး ဖြစ်နိုင်ခြေဆန်းစစ်ရန် မကြာသေးမီက ပဏာမအဖွဲ့ စေလွှတ်ခဲ့ခြင်းကို မြန်မာဘက်က အသိအမှတ်ပြုခဲ့ပါသည်။

၁၀။ မြန်မာနှင့်အီးယူတို့သည် နှစ်ဖက်နားလည်မှုနက်ရှိုင်းစေရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များကို ကျယ်ကျယ်ပြန့်ပြန့်ဆွေးနွေးခဲ့ကြပါသည်။ လူ့အခွင့်အရေးနယ်ပယ်တွင် မြန်မာနိုင်ငံနှင့် ကုလသမဂ္ဂလူ့အခွင့်အရေးဆိုင်ရာမဟာမင်းကြီးရုံးတို့ပူးပေါင်းဆောင်ရွက်နေမှုများကို အီးယူကကြိုဆိုပြီး မြန်မာနိုင်ငံတွင် ရုံးဖွင့်လှစ်ရေးခွင့်ပြုရန် အီးယူကပြောကြားခဲ့ပါသည်။

၁၁။ မြန်မာနှင့်အီးယူတို့အကြား ပုံမှန်ဆွေးနွေးရာတွင် လူ့အခွင့်အရေးသည်အဓိက အကြောင်းအရာအဖြစ်ဆက်လက်ပါဝင်နေမည်ဖြစ်ပြီး နောက်တစ်ကြိမ်ဆွေးနွေးပွဲကို ၂၀၁၆ ခုနှစ်တွင် ဘရပ်ဆဲလ်မြို့၌ ပြုလုပ်ရန် နှစ်ဖက်သဘောတူညီခဲ့ကြပါသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန၊**
**နေပြည်တော်။**
**၂၀၁၅ ခုနှစ်၊ ဇွန်လ ၂၁ ရက်**




# နေပြည်တော်တွင် MPT Brand Shop အရောင်းဆိုင်သစ်ဖွင့်လှစ်

**နေပြည်တော် ဇွန် ၂၁**

နေပြည်တော်ကောင်စီနယ်မြေ၌ ပထမဦးဆုံးသော မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း MPT Brand Shop အရောင်းဆိုင်သစ်ဖွင့်လှစ်ပွဲကို နေပြည်တော်မြို့မဈေးပွဲရုံတန်းအမှတ်(ပ/၂၃၂)တွင် ဇွန် ၂၁ ရက် နံနက်ပိုင်းက ကျင်းပသည်။

အဆိုပါဆိုင်မှာ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ပဉ္စမမြောက်ဆိုင်ဖြစ်ပြီး ရန်ကုန်၊ မန္တလေးတွင် ကနဦး ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ အလားတူ Brand Shop အရောင်းဆိုင်များကို အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ဆက်လက်တိုးချဲ့ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်းသိရသည်။

အဆိုပါ MPT Brand Shop များတွင် MPT မှ ထုတ်လုပ်သော ငွေဖြည့်ကတ်များ၊ အီလက်ထရွန်နစ်ငွေဖြည့်ကတ်များ(E-Load) SIM ကတ်များကို တိုက်ရိုက်ရောင်းချပေးသွားမည့်အပြင် မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၏ ဖုန်းများနှင့်ပတ်သက်သော ဝန်ဆောင်မှုများ၊ ADSL အင်တာနက်လိုင်းများလျှောက်ထားမှု၊ Auto Telephoneများ တပ်ဆင်ဆောင်ရွက်ပေးမှု၊ MPT SIM ကတ်ပျောက်ဆုံးမှု/ ပျက်စီးမှုအား ပြန်လည်ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုများ ပါဝင်ကြောင်းသိရသည်။ အဆိုပါ ဝန်ဆောင်မှုများသည် သတ်မှတ်ထားသည့်နှုန်းထားများအတိုင်း တစ်နေရာတည်းမှာပင် အပြီးဆောင်ရွက်ပေးနိုင်ရန် ဖွင့်လှစ်ထားခြင်းဖြစ်သည်။

ဆက်လက်ဖွင့်လှစ်မည့် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များတွင်တစ်နေရာလျှင် ဆိုင်နှစ်ဆိုင်နှုန်းဖွင့်လှစ်သွားမည်ဖြစ်ပြီး ခရိုင်မြို့ကြီးများတွင်ပါ ဆက်လက်ဖွင့်လှစ်ရောင်းချဝန်ဆောင်မှုများ ပေးသွားမည်ဟု သိရသည်။ ကနဦးအနေဖြင့် ရန်ကုန်တိုင်းဒေသကြီးတွင် ငါးဆိုင်၊ မန္တလေးတွင်နှစ်ဆိုင် ဖွင့်လှစ်ရန် စီစဉ်လျက်ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေတွင် အဆိုပါဆိုင်၏ ဝန်ဆောင်မှုများနှင့် Customer Care တို့ကို အသေးစိတ်သိရှိလိုပါက ဖုန်း-၀၆၇-၄၂၂၈၈၄ သို့ ဆက်သွယ် မေးမြန်းနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

# အပြည်ပြည်ဆိုင်ရာအိုလံပစ်နေ့အထိမ်းအမှတ် စားပွဲတင်တင်းနစ်ပြိုင်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၁**

၂၀၁၅ ခုနှစ် အပြည်ပြည်ဆိုင်ရာ အိုလံပစ်နေ့အထိမ်းအမှတ် စားပွဲတင် တင်းနစ်အားကစားပြိုင်ပွဲကို ဇွန် ၂၀ ရက်နံနက် ၉ နာရီက ရန်ကုန်မြို့ ဒဂုံမြို့နယ် ဦးဝိစာရလမ်းရှိ မြန်မာနိုင်ငံ စားပွဲတင်တင်းနစ် အဖွဲ့ချုပ်အားကစားခန်းမ၌ကျင်းပသည်။

ပြိုင်ပွဲတွင် အပျော်တမ်းတစ်ဦးချင်းပြိုင်ပွဲ(အမျိုးသား၊ အမျိုးသမီး)၊ အသက် ၁၃ နှစ်အောက် အမျိုးသားအမျိုးသမီးပြိုင်ပွဲ၊ အသက် (၁၆)နှစ်အောက် အမျိုးသား အမျိုးသမီးပြိုင်ပွဲ၊ အသက် (၁၉)နှစ်အောက် အမျိုးသား အမျိုးသမီးပြိုင်ပွဲဟူ၍ အမျိုးအစားလေးမျိုး ထည့်သွင်းကျင်းပခဲ့ရာ အပျော်တမ်းတစ်ဦးချင်းပြိုင်ပွဲတွင် ပထမ စိုးမင်းဦး၊ ဒုတိယ တင်မောင်ရီ၊ တတိယညီညီကျော်၊ အသက် (၁၃) နှစ်အောက် ပြိုင်ပွဲတွင် ပထမ လူမော်ဦး၊ ဒုတိယ ယဉ်ဝေခိုင်၊ တတိယ ဇင်မင်းထက်၊ အသက် (၁၆)နှစ် အောက်ပြိုင်ပွဲတွင် ပထမ တိုနီ၊ ဒုတိယ စွမ်းပြည့်ထွန်း၊ တတိယ မျိုးမြတ်ထင်၊ အသက် (၁၉)နှစ်အောက်ပြိုင်ပွဲတွင် ပထမကျော်ဆန်း၊ ဒုတိယသန်းငွေအောင်နှင့် တတိယဟိန်းကိုကိုလှိုင်တို့ကဆုများအသီးသီးဆွတ်ခူးခဲ့သည်။

ပြိုင်ပွဲတွင် ဆုရအားကစားသမားများအား မြန်မာနိုင်ငံစားပွဲတင် တင်းနစ်အဖွဲ့ချုပ် ဥက္ကဋ္ဌ ဦးကျော်ကျော်နှင့် တာဝန်ရှိအဖွဲ့ဝင်များက ဆုများကို ချီးမြှင့်ပေးခဲ့သည်။ **မောင်စိန်လွင်**



# အပြောစကားပြေ အစဉ်အလာ(၄)

မောင်ခင်မင်(ဓနုဖြူ)

"ခင်ဗျားဆီမလာခင် အိမ်မှာ စာအုပ်တစ်အုပ်ကြည့်ခဲ့သေးတယ်။ အဖေ့စာအုပ်ဗီရိုထဲကတွေ့တာ။ လယ်တီပဏ္ဍိတ ဦးမောင်ကြီးရေးတဲ့ 'သာဓုသုန္ဒရီယပ်လှဲတရားစာ' တဲ့ဗျ"

"အင်း. . . ဆိုပါဦး"

"အဲဒီစာအုပ်မှာ ဘုန်းတော်ကြီးတရားဟောတဲ့ပုံစံမျိုး ရေးထားတာလေ။ အပြောစကားဟန်နဲ့ပေါ့ဗျာ။ လယ်တီပဏ္ဍိတဦးမောင်ကြီးလို စာပေကျမ်းဂန်နှံ့စပ်ပြီး စာသံ ပေသံနဲ့အရေးများတဲ့ပုဂ္ဂိုလ်ကြီးတောင် တရားဟောစာကျတော့ အပြောဟန်နဲ့ ရေးတာကြည့်ရင် အပြောစကားပြေကို ဆီလျော်တဲ့နေရာမှာ သုံးတယ်ဆိုတာ ထင်ရှားတာပေါ့ဗျာ"

"မှန်ပါတယ်။ ဆရာကြီးရွှေဥဒေါင်းဆိုရင်လည်း လောကုတ္တရာ ဆွေးနွေးခန်းတွေ ရေးတော့ အပြောစကားပြေနဲ့ရေးတာပါပဲဗျာ"

"သြော်. . . ဆရာကြီးရွှေဥဒေါင်း ရေးဖူးတာတစ်ခုကို သတိရလို့။ ဆရာကြီးက ဘယ်လိုရေးသလဲဆိုရင် ဆရာကြီးဟာ တစ်ခါတစ်ခါ 'ရေးစကားလုံး' ထက် 'ပြောစကားလုံး' က ပိုပြီးထိရောက်တောက်ပြောင်တာကိုတွေ့တဲ့အခါ 'ပြောစကားလုံး' ဆိုပြီး မရေးဘဲ ကော်မာကလေးတွေ ပိတ်ပြီး သုံးလေ့ရှိပါတယ်တဲ့ဗျ"

"ထိရောက်မှုကို ပဓာနထားတဲ့ဆရာကြီးရဲ့ သဘောထားပေါ့ဗျာ။ အဲဒီလိုပဲ တခြားဆရာကြီးတွေလည်း အပြောစကားပြေကို ဆီလျော်ရာရာ သုံးတတ်ကြပါတယ်။ ဥပမာ ဆရာဇဝနရဲ့ 'ဦးလေးပြောမယ်' ဆိုတဲ့ ဆောင်းပါးတွေဆိုရင် အပြောဟန်နဲ့ ရေးထားတာပဲလေ"

"ဟုတ်ပါပြီ။ ဒါထက် ၁၉၆၅ ခုနှစ်လောက်တုန်းက အခုတို့ဆွေးနွေးကြသလိုပဲ အပြောစကားဟန်နဲ့ရေးကြဖို့ အထက်ဗမာနိုင်ငံ စာရေးဆရာအသင်းက နှိုးဆော်ခဲ့ဖူးတယ်မဟုတ်လား"

"ဟုတ်ပါတယ်။ မန္တလေးမှာ စာဆိုတော်နေ့အထိမ်းအမှတ်အဖြစ်ကျင်းပတဲ့ ဆွေးနွေးပွဲမှာ 'ဗမာစာပေအရေးအသား'ဆိုတဲ့စာတမ်းနဲ့ နှိုးဆော်ခဲ့တာပါ။ အဲဒီမှာတော့ စာထဲမှာကျန်ခဲ့တဲ့ ဂန္ထဝင်ဗမာစကားကို မသုံးဘဲ ဒီနေ့ခေတ်မှာသုံးနေတဲ့ ခေတ်သုံးဗမာစကားနဲ့ရေးကြဖို့ နှိုးဆော်တာပါပဲ။ ခေတ်သုံးဗမာစကားနဲ့ရေးဖို့ဆိုတာ အခုခေတ်မှာ ပြောဆိုသုံးနှုန်းနေတဲ့ အပြောဟန်အတိုင်းရေးဖို့ကို ဆိုလိုတာပေါ့"

မှာပေါ့ကွာ"

"အခုဆိုရင် အဲဒီဆွေးနွေးချက်ဟာ နှစ် ၅၀ တောင် ရှိနေပါပြီဗျာ။ အရောင်ဆိုးပြီးမြင်တဲ့အမြင်မျိုးလည်း မရှိတော့သလောက်ပါပဲ။ အပြောဟန်နဲ့ရေးတဲ့စာတွေလည်း တိုးပွားလာတာ တော်တော်အားကောင်းနေပြီ မဟုတ်လား"

"အခု ကျွန်တော်တို့ ဆွေးနွေးနေတာက ဘာသာစကားရဲ့ ပြောင်းလဲတတ်တဲ့သဘောကို မူတည်ဆွေးနွေးတာပါ။ ဘာအခွဲမှ မပါပါဘူးဆိုတာ ကျွန်တော်တို့ အားလုံးအသိပဲလေ"

"အပြောစကားနဲ့ရေးတဲ့ အရေးအသားတွေ ပိုပြီးဖွံ့ဖြိုးလာတာ သဘာဝပါပဲဗျာ။ လက်ရှိပြောဆိုရေးသားနေတဲ့စကားဆိုတော့ အသက်ဝင်နေတာမို့ သုံးရတာ ပိုပြီးထိရောက်တာပေါ့။ ဒါပေမယ့် စာထဲမှာကျန်ခဲ့တဲ့ အရေးစကားပြေကိုလည်း ယဉ်ကျေးမှုအစဉ်အလာအဖြစ် လေးလေးစားစား ထိန်းသိမ်းရမှာပဲလေ။ ပစ်ပစ်ခါခါလုပ်လို့ ဘယ်ဖြစ်မှာလဲဗျာ"

"ဒီတော့ တစ်ဖက်က အရေးစကားပြေကို ထိန်းသိမ်းပြီး တစ်ဖက်က အပြောစကားပြေကိုလည်း ပိုပြီးဖွံ့ဖြိုးအောင်ကြိုးစားကြရမှာပေါ့ဗျာ။ အဲ. . . အပြောစကားပြေကို အရေးစကားပြေက ယှဉ်လို့မရတဲ့ အချက်တစ်ချက်ရှိတယ်ဗျ"

"ဘာပါလိမ့်ကွာ"

"အပြောစကားပြေကို ပြောရာမှာလည်း သုံးနိုင်တယ်။ စာနဲ့ ရေးသားရာမှာလည်း အပြောစကားပြေဟန်အတိုင်း ချရေးနိုင်တယ်လေ။ ဒါပေမယ့် အရေးစကားပြေကတော့ စာနဲ့ချရေးလို့ပဲရမယ်။ အရေးစကားပြေဟန်နဲ့ စကားပြောလို့မရဘူးဗျ။"

" ရှင်းပြစမ်းပါဦး"

" ဒီလိုလေ။ 'ကျွန်တော်တို့ စကားပြေအကြောင်း ဆွေးနွေးကြရအောင်'၊ 'အေး ဆွေးနွေးတာပေါ့' ဆိုတဲ့ အပြောစကားပြေကို ပါးစပ်ကပြောလို့လည်း ရတယ်၊ စာနဲ့ချရေးလို့လည်း ရတယ်မဟုတ်လား"

" ဟုတ်တယ်လေ"

" ကဲ . . အရေးစကားပြေသုံးပြီး 'ကျွန်ုပ်တို့သည် စကားပြေအကြောင်း ဆွေးနွေးကြကုန်အံ့'၊ 'မှန်၏။ ယခုပင် ဆွေးနွေးကြမည်' ဆိုတဲ့ဟန်မျိုး

> လက်ရှိပြောဆိုရေးသားနေတဲ့စကားဆိုတော့ အသက်ဝင်နေတာမို့ သုံးရတာ ပိုပြီးထိရောက်တာပေါ့။ ဒါပေမယ့် စာထဲမှာကျန်ခဲ့တဲ့ အရေးစကားပြေကိုလည်း ယဉ်ကျေးမှုအစဉ်အလာအဖြစ် လေးလေးစားစား ထိန်းသိမ်းရမှာပဲ

"တော်တော်လည်း ဂယက်ရိုက်သွားတယ်ထင်တယ်နော်"

"ဟုတ်ပါတယ်။ စာတမ်းပြုစုသူတွေကတော့ အကျိုးသင့်အကြောင်းသင့် စနစ်တကျတင်ပြတာပါပဲ။ ဒါပေမယ့် အမျိုးမျိုးတုံ့ပြန်ကြတာပါပဲ။ ဒီနေ့ ကျွန်တော်တို့ ကြုံရသလိုပဲ စကားပြောသလိုရေးရင် သတ်ပုံတွေပျက်ကုန်မှာပေါ့၊ သဒ္ဒါစည်းကမ်းတွေ ပျက်ကုန်မှာပေါ့လို့ ဆွေးနွေးကြတဲ့သူတွေရှိတယ်။ စာတမ်းပြုစုသူတွေက အဲဒီလို မဟုတ်ပါဘူး။ အသံထွက်အတိုင်းရေးတာမဟုတ်ဘဲ သတ်ပုံအတိုင်းရေးတာပါ။ သဒ္ဒါစည်းကမ်းအတိုင်းရေးတာပါ၊ အပြောမှာ ဒီနေ့သုံးနေတဲ့ စကားဟန်အတိုင်း ရေးရုံပါ၊ မပျက်ပါဘူးလို့ ပြန်ရှင်းပြကြပါတယ်။ ဒါပေမယ့် ဒီရှင်းပြချက်ကို အတော်များများက လက်မခံကြဘူးဗျ"

"တစ်ခုတော့ရှိပါတယ်။ စာတမ်းထဲမှာ စာဟန်ပေဟန်နဲ့ ရေးတဲ့ ရှေးဟောင်းအရေးအသားတွေကို လုံးဝဆက်မသုံးဘဲ ပစ်ပယ်လိုက်ကြဖို့အထိ ပြောတာမျိုးကျတော့ အများလက်ခံနိုင်ဖို့ခက်မယ်ထင်တယ်"

"ဒါတင်မကဘူးကွ။ အဲဒီလိုအပြောဟန်နဲ့ ရေးတဲ့အရေးအသားကို တောထဲက ကွန်မြူနစ်တွေရေးတဲ့ အရေးအသားမျိုးဆိုပြီးတော့ အရောင်ဆိုးပြီး မြင်တဲ့အမြင်ကလည်း တော်တော်ဩဇာကြီးနေတာလေ။ ဒီတော့ အဲဒီ နှိုးဆော်ချက်ဟာ အောင်မြင်သင့်သလောက် မအောင်မြင်ဘူးလို့ဆိုရ

ကျွန်တော်တို့အချင်းချင်းပြောကြရင် ဘေးကကြားတဲ့သူတွေ ရယ်စရာဖြစ်နေမှာပေါ့ဗျာ"

"အေး. . ဟုတ်သားပဲ။ အပြောဟန်အတိုင်းရေးလို့ရပေမယ့် အရေးဟန်အတိုင်းပြောလို့မှမရတာ"

"နောက်တစ်ချက်က အရေးစကားပြေနဲ့ ရေးတဲ့စာတွေမှာတောင် အပြောမှာ သုံးတဲ့စကားတွေ ပါနေတတ်တယ်ဗျ။ ထင်ရှားတဲ့စာရေးဆရာကြီးတွေ ရေးတဲ့စာတွေမှာတောင် အဲဒီသဘောတွေ တွေ့နေရတယ်"

"ဟုတ်လား"

"ဥပမာ- ဟောဒါ ဆရာကြီး မင်းသုဝဏ်ရေးတဲ့ 'အရုဏ်သုံးပါး'ဆိုတဲ့ ဆောင်းပါးထဲက၊ ကျွန်တော်ဖတ်ပြမယ်။ 'ဤခရေပင်ကြီးသည် တန်ခူးလဆီတွင် ပွင့်သည်ဟု ထင်ရပါသည်။ ကောင်းကောင်းမမှတ်မိတော့ပါ' တဲ့။ ' သူပွင့်လျှင် ကျွန်တော်တို့ ညီအစ်ကိုမောင်နှမတစ်တွေ အလုအယက် သူ့ထက်ငါဦးကောက်လေ့ရှိကြပါသည်'တဲ့။ အဲဒီလောက်ကြည့်ရင်ပဲ အပြောစကားဟန်တွေပါတာ တွေ့မှာပါ။ 'တန်ခူးလဆီ' တို့၊ 'ကောင်းကောင်း' တို့၊ 'မောင်နှမတစ်တွေ'တို့လေ။ ဒါကြောင့် ဒီနေ့ အရေးစကားပြေတွေမှာလည်း အပြောဘက်ကို တိမ်းညွတ်တဲ့လက္ခဏာတွေ တွေ့ရတယ်လို့ ပညာရှင်တွေက သုံးသပ်ကြပါတယ်"

"ဟုတ်ပါပြီကွာ"

"နောက်တစ်ချက်က မြန်မာကလေးတွေ မြန်မာစကားကို အိမ်မှာတစ်မျိုး ကျောင်းမှာတစ်မျိုး သုံးနေရတဲ့ပြဿနာပဲဗျ"

"ဘယ်လိုပါလိမ့်"

"ကျောင်းစနေတဲ့ သူငယ်တန်းကျောင်းသားဆိုပါတော့ဗျာ။ အိမ်မှာ မြန်မာစကားပြောတော့ 'သားသားဆာတယ်၊ မုန့်စားမယ်' ဆိုတာမျိုး အပြောစကားနဲ့ ပြောတာ၊ ကျောင်းရောက်လို့ မြန်မာစာလည်းသင်ရော 'သားသားဆာသည်၊ မုန့်စားမည်' ဆိုတာမျိုး စာစကားနဲ့ သင်နေရရော မဟုတ်လား"

"ဟုတ်မယ်ထင်တယ်"

"ထင်တာ မဟုတ်ဘူး၊ တကယ် အဲဒီလိုဖြစ်နေတာ။ သူငယ်တန်းဖတ်စာကိုပဲကြည့်။ စကတည်းက အိမ်မှာမပြောတဲ့စာစကားတွေ စသင်နေရပြီ။ 'အရီးလာသည်' တဲ့၊ 'ဤခရီး နီးသလား'တဲ့၊ 'ငါးနာရီလာရ၏' တဲ့။ 'သည်တို့၊ ဤတို့၊ ၏တို့' စာစကားတွေဖတ်နေရပြီ။ ကလေးက သူပြောတဲ့စကားနဲ့မတူတဲ့ အဲဒီစာတွေကို ကျောင်းစာအဖြစ်ပဲ နားလည်ပြီး ကျက်နေရရောလေ"

" ဒီတော့ "

"တကယ်လို့သာ အဲဒီဖတ်စာမှာ 'အရီးလာတယ်'၊ 'ဒီခရီးနီးသလား'၊ 'ငါးနာရီလာရတယ်' ဆိုတာမျိုး အပြောစကားနဲ့သာဆိုရင် ကလေးက ချက်ချင်းနားလည်ပြီး မှတ်ရတာလည်း ပိုလွယ်မယ်မဟုတ်လား"

"ဟုတ်တာပေါ့"

"ဒီတော့ ကလေးတွေ ကျောင်းနေစမှာ ဖတ်ရတဲ့ဖတ်စာတွေကို အပြောစကားပြေနဲ့ရေးရင် ကလေးက ချက်ချင်းနားလည်သဘောပေါက်မှာပဲလေ။ အတန်းနည်းနည်းကြီးလာမှ 'သည်'၊ 'တို့'၊ '၏' တို့ကို စာစကားတွေသင်ပေးရင် စာဖတ်တတ်တဲ့ အခြေခံရနေပြီဆိုတော့ ပိုပြီးအဆင်ပြေတာပေါ့ဗျာ"

"စာစကားနဲ့ရေးထားလို့ ကလေးနားမလည်တဲ့ ပြဿနာတစ်ခုပေါ်ဖူးတာ ခုမင်းပြောမှ သတိရတယ်။ ဒုတိယတန်းမှာထင်ပါရဲ့။ ကလေးက သင်္ချာမေးခွန်းတစ်ပုဒ်ကို စာမေးပွဲမှာ မဖြေခဲ့ဘူးတဲ့။ အိမ်ရောက်လို့ အမေက ဘာကြောင့်မဖြေခဲ့တာလဲလို့မေးတော့ ကလေးက မေးခွန်းမှားနေလို့ မဖြေခဲ့တာပါလို့ ဖြေသတဲ့။ မေးခွန်းကို အမေက ဖတ်ကြည့်တော့ 'လိမ္မော်သီး ၁၀ လုံးအနက် ငါးလုံးကိုစားလိုက်သော် ဘယ်နှလုံးကျန်မည်နည်း' လို့ မေးထားတာ၊ အမေက ဘာမှားလို့လဲလို့မေးတော့ ကလေးက မှတ်လောက်သားလောက်ဖြေသတဲ့။ 'လိမ္မော်သီး ၁၀ လုံးအနက်ဆိုတာ မှားတာပေါ့ မေမေရဲ့၊ လိမ္မော်သီးက အဝါပဲ အနက်မှ မဟုတ်တာ၊ ဒါကြောင့် သားမဖြေခဲ့တာပေါ့' လို့ ဖြေတာလေ။ တစ်ချိန်က တကယ်ဖြစ်ခဲ့တာပါ"

"မှတ်လောက်သားလောက်ပဲဗျာ။ အင်း. . . . တကယ်တော့ 'အနက်' ဆိုတဲ့ စာသုံးစကားက ဒုက္ခပေးသွားတာပေါ့။ တကယ်လို့သာ မေးခွန်းကို 'လိမ္မော်သီး ၁၀ လုံးရှိတာ ငါးလုံးစားလိုက်ရင် ဘယ်နှလုံးကျန်မလဲ' လို့ အပြောစကားနဲ့ရေးရင် ဒီ 'အနက်' ပြဿနာပေါ်စရာမရှိဘူးလေ"

"ဒါပေါ့ဗျာ။ အပြောစကားပြေကို တွင်တွင်ကျယ်ကျယ် သုံးဖို့လိုကြောင်း သာဓကတစ်ခုပါပဲ"

"ကျွန်တော်နားမလည်တာက အပြောစကားပြေကို 'စကားပြော' ဆိုပြီး မလိုမလား ဖြစ်နေတဲ့သူတွေဟာ သူတို့ကိုယ်တိုင်တော့ စကားတွေကို နေ့တိုင်းလိုလို တွင်တွင်ပြောနေကြပြီး အင်မတန်အသုံးဝင်တာလည်း သိရဲ့သားနဲ့ အဲဒီစကားတွေကို စာအဖြစ်ရေးတာကျတော့မှ ဘာဖြစ်လို့ မလိုမလားဖြစ်နေကြတာပါလိမ့်ဆိုတဲ့ အချက်ပါပဲဗျာ"


"အင်း. . . ကျွန်တော်တို့ ပြောခဲ့ကြသလို အစဉ်အဆက် စွဲခဲ့ကြတဲ့ အစွဲကြောင့်ပဲဖြစ်ပါလိမ့်မယ်ဗျာ။ အခုဆွေးနွေးလိုက်တော့ အပြောစကားပြေရဲ့ အစဉ်အလာနဲ့ အရေးပါပုံထင်ရှားသွားပါပြီ။ တစ်ဖက်မှာ အရေးစကားပြေကို ဆက်လက်ထိန်းသိမ်းရင်း တစ်ဖက်မှာ အပြောစကားပြေကိုလည်း ထိထိရောက်ရောက် တွင်တွင်ကျယ်ကျယ် သူ့နေရာနဲ့သူသုံးဖို့ လိုတာပါပဲဗျာ"

"အေးကွာ၊ ခုလို မင်းစိတ်ရှည်လက်ရှည် ဆွေးနွေးတာကျေးဇူးပါပဲကွာ"

" ဒီလိုဆိုရင် အပြောစကားပြေအစဉ်အလာအကြောင်း ဆွေးနွေးပွဲ အောင်မြင်စွာ ပြီးစီးပါကြောင်းပေါ့ဗျာ"

# အသည်းကောင်း ဖွဲ့ကောင်းသူများ အနိုင်ယူမည့် မန္တလေး လက်ဝှေ့စိန်ခေါ်ပွဲ




**မန္တလေး ဇွန် ၂၁**

မြန်မာ့ရိုးရာလက်ဝှေ့ပွဲများ ပွဲကျဲနေသည့် မန္တလေးမြို့တွင် ပွဲကြီးပွဲကောင်းတစ်ပွဲကို ဦးသောင်းရွှေ (စွမ်းကေကေ)က စီစဉ်ထားသည်ဟု သိရသည်။ မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်း Green စားသောက်ဆိုင် မြက်ခင်းပြင်၌ ဇွန် ၂၆ ရက် ညနေ ၆ နာရီတွင် မြန်မာ့ရိုးရာလက်ဝှေ့ စိန်ခေါ်ပွဲများကို အားပါးတရကြည့်ရှုရတော့မည် ဖြစ်သည်။

ယှဉ်ပြိုင်ထိုးသတ်မည့် တွဲဆိုင်းများမှာ စောဂေါ်မူတို(သတ္တိ)နှင့် မြနန်းတော် (SKK)၊ ရှမ်းကို (T&T) နှင့် ဖျံသွေး (ဝါဆိုကလပ်)၊ သူရလိပ် (SKK) နှင့် အံပွား(ကောလင်း)၊ ကျန်ကျောင်း (SKK) နှင့် စောသူရိန် (သတ္တိ)၊ မင်းနိုင်ထွန်း (SKK) နှင့် ကျော်ဝင်းအောင် (T&T)၊ ဗိုလ်စိုးအောင် (SKK) နှင့် ရာဇာအောင် (ဝါဆိုကလပ်)၊ မိုးလေး (SKK) နှင့် မိုက်ကယ်မိုး (အမရပူရ)၊ ဇော်ချစ်အောင် (SKK)နှင့် သိန်းစိုး (T&T) နှင့် ညီအသဲတစ်ပွင့် (SKK)နှင့် ဇွဲသတ္တိ(အဏ္ဏဝါ)တို့ အတွဲများ အသည်းကောင်း ဇွဲကောင်းဖြင့် ယှဉ်ပြိုင်ကြမည်ဖြစ်သည်။

မန္တလေးသားမြနန်းတော်သည် ပွဲဝေးနေသဖြင့် ပရိသတ်များ သူ့လက်ရည်ကို ယခုအခါ ကြည့်ရှုရမည်ဖြစ်သကဲ့သို့ ၂၀၁၅ ခုနှစ် ၇၁ ကီလို တန်း ရွှေခါးပတ်ပိုင်ရှင် ဖျံသွေးနှင့် မန္တလေးပရိသတ်အားပေးမှုရရှိထားသည့် ရှမ်းကိုတို့ အတွဲများအဖြစ် ပွဲကြီးပွဲကောင်းများကို ကြည့်ရှုရမည်ဖြစ်သည်။

ရုံဝင်ကြေးမှာ ငွေကျပ်တစ်သောင်းငါးထောင်၊ ငွေကျပ်တစ်သောင်း၊ ငွေကျပ် ငါးထောင်ဖြစ်ကြောင်း သိရသည်။

**ခင်ခင်ဝင်း(ပညာရေး)**

# မန္တလေးတိုင်းဒေသကြီး ဖွံ့ဖြိုးတိုးတက်မှုအရှိန်မြှင့်တင်နိုင်ရေး မြို့နယ်ကော်မတီအဖွဲ့အစည်းများမှ တာဝန်ရှိသူများညှိနှိုင်းဆွေးနွေး

**မန္တလေး ဇွန် ၂၁**

မန္တလေးတိုင်းဒေသကြီး လူမှုစီးပွားဘဝ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် အရှိန်မြှင့်တင်ဆောင်ရွက်သွားနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်ကော်မတီများ၊ အဖွဲ့အစည်းများ၏ စုပေါင်းတွေ့ဆုံညှိနှိုင်းပွဲကို ယနေ့နံနက် ၉ နာရီခွဲတွင် တိုင်းဒေသကြီး အစိုးရအဖွဲ့ အစည်းအဝေးခန်းမ၌ကျင်းပရာ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းနှင့် ဦးတင်နိုင်သိန်းတို့ တက်ရောက်သည်။






ညှိနှိုင်းဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက တိုင်းဒေသကြီးအတွင်း လူမှုအဖွဲ့အစည်းနှင့် အသင်းအဖွဲ့များ၏ ဆောင်ရွက်ပေးနေမှုများအား အသိအမှတ်ပြု အားပေးပါကြောင်း၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ခြင်း၏ အစိတ်အပိုင်းဖြစ်ပါကြောင်း၊ ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်ခြင်းအား မြှင့်တင်သွားနိုင်ရေးအတွက် စနစ်တကျရှိမှု၊ စည်းကမ်းရှိမှု၊ စည်းလုံးညီညွတ်မှုများအား ဒီမိုကရေစီကျင့်စဉ်နှင့်အညီ ဆက်လက်ထိန်းသိမ်းသွားရန် လိုအပ်ပါကြောင်းနှင့် ယခုတိုင်းဒေသကြီးအတွင်း ဖြစ်ပေါ်နေသော လူမှုစီးပွားတိုးတက်မှု၊ ကျန်ရှိမှုနှင့် တွေ့ကြုံနေရသော အခက်အခဲများအား တင်ပြဆွေးနွေးညှိနှိုင်းဆောင်ရွက်သွားကြရန် ပြောကြားသည်။ **(အပေါ်ပုံ)**

ဆက်လက်ပြီး ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းက တိုင်းဒေသကြီးအတွင်းသာမက တစ်နိုင်ငံလုံး၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လူ့စွမ်းအားအရင်းအမြစ်လေ့ကျင့်ပြုစုပျိုးထောင်ရန် အရေးကြီးပါကြောင်း၊ တစ်ဦးတစ်ယောက်ချင်းအလိုက်၊ အစုအဖွဲ့အလိုက်၊ အသင်းအဖွဲ့အလိုက် စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် အခြေခံအဆောက်အအုံများ အားကောင်းနေရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် ပညာရေး၊ ကျန်းမာရေးနှင့် သက်မွေးဝမ်းကျောင်းဆိုင်ရာ ပညာရပ်များကို အားပေးမြှင့်တင်သွားရမည်ဖြစ်ပါကြောင်း၊ မြို့နယ်အသီးသီး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြို့ပြကျေးရွာစီမံကိန်းများ စနစ်တကျရေးဆွဲ အကောင်အထည်ဖော်သွားကြရန် လိုပါကြောင်း၊ ရာသီဥတုပြောင်းလဲလာသည်ဖြစ်ရာ တောင်သူလယ်သမားများအတွက် ရာသီသီးနှံတစ်ခုတည်းကိုသာ မှီခိုလုပ်ကိုင်ခြင်းထက် လယ်ယာကန်သင်းနှင့် အိမ်ခြံမြေများတွင် နှစ်တို၊ နှစ်ရှည်စားသုံးသီးပင်သာမက စိုက်ပျိုးရေးထွက်ကုန်တိုးတက်ရေး၊ ဝင်ငွေတိုးတက်ရရှိရေး၊ ပြောင်းလဲတိုးတက်အောင် ပညာပေးစည်းရုံး ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်းနှင့် အမျိုးသားရေးစိန်ခေါ်မှုဖြစ်သည့် မူးယစ်ဆေးဝါး၊ လောင်းကစား၊ အရက်သေစာသောက်စားခြင်းများ လျော့နည်းပပျောက်၊ ကင်းဝေးအောင် တက်ရောက်လာကြသော သက်ဆိုင်ရာ မြို့နယ်ကော်မတီများ၊ အဖွဲ့အစည်းများက ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များဖြစ်ကြသော ကျောက်ပန်းတောင်း၊ ညောင်ဦး၊ ပျော်ဘွယ်၊ ရမည်းသင်း၊ ဝမ်းတွင်း၊ မလှိုင်၊ မိတ္ထီလာ၊ ငါန်းဇွန်၊ နွားထိုးကြီး၊ တောင်သာ၊ မြင်းခြံ၊ မြစ်သား၊ တံတားဦး၊ စဉ့်ကိုင်၊ ကျောက်ဆည်၊ မတ္တရာ၊ သပိတ်ကျင်း၊ စဉ့်ကူး၊ မိုးကုတ်၊ ပြင်ဦးလွင်၊ ပုသိမ်ကြီးနှင့် အမရပူရမြို့နယ်များ၏ ဖွံ့ဖြိုးမှုအထောက်အကူပြုရေး ကော်မတီဥက္ကဋ္ဌများက ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ သောက်သုံးရေရရှိရေး၊ လျှပ်စစ်မီးရရှိရေး၊ လမ်းတံတားဆောက်လုပ်မှု ပြီးစီးတိုးတက်နေမှုနှင့် လိုအပ်မှုအခြေအနေများကို တင်ပြဆွေးနွေးညှိနှိုင်းကြရာ ပြည်ထောင်စုဝန်ကြီးများက အကြံပြုဆွေးနွေး ညှိနှိုင်းပေးခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေး အဆင့်မြင့်အရာရှိကြီးများ အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၂၁**

(၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေး အဆင့်မြင့်အရာရှိကြီးများ အကြိုညှိနှိုင်းအစည်းအဝေးအား ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ MICC-I အဆောက်အအုံ၌ကျင်းပရာ ကမ္ဘောဒီးယား ဘုရင့်နိုင်ငံ၊ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ၊ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံနှင့် ဗီယက်နမ်ဆိုရှယ်လစ် သမ္မတနိုင်ငံတို့မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။ **(ယာပုံ)**

အဆိုပါ စီအယ်လ်အမ်ဗွီအဖွဲ့ဝင် (၄)နိုင်ငံမှ အဆင့်မြင့်အရာရှိကြီးများသည် စီအယ်လ်အမ်ဗွီနိုင်ငံခြားရေးဝန်ကြီးများ၏ အစည်းအဝေးအစီအစဉ်မူကြမ်းကို လည်းကောင်း၊ စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေး အစီအစဉ်မူကြမ်းကိုလည်းကောင်း ဆွေးနွေးကာ ၂၀၁၅ ခုနှစ် ဇွန် ၂၂ ရက်တွင် ကျင်းပမည့် စီအယ်လ်အမ်ဗွီ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ တင်ပြရန် သဘောတူခဲ့သည်။



ထို့အပြင် (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးတွင် ထုတ်ပြန်မည့် ပူးတွဲကြေညာချက် မူကြမ်းကိုလည်း အသေးစိတ်ဆွေးနွေးခဲ့ပြီး ဇွန်လ ၂၂ ရက်နေ့တွင် ပြုလုပ်မည့် စီအယ်လ်အမ်ဗွီ နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

# (၆)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေး အဆင့်မြင့်အရာရှိကြီးများ အကြိုညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် ဇွန် ၂၁**

(၆)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေး အဆင့်မြင့်အရာရှိကြီးများ အကြိုညှိနှိုင်းအစည်းအဝေးအား ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာ မြန်မာကွန်ဗင်းရှင်းဗဟိုဌာန(၁)၌ကျင်းပရာ ကမ္ဘောဒီးယား၊ လာအို၊ မြန်မာ၊ ထိုင်းနှင့် ဗီယက်နမ်တို့မှ အဆင့်မြင့် အရာရှိကြီးများ တက်ရောက်ဆွေးနွေးကြသည်။ **(ဝဲပုံ)**

အဆိုပါ အက်မက်စ်အဖွဲ့ဝင်နိုင်ငံများမှ အဆင့်မြင့်အရာရှိကြီးများသည် (၆)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးတွင် ထုတ်ပြန်မည့် နေပြည်တော် ကြေညာချက်(မူကြမ်း)နှင့် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှု မဟာဗျူဟာ ရွေ့လုပ်ငန်းစဉ် (၂၀၁၆-၂၀၁၈) (မူကြမ်း)တို့အား အသေးစိတ်ဆွေးနွေးခဲ့ပြီး ဇွန် ၂၂ ရက်တွင် ပြုလုပ်မည့် အက်မက်စ်နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနမှ သိရသည်။

**(သတင်းစဉ်)**

# ရတနာပုံဖလားအဆင့်မြင့်ဖိတ်ခေါ်(အမျိုးသား)ဘော်လီဘောပြိုင်ပွဲကျင်းပရေး ညှိနှိုင်းစည်းဝေး

**မန္တလေး ဇွန် ၂၁**

မန္တလေးတိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီနှင့် မန္တလေးတိုင်းဒေသကြီး ဘော်လီဘောအားကစားဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့တို့မှ ကြီးမှူး၍ အောင်သမာဓိရွှေဆိုင်နှင့် ရွှေသန့်စင်လုပ်ငန်း၊ Dragon One ကုမ္ပဏီနှင့် Alaxan United Pharmacetical Co, တို့၏ အဓိကပံ့ပိုးကူညီမှုဖြင့် ပြုလုပ်မည့် ၂၀၁၅ ခုနှစ် ပထမအကြိမ် ရတနာပုံဖလားအဆင့်မြင့် ဖိတ်ခေါ်(အမျိုးသား) ဘော်လီဘောပြိုင်ပွဲကျင်းပရေး ညှိနှိုင်းအစည်းအဝေးကို ဇွန် ၂၀ ရက်က တိုင်းဒေသကြီး အားကစားနှင့် ကာယပညာ ဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးတွင် တက်ရောက်လာကြသော တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဦးထွန်းလင်း (မြန်မာ့လက်ရွေးစင်ဟောင်း)၊ အထွေထွေအတွင်းရေးမှူး ဦးမြင့်ဆွေ၊ တွဲဖက်အတွင်းရေးမှူးများ၊ ကော်မတီဝင်များက ဘော်လီဘောပြိုင်ပွဲ၌ ဒိုင်လူကြီးများ ဥပဒေ၊ နည်းဥပဒေ စည်းကမ်းနှင့်အညီ မှန်ကန်စွာဆောင်ရွက်ရေး၊ ကွင်းပြင်ဆင်ရေး၊ တည်းခိုနေထိုင်သွားလာရေးနှင့် ဇွန် ၂၃ ရက်တွင် ဘော်လီဘောဆပ်ကော်မတီရုံးခန်း၌ အသင်းအုပ်ချုပ်သူ နည်းပြများ အစည်းအဝေးနှင့် ပြိုင်ပွဲပွဲစဉ်ရေးဆွဲရေး၊ ဖွင့်ပွဲအခမ်းအနားနှင့် ဆုချီးမြှင့်ရေးများနှင့် ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေးတို့ကို ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**

**အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မူးယစ်ဆေး**

# တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေး ဒေသခံပြည်သူများက တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းဆောင်ရွက်

ဖြူး ဇွန် ၂၁

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းသည် ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့နယ်မှ ဒေသခံပြည်သူများနှင့် ဇွန် ၂၀ ရက် နံနက် ၉ နာရီက ကျောက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တိုးတက်လာသည့် နိုင်ငံရေးအခြေအနေများကြောင့် ကျောက်ကြီးဒေသတွင် ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ ဒေသဖွံ့ဖြိုးရေး အခြေခံကောင်းများရရှိလာပြီး တည်ငြိမ်အေးချမ်းရေးမှာလည်း များစွာတိုးတက်လာပြီဖြစ်ပါကြောင်း၊ နယ်မြေတည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ဒေသမှာလည်း ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး ကျောက်ကြီးဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီးအစိုးရတို့က ဆောင်ရွက်ပေးနေပါကြောင်း၊ ရရှိပြီးဖြစ်သည့် တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အားလုံးက ဝိုင်းဝန်းထိန်းသိမ်းကြစေလိုကြောင်း၊ ပြည်ထောင်စုလွှတ်တော်မှ ကိုယ်စားလှယ်များအနေဖြင့် ကျောက်ကြီးဒေသသို့ လာရောက်ပြီး ကိုယ်လက်အင်္ဂါစွန့်လွှတ်ခဲ့သည့် တပ်မတော်သားများနှင့် ပြည်သူများအားတွေ့ဆုံပြီး လိုအပ်သည့်ပံ့ပိုးမှုများ ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ကျောက်ကြီးဒေသတွင် တာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်းများအနေဖြင့်လည်း မိမိဇာတိဒေသအဖြစ် မှတ်ယူပြီး ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို ပြည်သူများနှင့် လက်တွဲပူးပေါင်းဆောင်ရွက်ကြစေလို ပါကြောင်း၊ အခြေခံကောင်းများ ရရှိနေပြီဖြစ်သည့် ကျောက်ကြီးဒေသ ပြည်သူများအနေဖြင့် ဆက်လက်ထိန်းသိမ်းပေးသွားရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။




ထို့နောက် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌက ကျောက်ကြီးမြို့နယ်အတွင်းရှိ တောင်ပေါ်ဒေသများ၏ ပညာရေး၊ ကျန်းမာရေးလိုအပ်ချက်များကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌက လမ်းပန်းဆက်သွယ်ရေး လိုအပ်ချက်များကိုလည်းကောင်း၊ ဒေသခံပြည်သူများက လယ်ယာမြေများကိစ္စ၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးလိုအပ်ချက်၊ ရွေးကောက်ပွဲတွင် မဲပေးနိုင်ရေးအတွက် မှတ်ပုံတင် ပြုလုပ်ပေးနိုင်ရေး၊ ကျန်းမာရေးနှင့် ပညာရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရေး၊ စိုက်ပျိုးစရိတ် အချိန်မီရရှိနိုင်ရေးနှင့် ဒေသဖွံ့ဖြိုးရေး လိုအပ်ချက်များကို တင်ပြကြရာပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိဂုံးချုပ်ပြောကြားရာတွင် ကျောက်ကြီးဒေသသည် ယခင်က ငြိမ်းချမ်းမှုမရှိခဲ့သည့်အတွက် ယခုအခါ တာဝန်ရှိသူများအားလုံးက ဒေသဖွံ့ဖြိုးရေးအတွက် အလေးထားဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် ဒေသခံပြည်သူများက တာဝန်ရှိသူများနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက် ကြစေလိုကြောင်း၊ ဒေသခံပြည်သူများအနေဖြင့် မိမိဒေသကိုခင်တွယ်ကြပြီး အသိစိတ်ရှိရှိဖြင့် မျိုးဆက်သစ်များအား ဒေသချစ်သည့်စိတ်ဓာတ်ကို မွေးမြူပေးကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားပြီး တက်ရောက်လာသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။ **(အပေါ်ပုံ)**

ထို့နောက် နတ်သံကွင်းတိုက်နယ်ဆေးရုံသို့ရောက်ရှိပြီး ဆေးရုံကို လိုက်လံကြည့်ရှုကာ လူနာများအား ထောက်ပံ့ငွေများ ပေးအပ်သည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ပဲနွယ်ကုန်းမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာတံခွန်ခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံတော်ဖွံ့ဖြိုးရေးအတွက် ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး အစိုးရတို့ ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ပဲနွယ်ကုန်းဒေသ၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ လျှပ်စစ်မီးနှင့် ရေရရှိရေးတို့အတွက် လိုအပ်ချက်များရှိပါက ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးတင်ပြနိုင်ပါကြောင်းဖြင့် နှုတ်ခွန်းဆက်ပြောကြားသည်။

ယင်းနောက် မြို့ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီ၊ မြို့မိမြို့ဖ၊ ပညာရေးဝန်ထမ်းများနှင့် ဒေသခံပြည်သူများက ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးဆိုင်ရာ လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးပြီး ပဲနွယ်ကုန်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် တာဝန်ရှိသူများနှင့်အတူ ဒေသခံပြည်သူများက ဝိုင်းဝန်းပူးပေါင်းကြစေလိုကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများကို မိမိဒေသတွင်သာမက နိုင်ငံ့ဂုဏ်ဆောင်နိုင်သည့် ထူးချွန်သူများဖြစ်အောင် ကြိုးစားသင်ကြားပေးကြရန်လိုကြောင်းဖြင့် ပြောကြားခဲ့သည်။

ထို့နောက် တောကျွဲအင်းတိုက်နယ်ဆေးရုံသို့ ရောက်ရှိပြီး လိုက်လံကြည့်ရှုကာ လူနာများအား ထောက်ပံ့ငွေများပေးအပ်သည်။

ယင်းနောက် တောကျွဲအင်း မဇ္ဈိမာရုံ တောရကျောင်းတိုက်ရှိ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆပ်ကပ်လှူဒါန်းသည်။

ဆက်လက်၍ အဆိုပါကျောင်းတိုက် ဓမ္မာရုံ၌ တောကျွဲအင်းဒေသခံပြည်သူများအားတွေ့ဆုံပြီး ဒေသခံများ၏ တင်ပြချက်များအပေါ် တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

ထို့နောက် ဂုံးတဲ-ရေပြာ-နောင်ဗိုလ် ကျေးရွာချင်းဆက်လမ်း တစ်လျှောက်ကြည့်ရှုခဲ့ပြီး နောင်ဗိုလ်အခြေခံပညာ မူလတန်းလွန်ကျောင်း ယာယီစာသင်ဆောင် ဆောက်လုပ်ရန်အတွက် အလှူငွေများကို ပေးအပ်လှူဒါန်းကာ ကျေးရွာပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အလားတူ ကညွတ်ကွင်း- မိဿလင်လမ်းအား ကြည့်ရှုခဲ့ပြီး မိဿလင်နှင့်ဘုရားလဟာကျေးရွာများရှိ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေး၊ ပညာရေး၊ ကျန်းမာရေး လိုအပ်ချက်များကို မေးမြန်းကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

အဆိုပါ တွေ့ဆုံပွဲများသို့ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးညဏ်ဝင်း၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်ထောင်စုလွှတ်တော် ကိုယ်စားလှယ်များ၊ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ၊ နိုင်ငံရေးပါတီများ၊ မြို့နယ်စီမံခန့်ခွဲရေးကော်မတီ၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေးအထောက်အကူပြုကော်မတီနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီတို့မှ အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ မြို့မိမြို့ဖများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

---

***ရှေ့ဖုံးမှ***

လက်ရှိအနေအထားအရ မိုးတွင်းဝင်ရောက်နေပြီ ဖြစ်သဖြင့် ငမိုးရိပ်ချောင်းအတွင်း ဒီရေအတက်အကျ ချောင်းရေအတက်အကျအပေါ်မူတည်ကာ အချိန်မီပြီးစီးရေး ဆောင်ရွက်နေခြင်းဖြစ်ပြီး ငမိုးရိပ်တံတား (မင်္ဂလာတောင်ညွန့်) တံတားသစ်တည်ဆောက်ရေး စီမံကိန်းမှာ လုပ်ငန်းပြီးစီးမှု ၈၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ လက်ထောက်ဌာနမှူး ဦးကျင်အုန်းက “တံတားသစ်အတွက် နည်းပညာပိုင်းကတော့ ထိုင်းအကူအညီနဲ့ တည်ဆောက်တာပါ။ ကွန်ကရစ်တံတားက သံတံတားထက် ပိုခိုင်ပါတယ်၊ တံတားတည်ဆောက်ရတဲ့ ရည်ရွယ်ချက်ကလည်း မင်္ဂလာတောင်ညွန့်မြို့နယ်နဲ့ ဒေါပုံမြို့နယ် အပိုင်းကလာကြတဲ့ ပြည်သူများ သွားလာရာမှာ ယာဉ်ကြောကျပ်တည်းမှုကို ဖြေလျှော့စေချင်တဲ့သဘောနဲ့ပါ၊ တံတားသစ်ကြီး ပြီးသွားပြီဆိုရင် ဒီဘက်အပိုင်းကျတော့လည်း ဧရာဝဏ်လမ်းမှတစ်ဆင့် သန်လျင်- သုံးခွထိ တောက်လျှောက်သွားလို့ရပါတယ်။နောက်ဒီဘက်ဆိုရင် တောင်ဒဂုံလမ်းမကြီးမှ တစ်ဆင့် အမှတ်(၂)လမ်းအတိုင်း ပဲခူးခြောက်လမ်းသွားကို ချိတ်ဆက်သွားလို့ ရမှာပါ။ မင်္ဂလာတောင်ညွန့်ဘက်အပိုင်းဆိုရင်လည်း သာကေတဘက်လည်း သွားလို့ရပါတယ်။ သန်လျင်-သုံးခွဘက်လည်းရပါတယ်”ဟု ရှင်းပြသည်။

လက်ရှိ တံတားအောက်ထည်ပိုင်းဖြစ်သော တံတားအောက်ခံဖောင်ဒေးရှင်း အုတ်မြစ်ဘိုးပိုင် လုပ်ငန်းများ Pile Cap လုပ်ငန်းများမှာလည်း ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်သည်။

အဆိုပါ ငမိုးရိပ်တံတား (မင်္ဂလာတောင်ညွန့်) တံတားသစ်စီမံကိန်းမှာ ယခင်အင်္ဂလိပ်ခေတ်ကာလကတည်းက တည်ဆောက်ထားသော သံပေါင်တံတားဟောင်း နှင့် ၈ ဒသမ ၅ မီတာ အကွာအဝေးတွင် တည်ဆောက်နေခြင်းဖြစ်ပြီး တံတားအသစ်နှင့် ယခင်သံပေါင်တံတားဟောင်းမှာ အရှည်မီတာအကွာအဝေးနှင့် တိုင်အရေအတွက် တူညီနေကြောင်းသိရကာ လက်ရှိတည်ဆောက်နေသော တံတားသစ်စီမံကိန်းအတွက်ငွေကျပ် ၅ ဒသမ ၉ ဘီလီယံ လျာထားသုံးစွဲမည်ဖြစ်ကြောင်း သိရသည်။

တံတားအသစ်ပြီးစီးပါက ယခင်သံပေါင် တံတားဟောင်းကိုလည်း အနေ့းယာဉ်၊ ဆိုင်ကယ်၊ လူသွားလမ်းအဖြစ် အသုံးပြုစေမည်ဖြစ်ပြီး မော်တော်ယာဉ်များ ဖြတ်သန်းသွားလာခွင့်ပြုတော့မည် မဟုတ်ကြောင်း၊ ငမိုးရိပ်တံတား (မင်္ဂလာတောင်ညွန့်) တံတားသစ် တည်ဆောက်ရေးစီမံကိန်းမှသိရပြီး လာမည့် ဩဂုတ်လလယ်ပိုင်းတွင် အများပြည်သူများနှင့် ယာဉ်များ ဖြတ်သန်းသွားလာခွင့်ပြုတော့မည်ဖြစ်ကြောင်း ငမိုးရိပ်တံတား(မင်္ဂလာတောင်ညွန့်)တံတားသစ်တည်ဆောက်ရေး စီမံကိန်းမှ သိရသည်။

**သတင်းနှင့် ဓာတ်ပုံ-စိုးဝင်း(SP)**

---

# ပင်မဓာတ်အားခွဲရုံများ ဆက်လက်တည်ဆောက်သွားမည်

နေပြည်တော် ဇွန် ၂၁

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်စိုးသည် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးအောင်သန်းဦးနှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်တွင် မိတ္ထီလာတောင်ငူ ၅၀၀ ကေဗွီ မဟာဓာတ်အားလိုင်း၏ မိတ္ထီလာ-နေပြည်တော်အပိုင်းကို တာဝါတိုင်တပ်ဆင်နေမှုအား ကြည့်ရှုစစ်ဆေးသည်။**

နေပြည်တော်အမြန်လမ်းနှင့် ကံပြားလမ်းဆုံအနီးရှိ တာဝါတိုင်အမှတ်(MN-261)တာဝါတိုင် တပ်ဆင်ခြင်းလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

မြန်မာနိုင်ငံ၏ လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုမှာ မြောက်ပိုင်းတွင် ရေအားလျှပ်စစ်ထုတ်လုပ်မှုများပြားပြီး တောင်ပိုင်းတွင် ထုတ်လုပ်မှုနည်းပါးသောကြောင့် မြန်မာနိုင်ငံမြောက်ပိုင်းမှ ထုတ်လုပ်သည့် ဓာတ်အားများကို မြန်မာနိုင်ငံတောင်ပိုင်းသို့ ပို့လွှတ်ရာတွင် တိုးတက်မြင့်မားလာသည့် ဓာတ်အားသုံးစွဲမှု အခြေအနေများအရ လက်ရှိဓာတ်အားလိုင်းများနှင့် ဓာတ်အားစီးဆင်းမှု လုံလောက်မှုမရှိသည့်အတွက် တိုးတက်ပြောင်းလဲလာသည့် ဓာတ်အားလိုအပ်ချက်ကို အပြည့်အဝဖြည့်ဆည်းပေးနိုင်ရန် မြန်မာနိုင်ငံ၏ ပထမဆုံး ၅၀၀ ကေဗွီဓာတ်အားလိုင်း စီမံကိန်းနှင့် ၅၀၀ ကေဗွီဓာတ်အားခွဲရုံ စီမံကိန်းများကို မဖြစ်မနေတည်ဆောက်ရန် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ ဆောင်ရွက်ခြင်းဖြစ်သည်။

စီမံကိန်းဆောင်ရွက်မှုတွင် ပထမအဆင့်အနေဖြင့် ၅၀၀ ကေဗွီ သပြေဝ(မိတ္ထီလာ)-နေပြည်တော်-တောင်ငူ မဟာဓာတ်အားလိုင်းအား ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးနှင့် အနည်းဆုံးတစ်ကီလိုမီတာ အကွာအဝေးတွင် လမ်းမကြီးနှင့်အပြိုင် တည်ဆောက်လျက်ရှိသည်။ ယခုအခါ တည်ဆောက်ရန် တာဝါတိုင်ပေါင်း ၅၄၆ တိုင်၏ ဖောင်ဒေးရှင်းလုပ်ငန်း ၈၅ ရာခိုင်နှုန်းနှင့် တာဝါတိုင်တပ်ဆင်ခြင်းလုပ်ငန်း ၁၅ ရာခိုင်နှုန်းခန့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။ အဆိုပါ ဓာတ်အားလိုင်းနှင့် ချိတ်ဆက်ရန်အတွက် ဂျပန်နိုင်ငံ JICA ချေးငွေဖြင့် ၅၀၀ ကေဗွီ သပြေဝ(မိတ္ထီလာ) ပင်မဓာတ်အားခွဲရုံ၊ ၅၀၀ ကေဗွီ တောင်ငူ ပင်မဓာတ်အားခွဲရုံများကိုလည်း ၂၀၁၆ ခုနှစ် ဒီဇင်ဘာလအတွင်း အပြီးတည်ဆောက်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ဒုတိယအဆင့်အနေဖြင့် ၅၀၀ ကေဗွီ တောင်ငူ-ဘုရားကြီး(ပဲခူး)မဟာဓာတ်အားလိုင်းကို ဆောင်ရွက်သွားမည်ဖြစ်သည်။

တတိယအဆင့်အနေဖြင့် ၅၀၀ ကေဗွီ ဘုရားကြီး(ပဲခူး)-လှိုင်သာယာ မဟာဓာတ်အားလိုင်း အပိုင်းအားတည်ဆောက်သွားမည်ဖြစ်သည်။ မဟာဓာတ်အားလိုင်းနှင့် ဆက်စပ်၍ ၅၀၀ ကေဗွီ ဘုရားကြီး(ပဲခူး) ပင်မဓာတ်အားခွဲရုံနှင့် ၅၀၀ ကေဗွီ လှိုင်သာယာ ပင်မဓာတ်အားခွဲရုံများကိုလည်း ဆက်လက်တည်ဆောက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများအား ပြည်သူများက ရေရှည်တည်တံ့ခိုင်မြဲစေရေးကူညီဆောင်ရွက်ပေးရန်လို



နေပြည်တော် ဇွန် ၂၁

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ယနေ့ နံနက် ၁၀ နာရီခွဲတွင် ပျော်ဘွယ်မြို့ ရှမ်းပွဲရပ်ကွက်ရှိ မှန်နန်းကျောင်းတိုက် ဘုန်းတော်ကြီးသင် ပညာရေးမူလွန်ကျောင်း မြင့်ရတနာကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်သည်။**

ရှေးဦးစွာ မြင့်ရတနာကျောင်းဆောင်သစ်ကို မှန်နန်းကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တကိတ္တိသာရ၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးခင်အောင်မြင့်နှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြင့်ရတနာကျောင်းဆောင်သစ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ကျောင်းဆောင်သစ်အတွင်း လှည့်လည်ကြည့်ရှုသည်။

ထို့နောက် ကျောင်းဆောင်သစ်ဖွင့်ပွဲအခမ်းအနားကို မှန်နန်းကျောင်းတိုက်၌ ကျင်းပရာ ကျောင်းတိုက် ပဓာန နာယက ဆရာတော်က ဩဝါဒမိန့်ကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ရှေးမြန်မာမင်းများလက်ထက်က အုပ်ချုပ်သူမင်းနှင့် ပြည်သူများသည် ဘုန်းတော်ကြီးကျောင်းများ၌ ပညာသင်ကြားခဲ့ကြပြီး အရှေ့တောင်အာရှတွင် မြန်မာနိုင်ငံသည် တောင့်တင်းခိုင်မာသည့် အင်ပါယာ နိုင်ငံတော်ကို တည်ထောင်နိုင်ခဲ့ပါကြောင်း၊ အင်္ဂလိပ်၏ ကျွန်ပြုအုပ်ချုပ်ခြင်းကို ခံခဲ့ရချိန်တွင်လည်း ဘုန်းတော်ကြီးကျောင်းများသည် မျိုးချစ်စိတ်ဓာတ် ဇာတိသွေးဇာတိမာန် ထက်သန်အောင် သင်ကြားပေးနိုင်ခဲ့ပါကြောင်း၊ အမျိုးသားလွတ်မြောက်ရေး ဖခင် ဗိုလ်ချုပ်အောင်ဆန်းသည် ငယ်စဉ်က ဘုန်းကြီးကျောင်းတွင် ပညာသင်ကြားခဲ့ပြီး နိုင်ငံလွတ်လပ်ရေးအတွက် ဦးဆောင်ဦးရွက်ပြုခဲ့ပါကြောင်း။

ယခင်က ဘုန်းကြီးကျောင်းများတွင် ဘုရားရှိခိုးအမျိုးမျိုး၊ မင်္ဂလသုတ်လာ (၃၈)ဖြာ မင်္ဂလာတရားတော်များ၊ ရတနာရွှေချိုင့်၊ နမက္ကာယ၊ သဒ္ဒါ၊ သင်္ဂြိုဟ်စသဖြင့် သင်ကြားပေးကြောင်း၊ ထို့ကြောင့် ကျေးရွာအတွင်း သာရေးနာရေးကိစ္စများ၌ ဝိုင်းဖွဲ့၍ အဘိဓမ္မာ တရားတော်များကို ဆွေးနွေးလေ့ရှိကြပါကြောင်း၊ ယခုနောက်ပိုင်းတွင် ဘုန်းကြီးကျောင်းမနေကြတော့သဖြင့် အဘိဓမ္မာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးရပါကြောင်း၊ ထို့ကြောင့် ဘုန်းတော်ကြီးကျောင်းများသည် လောကီလောကုတ္တရာ နှစ်ဖြာသော အကျိုးကျေးဇူးများကို ရရှိပါကြောင်း၊ ထို့ပြင် ဘုန်းတော်ကြီးသင်ကျောင်းများမှ ပညာရေးသာမက ဖြူစင်ဖြောင့်မတ်စွာ အကျင့်စာရိတ္တ ကောင်းမွန်စေရန် ပြုပြင်ပေးသည့် ပြုမှုစိုရိတရားများ ထွန်းကားရေးနှင့် အများအကျိုးဆောင်ရွက်လိုစိတ်များရှင်သန်ထွန်းကားအောင် ပံ့ပိုးကူညီပေးပါကြောင်း၊ ယနေ့ကမ္ဘာတွင် လူမျိုးရေး၊ ဘာသာရေးနှင့် လက်နက်ကိုင် ပဋိပက္ခများ ဖြစ်ထွန်း ပေါ်ပေါက်လာခြင်းသည် ဖြူမှုစိုရိတရားမရှိ၍ ဖြစ်ပါကြောင်း၊ ထို့ကြောင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများတွင်သာမက အခြေခံ ပညာကျောင်းများ၌ပါ ဖြူမှုစိုရိတရားများ ထွန်းကားလာရေးအတွက် ပြည်သူ့နီတိနှင့် ယဉ်ကျေးမှုသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးရန် လိုအပ်ပါကြောင်း။

ထိုသို့ သင်ကြားပေးခြင်းဖြင့် ပြည်သူများ၏ ရပိုင်ခွင့်များနှင့် ဆောင်ရွက်ရန် တာဝန်များကို တတ်ကျွမ်းနားလည်၍ အချင်းချင်း သဟဇာတမျှတစွာဖြင့် နိုင်ငံတော်ကို တည်ငြိမ်အေးချမ်း ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ရှင်သန်ခိုင်မာရေးအတွက် အားပေးထောက်ပံ့သကဲ့သို့ ပြည်သူများကလည်း ရေရှည်တည်တံ့ခိုင်မြဲစေရန် ကူညီဆောင်ရွက်ပေးရန် လိုအပ်ပါကြောင်းဖြင့် ပြောကြားသည်။ **(အပေါ်ယာပုံ)**

ထို့နောက် ရပ်မိရပ်ဖတစ်ဦးက ကျောင်းဆောင်သစ်ဖွင့်လှစ်ပေးသည့်အတွက် ကျေးဇူးတင် စကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးက ဖွင့်ပွဲ အထိမ်းအမှတ်အလံများကို ပေးအပ်သည်။

ပျော်ဘွယ်မြို့ ရှမ်းပွဲရပ်ကွက်ရှိ မှန်နန်းကျောင်းတိုက် ဘုန်းတော်ကြီးသင်ပညာရေး မူလွန်ကျောင်း၌ သူငယ်တန်းမှ ခုနစ်တန်းအထိ ကျောင်းသားကျောင်းသူ ၂၃၅ ဦး တက်ရောက် ပညာသင်ကြားနေပြီး ဆရာဆရာမ ၁၀ ဦးက ဘာသာရပ်အလိုက် သင်ကြားပို့ချပေးလျက်ရှိသည်။

မွန်းလွဲပိုင်းတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌသည် ရမည်းသင်းမြို့နယ် ပြည်သူ့ဆေးရုံကြီး၌ကျင်းပသည့် ရမည်းသင်းခရိုင်အတွင်း တိပိဋကဓရ စက္ခုပါလအဖွဲ့ (၃)ကြိမ်မြောက် မျက်စိအလင်းလှူပွဲသို့ သွားရောက်ကြည့်ရှုအားပေးပြီး မျက်မှန်များ တပ်ဆင်ပေးသည်။

အခမ်းအနားတွင် ပဓာနအကျိုးဆောင် (၁၁)ကြိမ်မြောက် တိပိဋကဓရ စက္ခုပါလ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တကုန္ဒပါလ ဆရာတော်က ဩဝါဒ ချီးမြှင့်သည်။

ထို့နောက် အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက မိမိအနေဖြင့် ရမည်းသင်းခရိုင်သို့ ၂၀၀၈ ခုနှစ်က ရောက်ရှိခဲ့ချိန်တွင် ရေပြဿနာကို စတင်တွေ့ရှိသဖြင့် ရေကောင်းရေသန့်ရရှိရေးကို အထူးအားထုတ်ဆောင်ရွက်ခဲ့ပါကြောင်း၊ ထိုသို့ဆောင်ရွက်ရင်းနှင့် မျက်စိရောဂါပြဿနာကို တွေ့ရှိခဲ့ပါကြောင်း။

ထိုအချိန်ကစပြီး ရမည်းသင်းနှင့် ပျော်ဘွယ်တွင် မျက်စိအလင်းအလှူပွဲကို စတင်ဆောင်ရွက်ခဲ့ပြီး ကျန်းမာရေးဝန်ကြီးဌာနမှ စီစဉ်ပေးသည့် ဆရာဝန်ကြီးများနှင့် စတင်ကုသပေးခဲ့ပါကြောင်း၊ နောက်ပိုင်းတွင် ဆရာတော်အမှူးပြုသည့်အဖွဲ့နှင့် လုပ်ခဲ့ပါကြောင်း၊ မျက်စိဝေဒနာကို ဦးစားပေး ဆောင်ရွက်ရခြင်းသည် လူမှာရှိသော အာရုံခြောက်ပါးဖြစ်သည့် စက္ခု၊ သောတ၊ ဃာန၊ ဇိဝှာ၊ ကာယ၊ မနတို့အနက် မျက်စိကွယ်ခြင်းသည် အမှောင်ကမ္ဘာကို ရောက်သွားခြင်း ဖြစ်ပါကြောင်း။

ဘာသာရေးအရ ပြောရမည်ဆိုလျှင် သုညကမ္ဘာကို ရောက်သွားခြင်း ဖြစ်ပါကြောင်း၊ ဘုရားဖူးချင်၍ မရ၊ သံဃာကိုဖူးမြော်၍ မရ၊ ထို့ပြင် မိမိမိသားစုလည်း မမြင်ရ၊ မိမိကိုလည်း မမြင်ရ၊ ထို့ကြောင့် မျက်စိကို ဦးစားပေးပြီးလုပ်ခဲ့ခြင်း ဖြစ်ပါကြောင်း၊ ယခုဒေသတွင် ရေကြောင့် မျက်စိကွယ်ရခြင်းဟုလည်း တွေးမိပါကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ရာတွင် အနယ်နယ်အရပ်ရပ်မှ ဆေးရုံရောက်ရှိရန်နှင့် နေထိုင်စားသောက်ရေးစသည်ဖြင့် စီစဉ်ပေးပါကြောင်း၊ စေတနာထက်သန်စွာဖြင့် လှူသည့် ပုဂ္ဂိုလ်မှာ ဇေကမ္ဘာအုပ်စုများ အဖွဲ့၏ ဥက္ကဋ္ဌကြီးဦးခင်ရွှေဖြစ်ပါကြောင်း။

ယခုကဲ့သို့ ဆရာဝန်၊ ဆရာမများက ခွဲစိတ်ကုသပေးပြီးချိန်တွင် ဆရာဝန်၏ မှာကြားချက်များကို တိတိကျကျ လိုက်နာရန်လိုအပ်ပါကြောင်း၊ သေချာလိုက်နာမည်ဆိုပါက မျက်စိ ဝေဒနာများပျောက်ပြီး အမှောင်ကမ္ဘာမှ အလင်းကမ္ဘာသို့ ချက်ချင်းပြန်ရောက်မည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ကယ်ဆယ်ရေးနှင့် ကူညီစောင့်ရှောက်ရေး ကော်မတီဥက္ကဋ္ဌ အလှူရှင်ဒေါက်တာခင်ရွှေက လှူဒါန်းရခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း၊ မျက်စိပညာရှင်အကျိုးဆောင် ဒေါက်တာဦးအေးထွန်းက မျက်စိဝေဒနာရှင်များအား မျက်စိနှင့်ပတ်သက်သည့် သိကောင်းစရာများကိုလည်းကောင်း ပြောကြားပြီး မြို့မိမြို့ဖ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက်တိပိဋကဓရစက္ခုပါလ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက မျက်စိဝေဒနာရှင်များအား မျက်မှန်နှင့် ဆေးဝါးများကို လက်ဝယ်အရောက်တပ်ဆင် ပေးလှူခဲ့ကြသည်။

မျက်စိအလင်း အလှူပွဲတွင် ရမည်းသင်းမြို့နယ်မှ ၇၉၇ ဦးနှင့် ပျော်ဘွယ်မြို့နယ် မှ ၂၂၁ ဦးတို့ကို မျက်စိစမ်းသပ်ပေးခြင်း၊ ရမည်းသင်းမြို့နယ်မှ ၁၂၁ ဦးနှင့် ပျော်ဘွယ်မြို့နယ်မှ ၇၂ ဦးတို့ကို မျက်စိခွဲစိတ်ပေးခြင်းမှ မျက်စိဆေးပေးလူနာ ၂၁၉ ဦးနှင့် မျက်မှန်တပ်ဆင်ပေးခြင်း ၆၄၆ ဦးတို့ကို ကုသပေးခဲ့ကြောင်း သိရသည်။

**(သတင်းစဉ်)**

## သတင်းစာဖတ်ပရိသတ်များ သိသာနိုင်ပါရန်

အမြို့မြို့အနယ်နယ်မှကိုယ်စားလှယ်ကြီးများထံသို့ မြန်မာ့အလင်းသတင်းစာအား တစ်စောင်လျှင် ငွေကျပ် ၅၀ ဖြင့် နေ့စဉ်ဖြန့်ချိပေးလျက် ရှိပါသည်။ ကိုယ်စားလှယ်ကြီးများအနေဖြင့် သင့်တင့်သော ဝန်ဆောင်ခရယူ၍ မိဘပြည်သူသတင်းစာဖတ်ပရိသတ်များထံသို့ ၎င်းတို့မြို့နယ် ဒေသအလိုက် နေ့စဉ်ဖြန့်ချိပေးလျက်ရှိရာ လက်ရှိလပေးရယူနေသော နှုန်းထားအတိုင်း ဈေးနှုန်းမပြောင်းလဲဘဲ နေ့စဉ်ပေးပို့သွားမည်ဖြစ်ပါသည်။ အကယ်၍ မူလတောင်းခံနေသည့် ဈေးနှုန်းထက် ပိုမိုတောင်းခံခြင်းများရှိပါက မြန်မာ့အလင်းသတင်းစာတိုက် ဖုန်း-၀၁-၅၄၄၃၁၇ သို့ ဆက်သွယ် အသိပေးအကြောင်းကြားနိုင်ပါသည်။

**(မြန်မာ့အလင်းသတင်းစာတိုက်)**

## မိုးလေဝသအခြေအနေ

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

**(မိုး/ဇလ)**

## မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန်သဘောတူ

**နေပြည်တော် ဇွန် ၂၁**

မစ္စတာ ပေါလ် အာ ဆီဂါအား ရန်ကုန်မြို့ အခြေစိုက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ဆွစ်ဇာလန်နိုင်ငံ သံအမတ်ကြီးအဖြစ်ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရက သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ပေါလ် အာ ဆီဂါအား ၁၉၅၈ ခုနှစ် ဒီဇင်ဘာလတွင် ဘေဆယ်လ်မြို့၌ မွေးဖွားခဲ့ပါသည်။ ၎င်းသည် ဘေဆယ်လ်တက္ကသိုလ်မှ ဥပဒေပညာဘွဲ့ကို ရရှိခဲ့ပြီး ၁၉၈၃ ခုနှစ်တွင် ဆွစ်ဇာလန်နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ဥပဒေညွှန်ကြားမှုဦးစီးဌာနတွင် ဥပဒေအရာရှိအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ထို့နောက် ဆွစ်ဇာလန်နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်များ ထမ်းဆောင်ခဲ့ပြီး ကွန်ဂိုဒီမိုကရက်တစ် သမ္မတနိုင်ငံ ကင်ရှာဆာမြို့၊ အာဂျင်တီးနားနိုင်ငံ၊ ဗျူနိုအေရိစ်မြို့နှင့် အမေရိကန်နိုင်ငံ နယူးယောက်မြို့တို့ရှိ ဆွစ်ဇာလန်သံရုံး၊ အဖွဲ့ရုံးတို့တွင် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၎င်းသည် ၂၀၀၃ ခုနှစ်မှ ၂၀၁၀ ပြည့်နှစ်အထိ ဆွစ်ဇာလန် နိုင်ငံခြားရေးဝန်ကြီးဌာန အပြည်ပြည်ဆိုင်ရာ ဥပဒေညွှန်ကြားမှုဦးစီးဌာန၏ အကြီးအကဲနှင့် ဥပဒေအကြံပေးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ မစ္စတာပေါလ် အာ ဆီဂါသည် ၂၀၁၀ပြည့်နှစ် ဇွန်လမှ ယနေ့အချိန်ထိ ဆွစ်ဇာလန်နိုင်ငံ၏ ကုလသမဂ္ဂဆိုင်ရာ အမြဲတမ်းကိုယ်စားလှယ်အဖြစ် နယူးယောက်မြို့တွင် တာဝန်ထမ်းဆောင်လျက် ရှိပါသည်။ မစ္စတာပေါလ် အာ ဆီဂါသည် အိမ်ထောင်သည်ဖြစ်ပြီး သားနှစ်ဦးရှိပါသည်။

**(သတင်းစဉ်)**

❐ ***ရှေ့ဖုံးမှ***

နည်းပညာများ ပြသခြင်း၊ ကုန်ထုတ်လုပ်သူ၊ ဝယ်ယူသူ၊ ရောင်းချသူများနှင့် မြန်မာနိုင်ငံရှိ အထည်အလိပ်ကဏ္ဍမှ ဖြန့်ချိသူများအကြား သတင်းအချက်အလက်ဖလှယ်မှု မြှင့်တင်ရေးတို့ကို လုပ်ဆောင်သွားကြမည်ဖြစ်ကြောင်း ပြပွဲစီစဉ်သူများက ပြောကြားသည်။

လူဦးရေထူထပ်သော တရုတ်နှင့် အိန္ဒိယနိုင်ငံများကြားတွင် တည်ရှိပြီး ဈေးကွက်ကြီးထွားလာသော မြန်မာနိုင်ငံအနေဖြင့် ရင်းနှီးမြှုပ်နှံသူများအတွက် ကြီးမားသည့် အလားအလာကောင်းများရှိကြောင်း၊ မြန်မာနိုင်ငံ၏ ပြည်ပတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုမှာ ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၄ခုနှစ်အတွင်း၌ သုံးဆမြင့်တက်လာခဲ့ပြီး အိမ်နီးချင်းထိုင်းနိုင်ငံထက် လုပ်အားခပိုမိုလျော့ကျခြင်းသည် ဒေသဆိုင်ရာနှင့် နိုင်ငံတကာ ကုန်ထုတ်လုပ်ငန်း လုပ်ကိုင်သော ကုမ္ပဏီများအတွက် အကောင်းဆုံးရင်းနှီးမြှုပ်နှံမှုပြုလုပ်ရာနေရာ ဖြစ်လာခဲ့ကြောင်း ပြပွဲစီစဉ်သူများက ဆိုသည်။

မြန်မာအပြည်ပြည်ဆိုင်ရာ ချည်မျှင်နှင့်အထည်လုပ်ငန်းပြပွဲနှင့် ပတ်သက်သော သတင်းစာရှင်းလင်းပွဲကို လာမည့် ဇွန် ၂၄ ရက်တွင် ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံ ကုန်သည်နှင့် စက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး၏ စတုတ္ထအလွှာ၌ကျင်းပမည်ဖြစ်ကြောင်း ပြပွဲဆိုင်ရာသတင်းတာဝန်ခံ ဒေါ်မျိုးကြည်ဖြူထွန်းက ပြောကြားသည်။

**ကျော်သဲအိမ်**

## ပြင်ဆင်ဖတ်ရှုပါရန်

ဇွန် ၂၁ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၉ တွင်ဖော်ပြထားသည့် ထောက်ကြန့်မြို့နယ်၌ စကိတ်စီး အားကစားကွင်းသစ်ဖွင့် ခေါင်းစဉ်နှင့် သတင်းစာသားတွင်ပါရှိသော ထောက်ကြန့်မြို့နယ် **(အစား)** မင်္ဂလာဒုံမြို့နယ်ဟု ပြင်ဆင်ဖတ်ရှုပါရန် အနူးအညွတ်မေတ္တာရပ်ခံအပ်ပါသည်။

**(သတင်းအဖွဲ့)**

# ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေကြမ်း

## ပြည်သူများ သိရှိလေ့လာအကြံပြုနိုင်ရန် ဖော်ပြခြင်းဖြစ်ပါသည်။

**ရာဇသတ်ကြီးကို ပြင်ဆင်သည့်ဥပဒေကြမ်း**
**(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ။ )**
**၁၃၇၇ ခုနှစ်၊ လ ရက်**
**( ၂၀၁၅ ခုနှစ်၊ လ ရက် )**

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကိုရာဇသတ်ကြီးကိုပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ရာဇသတ်ကြီးပုဒ်မ ၅ တွင်ပါရှိသော " officers, soldiers, sailors or airmen in the service of the Government" ဆိုသည့်စကားရပ်ကို " Defence Services Personnel" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ရာဇသတ်ကြီးပုဒ်မ ၁၉ ဥပမာ ခ၊ ပုဒ်မ ၁၉ ဥပမာ ဃ၊ ပုဒ်မ ၁၂၄၊ ပုဒ်မ ၁၆၅ ဥပမာ ဂ၊ ပုဒ်မ ၁၉၃ ရှင်းလင်းချက် ၂ ၏ ဥပမာ၊ ပုဒ်မ ၂၂၇၊ ပုဒ်မ ၄၉၉ စတုတ္ထကင်းလွတ်ချက်၏ ရှင်းလင်းချက်၊ ပုဒ်မ ၄၉၉ အဋ္ဌမကင်းလွတ်ချက်၏ဥပမာနှင့် ပုဒ်မ ၄၉၉ နဝမကင်းလွတ်ချက်၏ ဥပမာ ခ တို့တွင် ပါရှိသော " Magistrate" ဆိုသည့် စကားရပ်တို့ကို "Judge" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ ရာဇသတ်ကြီးပုဒ်မ ၂၁ တွင် -

(က) ဒုတိယ၌ပါရှိသော " Military, Naval or Air Forces of the State" ဆိုသည့်စကားရပ်ကို " Defence Services" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပဉ္စမ၌ပါရှိသော"member of a village committee" ဆိုသည့် စကားရပ်ကို "administrator of ward or village-tract" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ဧကဒသမ၊ ဥပမာ၌ပါရှိသော " A Municipal Commissioner is a public servant." ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

(ဃ) ဧကဒသမ၊ ရှင်းလင်းချက်၃ ၌ပါရှိသော "Union Parliament" ဆိုသည့် စကားရပ်ကို "different levels of the Hluttaw" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅။ ရာဇသတ်ကြီးပုဒ်မ ၄၉ တွင်ပါရှိသော "British calendar" ဆိုသည့် စကားရပ်ကို " International calendar" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၆။ ရာဇသတ်ကြီးပုဒ်မ ၅၃ ၏ ဒုတိယ၊ ပုဒ်မ ၁၂၀-ခ ပုဒ်မခွဲ ၁၊ ပုဒ်မ ၅၀၆ ဒုတိယပိုင်းနှင့် ပုဒ်မ ၅၁၁ တို့တွင်ပါရှိသော "transportation" ဆိုသည့် စကားရပ်တို့ကို "imprisonment for life" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၇။ ရာဇသတ်ကြီးပုဒ်မ ၅၅၊ ပုဒ်မ ၇၅၊ ပုဒ်မ ၁၁၅ ပထမပိုင်း၊ ပုဒ်မ ၁၁၅ ၏ ဥပမာ၊ ပုဒ်မ ၁၁၉ စတုတ္ထပိုင်း၊ ပုဒ်မ ၁၂၂ ပုဒ်မခွဲ ၁၊ ပုဒ်မ ၁၂၂ ပုဒ်မခွဲ ၂၊ ပုဒ်မ ၁၂၃ ပုဒ်မခွဲ ၁၊ ပုဒ်မ ၁၂၅၊ ပုဒ်မ ၁၂၈၊ ပုဒ်မ ၁၃၀၊ ပုဒ်မ ၁၉၄ ပထမပိုင်း၊ ပုဒ်မ ၁၉၅၊ ပုဒ်မ ၁၉၅ ၏ ဥပမာ၊ ပုဒ်မ ၂၀၁ တတိယပိုင်း၊ ပုဒ်မ ၂၁၁ ဒုတိယပိုင်း၊ ပုဒ်မ ၂၁၂ တတိယပိုင်း၊ ပုဒ်မ ၂၁၂ ၏ ဥပမာ၊ ပုဒ်မ ၂၁၃ တတိယပိုင်း၊ ပုဒ်မ ၂၁၄ တတိယပိုင်း၊ ပုဒ်မ ၂၂၁ တတိယပိုင်း၊ ပုဒ်မ ၂၃၂၊ ပုဒ်မ ၂၃၈၊ ပုဒ်မ ၂၅၅၊ ပုဒ်မ ၃၀၂ ပုဒ်မခွဲ ၁ ပုဒ်မခွဲငယ် က၊ ပုဒ်မ ၃၀၂ ပုဒ်မခွဲ ၂၊ ပုဒ်မ ၃၀၄၊ ပုဒ်မ ၃၀၅၊ ပုဒ်မ ၃၀၇ ပထမပိုင်း၊ ပုဒ်မ ၃၀၇ ဒုတိယပိုင်း၊ ပုဒ်မ ၃၁၁၊ ပုဒ်မ ၃၁၃၊ ပုဒ်မ ၃၁၄ ဒုတိယပိုင်း၊ ပုဒ်မ ၃၂၆၊ ပုဒ်မ ၃၂၉၊ ပုဒ်မ ၃၆၄၊ ပုဒ်မ ၃၇၁၊ ပုဒ်မ ၃၇၆၊ ပုဒ်မ ၃၇၇၊ ပုဒ်မ ၃၈၈ ၊ ပုဒ်မ ၃၈၉ ၊ ပုဒ်မ ၃၉၄၊ ပုဒ်မ ၃၉၅၊ ပုဒ်မ ၃၉၆၊ ပုဒ်မ ၄၀၀၊ ပုဒ်မ ၄၀၉၊ ပုဒ်မ ၄၁၂၊ ပုဒ်မ ၄၁၃၊ ပုဒ်မ ၄၃၆၊ ပုဒ်မ ၄၃၈၊ ပုဒ်မ ၄၄၉၊ ပုဒ်မ ၄၅၀၊ ပုဒ်မ ၄၅၉၊ ပုဒ်မ ၄၆၀၊ ပုဒ်မ ၄၆၇၊ ပုဒ်မ ၄၇၂၊ ပုဒ်မ ၄၇၄၊ ပုဒ်မ ၄၇၅၊ ပုဒ်မ ၄၇၇၊ ပုဒ်မ ၄၈၉-က၊ ပုဒ်မ ၄၈၉-ခ နှင့် ပုဒ်မ ၄၈၉-ဃ တို့တွင်ပါရှိသော " transportation for life" ဆိုသည့် စကားရပ်တို့ကို " imprisonment for life " ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၈။ ရာဇသတ်ကြီးပုဒ်မ ၅၇ တွင်ပါရှိသော "transportation for life" ဆိုသည့် စကားရပ်ကို "imprisonment for life" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "transportation" ဆိုသည့်စကားရပ်ကို "imprisonment" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၉။ ရာဇသတ်ကြီးပုဒ်မ ၅၈၊ ပုဒ်မ ၅၉ နှင့် ပုဒ်မ ၂၂၆ တို့ကို ပယ်ဖျက်ရမည်။

၁၀။ ရာဇသတ်ကြီးပုဒ်မ ၆၇ တွင်ပါရှိသော " fifty kyats" ဆိုသည့်စကားရပ်ကို " five thousand kyats" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ " one hundred kyats" ဆိုသည့်စကားရပ်ကို " ten thousand kyats" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၁၁။ ရာဇသတ်ကြီးပုဒ်မ ၆၉ ၏ဥပမာတွင်ပါရှိသော " one hundred kyats" ဆိုသည့်စကားရပ်ကို " ten thousand kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "seventy- five kyats" ဆိုသည့် စကားရပ်ကို " seven thousand and five hundred kyats" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ "fifty kyats" ဆိုသည့် စကားရပ်ကို " five thousand kyats " ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၁၂။ ရာဇသတ်ကြီးပုဒ်မ ၁၁၈ တွင် -

(က) ပထမပိုင်း၌ပါရှိသော "transportation for life" ဆိုသည့် စကားရပ်ကို " imprisonment for life" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ဥပမာ၌ပါရှိသော "Magistrate" ဆိုသည့် စကားရပ်တို့ကို "Judge" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၃။ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-က တွင်ပါရှိသော " with transportation for life or an shorter term, to which fine may be added,or with imprisonment which may extend to three years, to which fine may be added, or with fine" ဆိုသည့် စကားရပ်ကို " with imprisonment for life, to which fine may be added,or with imprisonment which may extend to seven years, to which fine may be added, or with fine " ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၄။ ရာဇသတ်ကြီးအခန်း ၆-က ခေါင်းစဉ်တွင်ပါရှိသော " OFFENCES RELATING TO CERTAIN PROVISIONS CONTAINED IN THE CONSTITUTION AND ACTS OF THE PARLIAMENT" ဆိုသည့်စကားရပ်ကို " OFFENCES RELATING TO CERTAIN PROVISIONS CONTAINED IN THE CONSTITUTION AND THE LAWS RELATING TO THE HLUTTAW " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၅။ ရာဇသတ်ကြီးပုဒ်မ ၁၃၀-က တွင်ပါရှိသော "in section 15,17,19,20, or sub-sections 2 and 3 of sections 23 of the Constitution of the Union of Myanmar or in any Act enacted by the Parliament of the Union of Myanmar " ဆိုသည့်စကားရပ်ကို " in sub-section b of section 36, section 350, section 354, section 355, section 356, section 358, section 359 , section 360 of the Constitution of the Republic of the Union of Myanmar or in the laws relating to the Hluttaw of the Republic of the Union of Myanmar " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၁၆။ ရာဇသတ်ကြီး အခန်း ၇ ခေါင်းစဉ်တွင်ပါရှိသော " OF OFFENCES RELATING TO THE ARMY, NAVY AND AIR FORCE " ဆိုသည့်စကားရပ်ကို" OF OFFENCES RELATING TO THE DEFENCE SERVICES" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၁၇။ ရာဇသတ်ကြီးပုဒ်မ ၁၃၁ တွင်ပါရှိသော " an officer, soldier, sailor or airman, in the Army, Navy or Air Force" ဆိုသည့် စကားရပ်ကို " a member of the Defence Services"ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ "any such officer, soldier, sailor or airman" ဆိုသည့်စကားရပ်ကို "any such member of the Defence Services" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ "transportation for life" ဆိုသည့်စကားရပ်ကို "imprisonment for life" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၁၈။ ရာဇသတ်ကြီးပုဒ်မ ၁၃၂ တွင်ပါရှိသော " an officer, soldier, sailor or airman, in the Army, Navy or Air Force" ဆိုသည့်စကားရပ်ကို " a member of the Defence Services"ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ "transportation for life" ဆိုသည့်စကားရပ်ကို " imprisonment for life" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အစားထိုးရမည်။

၁၉။ ရာဇသတ်ကြီးပုဒ်မ ၁၃၃၊ ပုဒ်မ ၁၃၄နှင့် ပုဒ်မ ၁၃၈ တို့တွင် ပါရှိသော "an officer, soldier, sailor or airman, in the Army, Navy or Air Force " ဆိုသည့် စကားရပ်တို့ကို "a member of the Defence Services" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၀။ ရာဇသတ်ကြီးပုဒ်မ ၁၃၅ နှင့် ပုဒ်မ ၅၀၅ ပုဒ်မခွဲ က တို့တွင် ပါရှိသော "any officer, soldier, sailor or airman, in the Army, Navy or Air Force "ဆိုသည့် စကားရပ်တို့ကို"any member of the Defence Services" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၁။ ရာဇသတ်ကြီးပုဒ်မ ၁၃၆ တွင်ပါရှိသော " an officer, soldier, sailor or airman, in the Army, Navy or Air Force " ဆိုသည့်စကားရပ်ကို "a member of the Defence Services " ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ " such officer, soldier, sailor or airman" ဆိုသည့် စကားရပ်ကို " such member of the Defence Services" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၂၂။ ရာဇသတ်ကြီးပုဒ်မ ၁၃၇ တွင်ပါရှိသော " the Army, Navy or Air Force" ဆိုသည့်စကားရပ်ကို " the Defence Services " ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ " five hundred kyats" ဆိုသည့်စကားရပ်ကို " fifty thousand kyats" ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၂၃။ ရာဇသတ်ကြီးပုဒ်မ ၁၃၉ တွင်ပါရှိသော"the Myanmar Army Act, the Myanmar Naval Volunteer Reserve (Discipline) Act or the Myanmar Air Force (Discipline) Act, 1947, " ဆိုသည့်စကားရပ်တို့ကို "the Defence Services Act,1959" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၄။ ရာဇသတ်ကြီးပုဒ်မ ၁၄၀ တွင်ပါရှိသော " a soldier, sailor or airman, in the Military, Naval or Air service " ဆိုသည့်စကားရပ်နှင့် "a soldier, sailor or airman" ဆိုသည့်စကားရပ်တို့ကို "a member of the Defence Services " ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ " five hundred kyats" ဆိုသည့်စကားရပ်ကို " fifty thousand kyats" ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အစားထိုးရမည်။

၂၅။ ရာဇသတ်ကြီးပုဒ်မ ၁၄၁ ၏ပထမတွင်ပါရှိသော " Union Parliament" ဆိုသည့် စကားရပ်ကို "Pyidaungsu Hluttaw" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၆။ ရာဇသတ်ကြီးပုဒ်မ ၁၅၄၊ ပုဒ်မ ၁၇၈၊ ပုဒ်မ ၁၇၉၊ ပုဒ်မ ၁၈၃၊ ပုဒ်မ ၂၂၈၊ ပုဒ်မ ၂၇၂၊ ပုဒ်မ ၂၇၃၊ ပုဒ်မ ၂၇၄၊ ပုဒ်မ ၂၇၅၊ပုဒ်မ ၂၇၆၊ ပုဒ်မ ၂၈၀၊ပုဒ်မ ၂၈၂၊ ပုဒ်မ ၂၈၄၊ ပုဒ်မ ၂၈၇၊ပုဒ်မ ၂၈၈၊ ပုဒ်မ ၂၈၉၊ ပုဒ်မ ၂၉၄-က ဒုတိယပိုင်း၊ ပုဒ်မ ၂၉၄-က တတိယပိုင်း၊ ပုဒ်မ ၃၂၃၊ ပုဒ်မ ၃၃၇၊ ပုဒ်မ ၃၄၂၊ ပုဒ်မ ၃၅၇ နှင့် ပုဒ်မ ၄၄၈ တို့တွင် ပါရှိသော " one thousand kyats" ဆိုသည့်စကားရပ်တို့ကို " one hundred thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၂၇။ ရာဇသတ်ကြီးပုဒ်မ ၁၆၀ တွင်ပါရှိသော " one hundred kyats" ဆိုသည့် စကားရပ်ကို "ten thousand kyats" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၈။ ရာဇသတ်ကြီးတွင် -

(က) ပုဒ်မ ၁၆၁ ၌ပါရှိသော " Union Parliament " ဆိုသည့်စကားရပ်ကို "Pyidaungsu Hluttaw " ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၁၆၁ ဥပမာ က ၌ပါရှိသော " Magistrate" ဆိုသည့် စကားရပ်ကို "Judge " ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၂၉။ ရာဇသတ်ကြီးတွင် -

(က) ပုဒ်မ ၁၇၁ ၌ပါရှိသော " two hundred kyats" ဆိုသည့်စကားရပ်ကို "twenty thousand kyats" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

( ခ) ပုဒ်မ ၁၇၁-စ၊ ခြွင်းချက်၌ပါရှိသော " Parliament " ဆိုသည့် စကားရပ်ကို " Hluttaw" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဂ) ပုဒ်မ ၁၇၁-ဇ ၌ပါရှိသော "five hundred kyats " ဆိုသည့် စကားရပ်ကို " fifty thousand kyats" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ဃ) ပုဒ်မ ၁၇၁-ဈ၊ ခြွင်းချက်၌ ပါရှိသော " ten kyats" ဆိုသည့် စကားရပ်ကို "one thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(င) ပုဒ်မ ၁၇၁-ဈ၌ ပါရှိသော " five hundred kyats" ဆိုသည့် စကားရပ်ကို "fifty thousand kyats" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃၀။ ရာဇသတ်ကြီးပုဒ်မ ၁၇၂ တွင် -

(က) ပထမပိုင်း၌ ပါရှိသော " five hundred kyats" ဆိုသည့် စကားရပ်ကို "fifty thousand kyats " ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ဒုတိယပိုင်း၌ပါရှိသော " one thousand kyats" ဆိုသည့် စကားရပ်ကို "one hundred thousand kyats" ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၃၁။ ရာဇသတ်ကြီးပုဒ်မ ၁၇၃ တွင် -

(က) ပထမပိုင်း၌ပါရှိသော " five hundred kyats " ဆိုသည့် စကားရပ်ကို "fifty thousand kyats " ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ဒုတိယပိုင်း၌ ပါရှိသော " one thousand kyats " ဆိုသည့် စကားရပ်ကို "one hundred thousand kyats " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၂။ ရာဇသတ်ကြီးပုဒ်မ ၁၇၄ တွင် -

(က) ပထမပိုင်း၌ပါရှိသော " five hundred kyats " ဆိုသည့် စကားရပ်ကို "fifty thousand kyats " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ဒုတိယပိုင်း၌ပါရှိသော " one thousand kyats" ဆိုသည့် စကားရပ်ကို "one hundred thousand kyats " ဆိုသည့်စကား ရပ်ဖြင့် အစားထိုးရမည်။

၃၃။ ရာဇသတ်ကြီးပုဒ်မ ၁၇၅ တွင် -

(က) ပထမပိုင်း၌ပါရှိသော " five hundred kyats " ဆိုသည့်စကား ရပ်ကို "fifty thousand kyats " ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ဒုတိယပိုင်း၌ ပါရှိသော " one thousand kyats " ဆိုသည့် စကားရပ်ကို "one hundred thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၄။ ရာဇသတ်ကြီးပုဒ်မ ၁၇၆ တွင် -

(က) ပထမပိုင်း၌ ပါရှိသော " five hundred kyats" ဆိုသည့် စကားရပ်ကို "fifty thousand kyats " ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ဒုတိယပိုင်း၌ ပါရှိသော " one thousand kyats " ဆိုသည့် စကားရပ်ကို "one hundred thousand kyats " ဆိုသည့် စကားရပ်ဖြင့် အစားထိုး ရမည်။

၃၅။ ရာဇသတ်ကြီးပုဒ်မ ၁၇၇ တွင် -

(က) ပထမပိုင်း၌ ပါရှိသော " one thousand kyats " ဆိုသည့် စကားရပ်ကို "one hundred thousand kyats" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ဥပမာ၌ ပါရှိသော "Magistrate" ဆိုသည့် စကားရပ်ကို "Judge" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၆။ ရာဇသတ်ကြီးပုဒ်မ ၁၈၀၊ ပုဒ်မ ၁၈၄၊ ပုဒ်မ ၁၈၆၊ ပုဒ်မ ၂၇၇၊ ပုဒ်မ ၂၇၈၊ ပုဒ်မ ၃၃၄၊ ပုဒ်မ ၃၃၆၊ ပုဒ်မ ၃၄၁၊ ပုဒ်မ ၃၅၂ နှင့် ပုဒ်မ ၄၄၇ တို့တွင်ပါရှိသော " five hundred kyats " ဆိုသည့်စကားရပ်တို့ကို " fifty thousand kyats " ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၇။ ရာဇသတ်ကြီးပုဒ်မ ၁၈၂ တွင် -

(က) ပုဒ်မခွဲ ခ ၌ပါရှိသော " one thousand kyats " ဆိုသည့်စကား ရပ်ကို "one hundred thousand kyats " ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ဥပမာ က ၌ပါရှိသော " Magistrate" ဆိုသည့် စကားရပ်တို့ကို "Judge" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

စာမျက်နှာ ၁၁ သို့

# နေပြည်တော်ကောင်စီနယ်မြေ ဘိုးဘွားရိပ်သာ၊ ပရဟိတဂေဟာနှင့် မူကြိုကျောင်းများအားထောက်ပံ့

**နေပြည်တော် ဇွန် ၂၁**

နေပြည်တော်ကောင်စီနယ်မြေအတွင်း ထပ်မံစာရင်းရရှိသော အသက် ၁၀၀ နှင့်အထက် ဘိုးဘွားများကို ဂုဏ်ပြုလွှာနှင့် ချီးမြှင့်ငွေများပေးအပ်ခြင်း၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ငွေပေးအပ်ပွဲနှင့် စေတနာ့ဝန်ထမ်းလူငယ်မွမ်းမံသင်တန်း(၁၁/၂၀၁၅) ဖွင့်ပွဲအခမ်းအနားကို ဇွန် ၁၉ ရက်မွန်းလွဲပိုင်းက လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးရုံး စုပေါင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် လူမှုရေးကာကွယ်စောင့်ရှောက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဒေါ်မြတ်မြတ်အုန်းခင်နှင့် နေပြည်တော်ကောင်စီဝင်ဦးသန်းဌေးတို့ကအမှာစကားများပြောကြားပြီး အသက် ၁၀၀ နှင့်အထက် ဘိုးဘွားသုံးဦးအတွက် ဂုဏ်ပြုလွှာနှင့် ချီးမြှင့်ငွေများကို မိသားစုဝင်များထံ ပေးအပ်သည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ လယ်ဝေးမြို့နယ် စမတောင်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ ပျဉ်းမနားမြို့နယ်အတွင်းရှိ မြတ်ဆုမွန်လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ ခေမာသီဝံ လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ ပျဉ်းမနားဘိုးဘွားရိပ်သာ၊ ဒက္ခိဏသီရိမြို့နယ်အတွင်းရှိ မြတ်ပညာလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ သုဇနကာရီလူငယ်ဖွံ့ဖြိုးရေးပရဟိတ ဂေဟာ၊ ဥယျာဉ်လူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ ကျောက်စရစ်ကုန်းလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ကျောင်းစုလူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ၊ အေးမေတ္တာစံလူငယ်ဖွံ့ဖြိုးရေးပရဟိတဂေဟာ၊ ဥတ္တရခရိုင်အတွင်းရှိ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၂၉ ကျောင်းတို့အတွက် စုစုပေါင်းကျပ်သိန်းပေါင်း ၈၇၂ ဒသမ ၇၄ သိန်းကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)



# (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ ထိပ်သီးအစည်းအဝေးနှင့် (၆)ကြိမ်မြောက် အက်မက်စ် ထိပ်သီးအစည်းအဝေးများနှင့်ပတ်သက်၍

**(၇) ကြိမ်မြောက် ကမ္ဘောဒီးယား-လာအို-မြန်မာ-ဗီယက်နမ် (စီအယ်လ်အမ်ဗွီ) ထိပ်သီးအစည်းအဝေးနှင့် အဆိုပါလေးနိုင်ငံအပါအဝင် ထိုင်းနိုင်ငံပါဝင်သည့် (၆)ကြိမ်မြောက် ဧရာဝတီ-ကျောက်ဖယား-မဲခေါင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုမဟာဗျူဟာ (အက်မက်စ်)ထိပ်သီးအစည်းအဝေးကြီးများ၏ အကြိုအစည်းအဝေးများအဖြစ် အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၁ ၌ ကျင်းပခဲ့သည်။**

**အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးနှင့်ပတ်သက်၍ မေးမြန်းခဲ့သမျှကို ပြန်လည်ရေးသားတင်ပြလိုက်ရပါသည်။**

မင်းမင်းဇော်(သတင်းစဉ်)

**ဦးစံလွင်**
**ညွှန်ကြားရေးမှူးချုပ်၊ နိုင်ငံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန**



ဒီနေ့ကျင်းပတဲ့ အစည်းအဝေးကတော့ (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီ အစည်းအဝေးရဲ့ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးဖြစ်ပါတယ်။ စီအယ်လ်အမ်ဗွီ အစည်းအဝေးမှာ ဆုံးဖြတ်မယ့် ပူးတွဲကြေညာချက်ကို နောက်ဆုံးညှိနှိုင်းကြတာလည်း ဖြစ်ပါတယ်။ အရင်အပတ်က အဆင့်မြင့်အရာရှိအစည်းအဝေးတစ်ခုလုပ်ပြီးပြီ၊ အဲဒီမှာ ပူးတွဲကြေညာချက်ကို အချောနီးပါးထွက်အောင် ဒီကနေ့နောက်ဆုံးညှိနှိုင်းပြီး ပူးတွဲကြေညာချက်မူကြမ်းကိုရပြီဆိုရင် မနက်ဖြန်မှာကျင်းပမယ့် ဝန်ကြီးအဆင့်အစည်းအဝေးမှာ ဒီဆုံးဖြတ်ချက်ကို တင်ပြအတည်ပြုမှာ ဖြစ်ပါတယ်။ အဲဒီအစည်းအဝေးက အတည်ပြုပြီးရင် ထိပ်သီးအစည်းအဝေးမှာအတည်ပြုပြီးတာနဲ့ ထုတ်ပြန်ကြေညာမှာဖြစ်ပါတယ်။ ဒီနေ့ အဓိကတော့ ပူးတွဲကြေညာချက်ကို ညှိနှိုင်းတာပါ။ နောက်ပြီး နိုင်ငံခြားရေးဝန်ကြီးအစည်းအဝေးရဲ့အစီအစဉ်ညှိတယ်၊ ထိပ်သီးအစည်းအဝေးအစီအစဉ် ညှိနှိုင်းပါတယ်။ ကျွန်တော်က အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးရဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်လို့ Chair Report ကိုမနက်ဖြန် နိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးမှာ တင်ပြရမှာဖြစ်ပါတယ်။ အဲဒီ Chair Report ကို အပြီးသတ် ညှိနှိုင်းတာဖြစ်ပါတယ်။ ရင်းနှီးမှု၊ ချစ်ကြည်မှုကို အခြေခံညှိနှိုင်းကြတာဖြစ်တဲ့အတွက် ဘာမှထူးထူးထွေထွေ ညှိနှိုင်းစရာမလိုဘဲ သတ်မှတ်တဲ့အချိန်အတွင်းမှာ အဆင်ပြေစွာညှိနှိုင်းနိုင်ခဲ့ပါတယ်။ ဒီအဆင့်မြင့် အရာရှိကြီးများအစည်းအဝေးမှာ စီအယ်လ်အမ်ဗွီအဖွဲ့ဝင်နိုင်ငံတွေအပြင် အာဆီယံအတွင်းရေးမှူးချုပ်ရုံးကိုလည်း အစည်းအဝေးမှာပါဝင်ဖို့ ဖိတ်ကြားတဲ့အတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးကလည်း တက်ရောက်ပါတယ်။

နောက်အစည်းအဝေးကတော့ မကြာမီပြုလုပ်မယ့် အက်မက်စ် ထိပ်သီးအစည်းအဝေးရဲ့ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးပါ။ အက်မက်စ် အစည်းအဝေးကနေ စာတမ်းနှစ်ခုထုတ်မယ်။ တစ်ခုကတော့ နေပြည်တော်ကြေညာစာတမ်းဖြစ်ပြီး၊ တစ်ခုကတော့ အက်မက်စ်လုပ်ငန်းအစီအစဉ် ၂၀၁၆ ကနေ ၂၀၁၈ ထိ သုံးနှစ်စာအတွက် ဖြစ်ပါတယ်။ စီအယ်အမ်ဗွီလိုပဲ အက်မက်စ်အဆင့်မြင့်အရာရှိအစည်းအဝေးကို အရင်တစ်ပတ်က ပြုလုပ်ပြီးပါပြီ၊ အဲဒီမှာ နေပြည်တော်ကြေညာချက်ရော၊ လုပ်ငန်းအစီအစဉ်ကိုပါ အကြမ်းညှိနှိုင်းပြီးပါပြီ၊ ဒီကနေ့ အချောသပ်မှာဖြစ်ပါတယ်။ ဒါပြီးရင် ဝန်ကြီးအဆင့်အစည်းအဝေးနဲ့ ထိပ်သီးအစည်းအဝေးကို တင်ပြီး အတည်ပြုပြီးရင် ကြေညာချက်ကို ထုတ်ပြန်မှာဖြစ်ပါတယ်။

**မစ္စတာဗူကွမ်မင်း၊ ညွှန်ကြားရေးမှူးချုပ် ဗီယက်နမ် ဆိုရှယ်လစ်သမ္မတနိုင်ငံ**



ဒီအစည်းအဝေးကို မြန်မာနိုင်ငံမှာ လာပြီးတက်ရောက်ရတဲ့အတွက် ဝမ်းသာပါတယ်။ ဒီစီအယ်လ်အမ်ဗွီ အစည်းအဝေးနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ မျှော်လင့်ချက်တွေအများကြီးရှိခဲ့ပါတယ်။ ဒီအစည်းအဝေးကနေပြီးတော့ ပူးပေါင်းဆောင်ရွက်တဲ့လုပ်ငန်းစဉ်တွေကို အရှိန်အဟုန်မြှင့်တင်သွားနိုင်လိမ်မယ့်လို့လည်းမျှော်လင့်ပါတယ်။ ကျွန်တော်တို့ လုပ်ငန်းတွေ ဆောင်ရွက်ကြတဲ့နေရာမှာ အလှူရှင်တွေနဲ့အတူတူ အကူအညီ လက်ခံတဲ့နိုင်ငံတွေကလည်း ပူးပေါင်းဆောင်ရွက်သွားဖို့ လိုပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ကမ္ဘာ့ဘဏ်တို့လို၊ အေဒီဘီတို့လို အဖွဲ့အစည်းတွေကလည်း ပူးပေါင်းဆောင်ရွက်မှုတွေကို မြှင့်တင်ဖို့စီစဉ်နေတဲ့ အနေအထားမျိုးရှိပါတယ်။ အဲဒီအနေအထားမျိုးမှာ ကျွန်တော်တို့က အဆင်သင့်ဖြစ်နေဖို့ စီအယ်လ်အမ်ဗွီ နိုင်ငံတွေအနေနဲ့ဆောင်ရွက်သွားဖို့လိုပါတယ်။ ဒီလိုဆောင်ရွက်တဲ့နေရာမှာ စီအယ်လ်အမ်ဗွီအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးရဲ့ ဥက္ကဋ္ဌဖြစ်တဲ့ မြန်မာနိုင်ငံရဲ့အခန်းကဏ္ဍဟာ အင်မတန်အရေးပါ ပါတယ်။ မြန်မာနိုင်ငံရဲ့ အိမ်ရှင်ဧည့်ဝတ်ကျေပွန်မှုတွေကို များစွာကျေးဇူးတင်ပါတယ်။

*စာမျက်နှာ ၁၀ မှ*

၃၈။ ရာဇသတ်ကြီးပုဒ်မ ၁၈၅၊ ပုဒ်မ ၂၈၃၊ပုဒ်မ ၂၉၀၊ ပုဒ်မ ၃၅၈ နှင့် ပုဒ်မ ၄၉၁ တို့တွင်ပါရှိသော “ two hundred kyats ” ဆိုသည့် စကားရပ်တို့ကို “ twenty thousand kyats” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃၉။ ရာဇသတ်ကြီးပုဒ်မ ၁၈၇ တွင် -

(က) ပထမပိုင်း၌ ပါရှိသော “ two hundred kyats ” ဆိုသည့် စကားရပ်ကို “twenty thousand kyats ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ဒုတိယပိုင်း၌ ပါရှိသော “ five hundred kyats” ဆိုသည့် စကားရပ်ကို “fifty thousand kyats ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄၀။ ရာဇသတ်ကြီးပုဒ်မ ၁၈၈ တွင် -

(က) ပထမပိုင်း၌ ပါရှိသော “ two hundred kyats ” ဆိုသည့် စကားရပ်ကို “twenty thousand kyats ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ဒုတိယပိုင်း၌ ပါရှိသော “ one thousand kyats”ဆိုသည့် စကားရပ်ကို “one hundred thousand kyats ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄၁။ ရာဇသတ်ကြီးပုဒ်မ ၂၁၆ တွင် -

(က) တတိယပိုင်း၌ ပါရှိသော “transportation for life ” ဆိုသည့် စကားရပ်ကို “imprisonment for life ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပဥ္စမပိုင်း၌ ပါရှိသော “ extradition” ဆိုသည့်စကားရပ်ကို “extradition or The Mutual Assistance in Criminal Matters Law ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄၂။ ရာဇသတ်ကြီးပုဒ်မ ၂၂၂ တွင် -

(က) ဒုတိယပိုင်း၌ ပါရှိသော “ transportation for life ” ဆိုသည့် စကားရပ်ကို “ imprisonment for life ” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

( ခ) တတိယပိုင်း၌ ပါရှိသော “ transportation for life or to transportation or imprisonment for a term of ten years or upwards;” ဆိုသည့် စကားရပ်ကို “ imprisonment for life or imprisonment for a term of ten years or upwards;” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄၃။ ရာဇသတ်ကြီးပုဒ်မ ၂၂၅ တွင် -

(က) ဒုတိယပိုင်းနှင့် ပဥ္စမပိုင်းတို့၌ပါရှိသော “ transportation for life ” ဆိုသည့် စကားရပ်တို့ကို “ imprisonment for life ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) စတုတ္ထပိုင်း၌ပါရှိသော “ transportation for life or to transportation or imprisonment for a term of ten years or upwards; ” ဆိုသည့် စကားရပ်ကို “ imprisonment for life or imprisonment for a term of ten years or upwards;” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄၄။ ရာဇသတ်ကြီးပုဒ်မ ၂၆၃-က တွင် -

(က) ပုဒ်မခွဲ ၁ ပုဒ်မခွဲငယ် ဂဂ ၌ပါရှိသော “ two hundred kyats” ဆိုသည့် စကားရပ်ကို “ twenty thousand kyats ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မခွဲ ၄ ကို ပယ်ဖျက်ရမည်။

၄၅။ ရာဇသတ်ကြီးတွင် -

(က) ပုဒ်မ ၂၇၉ ၌ပါရှိသော “one thousand kyats” ဆိုသည့် စကားရပ်ကို “one hundred thousand kyats ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

( ခ) ပုဒ်မ ၂၇၉-က ၌ပါရှိသော “five hundred kyats” ဆိုသည့် စကားရပ်ကို “fifty thousand kyats” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄၆။ ရာဇသတ်ကြီးပုဒ်မ ၃၃၅ တွင်ပါရှိသော “ two thousand kyats ” ဆိုသည့် စကားရပ်ကို “ two hundred thousand kyats ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄၇။ ရာဇသတ်ကြီးတွင် -

(က) ပုဒ်မ ၃၇၅ ၏ ပဥ္စမ ၌ပါရှိသော “fourteen years of age” ဆိုသည့် စကားရပ်ကို “sixteen years of age ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) ပုဒ်မ ၃၇၅ ၏ ကင်းလွတ်ချက်၌ပါရှိသော “ thirteen years of age ” ဆိုသည့် စကားရပ်ကို “fifteen years of age” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄၈။ ရာဇသတ်ကြီးပုဒ်မ ၄၁၇ တွင်ပါရှိသော “one year ” ဆိုသည့် စကားရပ်ကို “three years ” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၄၉။ ရာဇသတ်ကြီးပုဒ်မ ၄၂၇ နှင့် ပုဒ်မ ၄၂၉ တို့တွင်ပါရှိသော “ fifty kyats ” ဆိုသည့် စကားရပ်တို့ကို “five thousand kyats ” ဆိုသည့်စကားရပ်ဖြင့် အစားထိုးရမည်။

၅၀။ ရာဇသတ်ကြီးပုဒ်မ ၄၂၈နှင့် ပုဒ်မ ၅၁၀ တို့တွင်ပါရှိသော “ten kyats” ဆိုသည့် စကားရပ်တို့ကို “one thousand kyats ” ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၅၁။ ရာဇသတ်ကြီးပုဒ်မ ၄၃၅ တွင်ပါရှိသော “one hundred kyats” ဆိုသည့် စကားရပ်ကို “ten thousand kyats”ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ “ ten kyats ” ဆိုသည့် စကားရပ်ကို “ one thousand kyats” ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အစားထိုးရမည်။

# မြန်မာ-အိန္ဒိယနှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား နယ်စပ်ဒေသလုံခြုံရေးဆိုင်ရာ ကိစ္စရပ်များ ညှိနှိုင်းပူးပေါင်းဆောင်ရွက်

**နေပြည်တော် ဇွန် ၂၁**

အိန္ဒိယနိုင်ငံ မဏိပူရ်ပြည်နယ် ချန်ဒေးခရိုင် Moltuk ရွာအနီး၌ အိန္ဒိယတပ်မတော်မှ လုံခြုံရေး ဆောင်ရွက်နေသော ယာဉ်တန်းအား ဇွန် ၄ ရက် နံနက်ပိုင်းက NSCN(IM) သောင်းကျန်းသူအဖွဲ့က ချုံခိုတိုက်ခိုက်ခဲ့ရာ လုံခြုံရေး တပ်ဖွဲ့ဝင်အချို့ ကျဆုံးခဲ့သည့် ဖြစ်စဉ်နှင့်စပ်လျဉ်း၍ အိန္ဒိယ တပ်မတော်မှ တပ်ဖွဲ့များက ဖြစ်စဉ် ဖြစ်ပွားခဲ့သည့် ချန်ဒေးခရိုင်အတွင်းရှိ နယ်စပ်တစ်လျှောက်တွင် နယ်မြေ ရှင်းလင်းစဉ် ဇွန် ၉ ရက်တွင် မြန်မာ-အိန္ဒိယ နယ်နိမိတ်မှတ်တိုင် အမှတ်(၁၁၉)အနီး တစ်ဖက်နိုင်ငံ အတွင်းရှိ မိုဘိုင်လွတ်ရွာအနီး၌ NSCN(IM) သောင်းကျန်းသူအဖွဲ့ နှင့် တွေ့ဆုံတိုက်ပွဲဖြစ်ပွားခဲ့ကြောင်း သိရှိရသည်။

မြန်မာ-အိန္ဒိယ နယ်စပ်ဒေသ လုံခြုံရေးကိစ္စရပ်များနှင့်ပတ်သက်၍ တပ်မတော်နှစ်ရပ် အကြားတွင် အောက်ခြေတပ်စခန်းအဆင့် အပြန် အလှန်တွေ့ဆုံဆွေးနွေးမှု၊ ဒေသ အဆင့် တွေ့ဆုံဆွေးနွေးမှုနှင့် အဆင့် မြင့်အရာရှိကြီးများ တွေ့ဆုံဆွေးနွေး မှုများ ပုံမှန်ပြုလုပ်၍ လုံခြုံရေး ဆိုင်ရာများအား ညှိနှိုင်းပူးပေါင်း ဆောင်ရွက်လျက်ရှိသည်။

မြန်မာ့တပ်မတော် အနေဖြင့် မြန်မာ - အိန္ဒိယ နယ်စပ်တစ်လျှောက် တွင် သောင်းကျန်းသူများ ခိုအောင်း လှုပ်ရှားမှု မရှိစေရေးအတွက် နယ်မြေခံတပ်ရင်းများဖြင့် နယ်မြေ လုံခြုံရေး၊ နယ်မြေစိုးမိုးရေးလုပ်ငန်း များအား စဉ်ဆက်မပြတ် လှုပ်ရှား လျက်ရှိသည့်အပြင် သောင်းကျန်းသူ အဖွဲ့များ မိမိနိုင်ငံအတွင်း ဝင်ရောက် ခိုအောင်းမှု မရှိစေရန်အတွက် လည်း တပ်အင်အားဖြည့်တင်း၍ တစ်ဖက်နိုင်ငံ၌ နယ်မြေရှင်းလင်း လျက်ရှိသော အိန္ဒိယတပ်ဖွဲ့များနှင့် ညှိနှိုင်းပြီး ဟန်ချက်ညီ ရှင်းလင်း လျက်ရှိသည်။

မြန်မာ့တပ်မတော် အနေဖြင့် နယ်စပ်ဒေသ တစ်လျှောက်တွင် မြန်မာနိုင်ငံကို အခြေပြု၍ အိမ်နီး ချင်းနိုင်ငံများ၏ အကျိုးစီးပွားကို ထိခိုက်အောင် လုပ်ဆောင်နေသော မည်သည့် သောင်းကျန်းသူအဖွဲ့ အစည်းကိုမျှ လက်ခံမည်မဟုတ်ဟူ သည့် မူဝါဒချမှတ်ဆောင်ရွက်လျက် ရှိကြောင်း၊ မြန်မာ-အိန္ဒိယ နယ်စပ် သာမက အိမ်နီးချင်းနိုင်ငံများ၏ နယ်စပ်ဒေသအားလုံးတွင်ပါ ယင်း မူဝါဒနှင့်အညီ ဆောင်ရွက်လျက်ရှိ ကြောင်း သတင်းရရှိသည်။

**(မြဝတီ)**

# ဟိုတယ်တည်ဆောက်ရေးလုပ်ငန်းခွင် သံငြမ်းပြိုမှု နှစ်ဦးသေဆုံး၊ တစ်ဦးပိတ်မိနေ

မန္တလေး ဇွန် ၂၁

**ဇွန် ၂၀ ရက်က ဖြစ်ပွားခဲ့သော မန္တလေးမြို့ရှိ မင်္ဂလာ မန္တလေးစီမံကိန်းအတွင်းရှိ ဟိုတယ် အဆောက်အအုံဆောက်လုပ်နေစဉ် ကွန်ကရစ်လောင်းရာ၌ အောက်ခံသံငြမ်းပြိုကျမှုတွင် ကယ်ဆယ်ရေးလုပ်ငန်းများအား ဒုတိယနေ့အဖြစ် ဆက်လက်ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၁ ရက် ညနေ ၅ နာရီအထိ ထိခိုက်ဒဏ်ရာရရှိသူ ၁၈ ဦး၊ သေဆုံးသူနှစ်ဦးနှင့်အသက်ရှင်လျက်ပိတ်မိနေသူတစ်ဦးရှိကြောင်း Region Hospitality ကုမ္ပဏီမှ ဒါရိုက်တာ ဦးဇင်မင်းဆွေက ပြောသည်။**



"ဆေးရုံတက်လူနာတွေအတွက် လိုအပ်တဲ့ဆေးဝါးကုသမှုစရိတ်တွေ အားလုံးဖြည့်ဆည်းပေးလျက် ရှိပါ တယ်။ သေဆုံးသူတွေအတွက်လည်း အပြည့်အဝ ကူညီပေးဖို့ ကုမ္ပဏီက တာဝန်ရှိသူတွေက စီစဉ်ပေးနေပါ တယ်။ ဒီမတော်တဆမှုဖြစ်စဉ်ရဲ့ အဓိကအကြောင်းအရင်းကို ဖော် ထုတ်နိုင်ဖို့အတွက် ကုမ္ပဏီကတာဝန် ရှိသူတွေအနေနဲ့ စစ်ဆေးမှုအပိုင်း တွေပြုလုပ်နေပါတယ်"ဟု ၎င်းက ဆက်လက်ပြောပြသည်။

ငြမ်းပြိုကျမှုကြောင့် ဒဏ်ရာရ ရှိသူ ၁၈ ဦးအနက် ရှစ်ဦးမှာ ဇွန် ၂၀ ရက် ညပိုင်းကပင် သက်သာခဲ့သဖြင့် ဆေးရုံမှပြန်လည်ဆင်းခဲ့ပြီး ကျန် ၁၀ ဦးမှာ ဆေးဝါးကုသမှုများ ဆက်လက် ခံယူနေကြောင်း၊ အသက်ရှင်လျက် ပိတ်မိနေသူတစ်ဦးကိုလည်း ကယ် ဆယ်ရေးလုပ်ငန်းများ ဆက်လက် ဆောင်ရွက်နေကြောင်း သိရသည်။

**အောင်ရဲသွင်**



# စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၀ ဖမ်းဆီးရမိ

**နေပြည်တော် ဇွန် ၂၁**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဒေသအတွင်း မဲခေါင်စစ်ဆင်ရေး(၂)စီမံချက် ကို ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၉ ရက်က နယ်မြေခံတပ်၊ မူးယစ်တပ်ဖွဲ့စု (၁၀၄)နေပြည်တော်၊ မူးယစ်တပ်ဖွဲ့စု(၃၀) တာချီလိတ်နှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင် များပါဝင်သော ပူးပေါင်းအဖွဲ့တို့သည် ကျိုင်းလပ်မြို့နယ်၊ မိုင်းပါလျှိုးကျေးရွာ အုပ်စု နမ့်ဖြန်ကျေးရွာရှိ အိုက်အန်၏ နေအိမ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၀၀၀၀ ကို သိမ်းဆည်းရမိသဖြင့် အိုက်အန်(၃၈နှစ်အား) မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထား ကြောင်း သိရသည်။

**ကိုရဲ**

# လေဆင်နှာမောင်းတိုက်ခတ်၍ နေအိမ်အချို့ပျက်စီး

**ငပုတော ဇွန် ၂၁**

ပုသိမ်ခရိုင် ငပုတောမြို့နယ် တောင်ကလေးကျေးရွာအုပ်စု တောင်ကလေး ကျေးရွာ၌ ဇွန် ၂၁ ရက် ညနေ ၃ နာရီက လေဆင်နှာမောင်းတိုက်ခတ်ခဲ့ ရာ နေအိမ်ငါးလုံး အမိုးလန်ပြီး တဲအိမ်လေးလုံး ပြိုကျပျက်စီးဆုံးခဲ့ကြောင်း သိရသည်။ အဆိုပါ ပျက်စီးဆုံးရှုံးမှုကြောင့် လူ၃၉ ဦးကို သက်ဆိုင်ရာက ပြောင်းရွှေ့နေရာချထားပေးခဲ့ကြောင်း သိရသည်။

**မျိုးကျော်သူ(ipred)**

**CLAIMS DAY NOTICE**

**M.V NORTHERN HIGHWAY VOY:NO(58A)**

Consignees of cargo carried by M.V NORTHERN HIGHWAY VOY: NO(58A) are here by notified that the vessel will arrive on about 24-6-2015 and cargo will be discharged into the premises of Yangon port.

Damaged cargo will be surveyed daily from 08:00 AM to 11:20 AM and 12:00 NOON to 4:00 PM to claims day now declared as the third day after final discharge of cargo from the vessel.

No claims against this vessel will be admitted after the Claims Day.

မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့်သင်္ဘောမှချပြီးချိန်တွင်မိမိတို့၏ မော်တော်ယာဉ်ပါ ပစ္စည်းများကို ORIGINAL BILLS OF LADING များယူဆောင်လျက် လာရောက် ကြည့်ရှုစစ်ဆေးရန် အသိပေးအပ်ပါသည်။

သင်္ဘောဆိုက်ကပ်မည့် အချိန်နှင့် တံတားနေရာတို့ကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါဖုန်းနံပါတ်သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်-

**ဖုန်း-၂၃၀၁၁၉၁၊ ၂၃၀၁၁၇၈**

**ကိုယ်စားလှယ်လုပ်ငန်းဌာန**
**မြန်မာ့ဆိပ်ကမ်းအာဏာပိုင်**

**ဝန်ထမ်းအလိုရှိသည်**

မကြာခင်ဖွင့်လှစ်မည့်နိုင်ငံတကာအဆင့်မီအားကစားခန်းမ (Gym)တွင်ခန့်ထားရန်အတွက် အောက်ပါဝန်ထမ်းများ အလိုရှိပါသည်။

| | | |
|---|---|---|
| (၁) Trainers (နည်းပြများ) | -ကျား | (၅)ဦး |
| | -မ | (၅)ဦး |
| (၂) Receptionist+Marketing | -မ | (၅)ဦး |
| (၃) House Keeping (သန့်ရှင်းရေး) | -ကျား | (၃)ဦး |
| | -မ | (၃)ဦး |

ဆက်သွယ်လျှောက်ထားရန်-U Kyu Family Co.,Ltd
အမှတ်(၁၇၊၁၉)လှည်းတန်းလမ်း၊လမ်းမတော်မြို့နယ်၊
ရန်ကုန်မြို့။ဖုန်းနံပါတ်-၀၁-၂၃၀၀၇၃၁၊ ၂၃၀၀၇၁၄

**ရန်ကုန်မြို့၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅)၊ မြေကွက်အမှတ်(၆၆၀/ခ) ဦးမျိုးနိုင် အမည်ပေါက် ပါမစ်မြေကွက်နှင့်စပ်လျဉ်း၍**

**အများသိစေရန်ကြေညာခြင်း**

အထက်ဖော်ပြပါ မြေကွက်အပါအဝင် အကျိုးခံစားခွင့်တို့သည် ရန်ကုန်မြို့တော် စည်ပင် သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနတွင် ဦးမျိုးနိုင်အမည်ဖြင့် လက်ရှိ အမည်ပေါက်ပါသည်။ အမည်ပေါက်ပိုင်ရှင် ဦးမျိုးနိုင်ထံမှ ၂၀၁၅ခုနှစ် ဇွန်လ ၅ ရက်စွဲပါ နှစ်ဦးသဘောတူမြေကွက်အရောင်းအဝယ် ကတိစာချုပ်ဖြင့် ဒေါ်ကြင်ကြင် ၁/မကန(နိုင်) ၀၁၂၈၂၂ကလည်းကောင်း၊ ဒေါ်ကြင်ကြင်ထံမှ ဦးထွန်းကျော် ၉/ပဥလ(နိုင်)၀၀၃၁၈၈သည် ၁၉-၆-၂၀၁၅ရက်စွဲပါ နှစ်ဦးသဘောတူမြေကွက် အရောင်းအဝယ် ကတိစာချုပ်ဖြင့် လည်းကောင်း အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ ထိုသို့ ဦးထွန်းကျော်က ရောင်းချပိုင်ခွင့် ရှိကြောင်း ပြောဆိုသဖြင့် ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ ထိုသို့အရောင်းအဝယ် ပြုလုပ်ခြင်းအပေါ် ကန့်ကွက်လိုသူများသည် အထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဦးဇော်ဝင်းနိုင် တရားလွှတ်တော်ရှေ့နေ**
**အမှတ်-၁၂၀ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊**
**ဖုန်း- ၀၉- ၂၀၁၆၉၉၈၊ ရုံး- ၀၉-၇၃၀၅၅၅၇၀**

**ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရွှေပေါက်ကံမြို့သစ်၊ ၁၇ ရပ်ကွက်၊ မြဝတီမင်းကြီးလမ်း၊ အမှတ် (၄၆၂)ဟု ခေါ်တွင်သော ဧရိယာ(၂၀×၆၀)ပေရှိ ခေါင်းရင်း ဘက်ခြမ်း မြေကွက်အား တရားဝင်ပိုင်ဆိုင်အကျိုးခံစားလျက်ရှိသော မြေချပါမစ်အမည်ပေါက် ဦးမင်းညို ၁၂/လကန(နိုင်)၀၁၃၈၁၉ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဦးလွင်ကိုဝင်း ၁၂/ဥကမ (နိုင်)၁၉၇၈၉၉မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်တကွ ကြော်ငြာစာပါ သည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ် ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ပြီးဆုံးသည့်တိုင် ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးသိန်းဇော်ဦး(LL.B)အထက်တန်းရှေ့နေ(စဉ်- ၂၁၇၁၆)**
**အမှတ်(၆၂၁)၊ သန္တာ(၄)လမ်း၊ (စ)ရပ်ကွက်၊**
**မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

**အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာလျှောက်ထားကြောင်း**

**အကြောင်းကြားစာ**

**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**
**မန္တလေးခရိုင်တရားရုံးတော်**
**၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ်-၃၈**

ဦးဇနိန္ဒ **လျှောက်ထားသူ**

မန္တလေးမြို့၊ချမ်းမြသာစည်မြို့နယ်၊ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ဒက္ခိဏာရာမ ဘုရားကြီးတိုက် ဘဝနတ်ထံပျံလွန်တော်မူသော ဆရာတော်ဦးပညောဘာသာ ဘိဝံသ၏သံဃိက လက်ကျန်ငွေများကို ဘုရားကြီးတိုက်အတူနေ ဦးဇနိန္ဒမှ ဘဝ နတ်ထံပျံလွန်တော်မူသောဆရာတော်ဦးပညောဘာသာဘိဝံသ၏ဝတ္ထုငွေများ အမွေ ဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ၎င်းဘဝနတ်ထံပျံလွန်တော်မူ သော ဆရာတော်ဦးပညောဘာသာဘိဝံသ၏ ကျန်ရစ်သောဝတ္ထုငွေအပေါ်၌ ဤရုံးတော်သို့ ၂၀၁၅ ခုနှစ် ဇူလိုင်၇ရက် (၁၃၇၇ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၆ရက်) တွင်လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဦးဇနိန္ဒ၏ လျှောက်ချက်ကိုနာကြား၍ လက်မှတ် ရသင့် မရသင့်သည့်အကြောင်းကို စီရင် ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ခုနှစ် ဇွန်၁၈ရက်တွင် ဤရုံးတော်၏တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုးပေးလိုက်သည်။

**(ကျော်ကျော်)**
**ဒုတိယခရိုင်တရားသူကြီး(၇)**
**မန္တလေးခရိုင်တရားရုံး**

**နှစ်ချုပ်ငှားမည်**

ဒိုင်ဟပ်စု ဟိုင်းဂျက် မီနီထရပ်
နယ်တွင်သုံးမည်၊
ပိုင်ရှင်ကိုယ်တိုင်ဆက်သွယ်ပါ။
**ဖုန်း-၀၉-၇၉၅၉၅၃၀၆၆**

**သင့်သွေးဖြင့် အသက်ကယ်ပါ**

❍ ကျောဖုံးမှ

ပထမဆုံးအကြိမ် ကျင်းပသည့် ယောဂနေ့အခမ်းအနား ယောဂကျင့်စဉ် သရုပ်ပြပွဲသို့ လူပေါင်း ၅၀၀ ကျော်က ပါဝင်သရုပ်ပြခဲ့ပြီး အားကစားသမားများ၊ ကျောင်းသား ကျောင်းသူများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ ဖိတ်ကြားထားသူများ အပါအဝင် လူပေါင်း ၃၀၀၀ ခန့် လာရောက်ကြည့်ရှုအားပေးကြောင်း သိရသည်။

၂၀၁၄ ခုနှစ် စက်တင်ဘာ ၂၇ ရက်တွင်ကျင်းပသော (၆၉)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် အိန္ဒိယဝန်ကြီးချုပ် ရရှိုနရိန္ဒရာမိုဒီက အပြည်ပြည်ဆိုင်ရာယောဂနေ့ပြဋ္ဌာန်းကျင်းပရန် တိုက်တွန်းခဲ့ရာ ၂၀၁၄ ခုနှစ် ဒီဇင်ဘာ ၁၁ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံအဖွဲ့ဝင် ၁၉၃ နိုင်ငံက ယင်းတိုက်တွန်းမှုအဆိုကို ထောက်ခံခဲ့ကြပြီး နိုင်ငံပေါင်း ၁၇၇ နိုင်ငံက ပူးပေါင်းဆောင်ရွက်သွားရန် ကတိပြုကြကာ ဇွန် ၂၁ ရက်ကို အပြည်ပြည်ဆိုင်ရာ ယောဂနေ့အဖြစ် ကျင်းပရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဝန်ကြီးချုပ် မိုဒီက ကုလသမဂ္ဂအထွေထွေညီလာခံကြီးတွင် "ယောဂဟာ ရှေးဟောင်းအိန္ဒိယရိုးရာအစဉ်အလာရဲ့ တန်ဖိုးမဖြတ်နိုင်တဲ့ လက်ဆောင်တစ်ခုပါပဲ။ ယောဂဟာ စိတ်နဲ့ခန္ဓာကိုယ်၊ စိတ်ကူးအတွေးနဲ့ လှုပ်ရှားမှု၊ ချုပ်တည်းကန့်သတ်မှုနဲ့ ပြည့်ဝမှုတွေကို ညီညွတ်မျှတအောင် ချိတ်ဆက်ပေးပါတယ်။ လူသားနဲ့ သဘာဝ၊ ကျန်းမာရေးနဲ့ နေထိုင်ကောင်းရေးကို လုံးလုံးလျားလျား ဟန်ချက်ညီမျှတအောင် ဆောင်ရွက်ပေးပါတယ်"ဟု တိုက်တွန်းခဲ့ကြောင်း သိရသည်။

**သတင်း-ကြံတိုင်းအောင်၊ ဓာတ်ပုံ-သဏ္ဍ**

# လေမတိုက်ဘဲ လမ်းဘေးသစ်ပင် ရုတ်တရက်လဲကျ

**ရန်ကုန် ဇွန် ၂၁**

ဗိုလ်တထောင်မြို့နယ် သိမ်ဖြူလမ်း ဝန်ကြီးများရုံးရှေ့အနီး၌ ဇွန် ၂၁ ရက် နံနက် ၉ နာရီက လေတိုက်ခတ်ခြင်းမရှိဘဲ သစ်ပင်ကြီးတစ်ပင် အမြစ်မှကျွတ်ထွက်၍ လဲပြိုခဲ့သည်။ ရုံးပိတ်ရက်ဖြစ်ခြင်းနှင့် ကျောင်းပိတ်ရက် တနင်္ဂနွေနေ့ဖြစ်ခြင်းကြောင့် တစ်စုံတစ်ဦးမျှ ထိခိုက်ဒဏ်ရာရရှိခြင်းမရှိပေ။

"တော်သေးတယ်။ ရုံးပိတ်ရက် ကျောင်းပိတ်ရက်ဖြစ်ပြီး ဓာတ်ကြိုးနဲ့ ဝေးနေလို့ ဒီလိုဖြစ်ရပ်က အများပြည်သူအတွက် အန္တရာယ်ဖြစ်စေနိုင်ပါတယ်" ဟု အဆိုပါဖြစ်ရပ်နှင့်ပတ်သက်၍ မြင်တွေ့ခဲ့ရသူ ခရီးသွားပြည်သူတစ်ဦးက ပြောကြားသည်။

**လှမိုး(သတင်းစဉ်)**



| ကိုပါအမေရိကဖလား ဘောလုံး အနိုင်/အရှုံး | | | |
|---|---|---|---|
| **အုပ်စု(က)** | ချီလီ | ၅-၀ | ဘိုလီးဗီးယား |
| **အုပ်စု(ခ)** | အာဂျင်တီးနား | ၁-၀ | ဂျမေကာ |
| | ဥရုဂွေး | ၁-၁ | ပါရာဂွေး |
| **အမျိုးသမီး ကမ္ဘာ့ဖလား ဘောလုံး အနိုင်/အရှုံး** | | | |
| | ဂျာမနီ | ၄-၁ | ဆွီဒင် |
| | တရုတ် | ၁-၀ | ကင်မရွန်း |

# အထက်တန်းကျောင်းအဖြစ် တိုးမြှင့်ဖွင့်လှစ်မှုကြောင့် ကျောင်းသား ကျောင်းသူများပညာသင်ကြားမှု ပိုအဆင်ပြေ

**တပ်ကုန်း ဇွန် ၂၁**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ် တောင်ပို့သာ အထက(ခွဲ)ကို အထက်တန်းကျောင်းအဖြစ် တိုးမြှင့်လိုက်သည့်အတွက် ယင်းကျေးရွာအပြင် အနီးဝန်းကျင်ရှိ ကျေးရွာများရွာမှ ကျောင်းသား ကျောင်းသူများ ဘဝရှေ့ရေးအတွက် ပညာဆက်လက်သင်ကြားရန် ယခင်ကထက် ပို၍အဆင်ပြေလာကြောင်း သိရသည်။

အုန်းပင်ကျေးရွာ အုပ်စုရှိ တောင်ပို့သာ ကျေးရွာလေးသည် တပ်ကုန်းမြို့နှင့် အနည်းငယ်အလှမ်းကွာသကဲ့သို့ ကျေးရွာအတွင်းရှိ ကျောင်းသား ကျောင်းသူများ အနေဖြင့်လည်း မြို့ပေါ်ကျောင်းများအထိ ရာသီဥတုဒဏ်အမျိုးမျိုးတို့ကို ကျော်လွှားပြီး အခက်အခဲပေါင်းများစွာဖြင့် သွားရောက်၍ တစ်ဆင့် ပညာသင်ကြားရကြောင်း၊ ယခုကဲ့သို့ အထက်တန်းကျောင်းအဖြစ် ဖွင့်လှစ်လိုက်သည့်အတွက် ကျောင်းသားမိဘများနှင့် ကျောင်းသား ကျောင်းသူများအတွက် များစွာ အကျိုးရှိ၍ တစ်ရွာလုံး ဝမ်းသာပျော်ရွှင်လျက်ရှိကြောင်း ဒေသခံ ကျောင်းသားမိဘ တစ်ဦးဖြစ်သူ ဒေါ်နန်းတင်က ပြောသည်။ အဆိုပါ တောင်ပို့သာအထကကို ဇွန် ၂၀ ရက်က နေပြည်တော်ကောင်စီဝင် ပညာရေးတာဝန်ခံဦးဖုန်းဇော်ဟန်၊ ဦးမြင့်ရွှေနှင့် တာဝန်ရှိသူများက ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်သည်။

**မောင်မွေး**




# ကမ်းရိုးတန်းဒေသများအတွက် မီးသတ်ရေယာဉ်များ စီစဉ်လျက်ရှိ

**ရန်ကုန် ဇွန် ၂၁**

ကမ်းရိုးတန်းဒေသများရှိ မြို့များတွင် ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်နှင့် မီးငြိမ်းသတ်ရန်အတွက် အပေါ့စားရေယာဉ်ငယ်များကို ဖြန့်ဝေပေးသွားမည်ဖြစ်ကာ ယခုအခါ တပ်ဆင်မှုများ ပြုလုပ်လျက်ရှိကြောင်း မီးသတ်ဦးစီးဌာနမှ သိရသည်။

"ဒီမီးသတ်ရေယာဉ်ငယ်တွေက ကမ်းရိုးတန်းဒေသတွေအတွက် ဖြစ်ပါတယ်။ ကယ်ဆယ်ရေးလုပ်ငန်းတွေ ပြုလုပ်နိုင်သလို မီးငြိမ်းသတ်မှုလည်း လုပ်နိုင်ပါတယ်။ လက်ရှိအခြေအနေမှာတော့ တပ်ဆင်မှုတွေပြုလုပ်နေတုန်းပါပဲ။ ဆယ့်နှစ်စင်း တည်ဆောက်တပ်ဆင်မှာပါ။ ဘယ်မြို့တွေပို့မယ်ဆိုတာတော့ အတိအကျ မသိသေးပါဘူး။ တာဝန်ယူထားတဲ့ ကုမ္ပဏီက တပ်ဆင်မှုတွေ ပြုလုပ်နေဆဲဖြစ်ပါတယ်"ဟု မီးသတ်ဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ အပေါ့စားရေယာဉ်ငယ်များကို တာမွေမြို့နယ် မီးသတ်စခန်းအတွင်း တပ်ဆင်မှုများ ပြုလုပ်လျက်ရှိကာ ခြောက်စီးခန့်ကို တပ်ဆင်ထားသည်ကို တွေ့ရသည်။ မီးသတ်ရေယာဉ်ငယ်များကိုသုံး၍ သင်္ဘောနှင့် စက်လှေကဲ့သို့ ရေယာဉ်များမီးလောင်မှုကို ငြိမ်းသတ်ရန် ကောင်းစွာအသုံးပြုနိုင်မည်ဖြစ်သလို ကယ်ဆယ်ရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်သည်။

မီးသတ်ဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံတစ်ဝန်းလုံးမှ မီးသတ်ဌာနရှိသည့် မြို့များတွင် မီးသတ်ယာဉ်များကို ပြုပြင်ပေးခြင်း၊ ထပ်မံဖြည့်ဆည်းပေးခြင်းများ ပြုလုပ်နေသကဲ့သို့ ကမ်းရိုးတန်းဒေသ မြို့ရွာများမှ မီးသတ်စခန်းများအတွက်လည်း ဒေသနှင့်ကိုက်ညီသော အပေါ့စား မီးသတ်ရေယာဉ်ငယ်များကို ဖြည့်ဆည်းပေးသွားရန် စီစဉ်နေခြင်းဖြစ်သည်။

**သတင်းနှင့် ဓာတ်ပုံ–မောင်နွေသစ်**


တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ ကျောင်းအားရက်မှာ အကျိုးရှိစေဖို့နှင့် အင်္ဂလိပ်စာတတ်ဖို့ လိုနေသူတိုင်းအတွက်

ဆရာအာသာ SUCCESS Language Academy

(မြို့လယ်ကျောင်း) အမှတ်(၁၁၉)၊Y.W.C.A ဘိုကလေးဈေးလမ်း
Ph: 202046,392048,256954

| BASIC ENGLISH SPEAKING | | |
|---|---|---|
| 1 - 2:30 | (Mon ~ Thurs) | 22,29 Jun |
| 1 - 4:00 | (Sat + Sun) | 5 Jul |
| 9 - 12:00 | (Sat + Sun) | 12 Jul |
| 6 - 7:30 | (Mon ~ Thurs) | 13 Jul |
| **BASIC FOUR SKILLS ENGLISH** | | |
| 1 - 2:30 | (Mon ~ Thurs) | 23 Jun |
| 1 - 4:00 | (Sat + Sun) | 27 Jun |
| 7:30-10:30 | (Sat + Sun) | 28 Jun |
| 3:30 - 5 | (Mon ~ Thurs) | 29 Jun |
| 10-11:30 | (Mon ~ Thurs) | 1 Jul |
| 1 - 4:00 | (Sat + Sun) | 5 Jul |
| **BASIC WRITING** | | |
| 10-11:30 | (Mon ~ Thurs) | 6 Jul |
| 12 - 3:00 | (Sat + Sun) | 12 Jul |
| **PRE-INTERMEDIATE (4-SKILL ENGLISH)** | | |
| 1 - 2:30 | (Mon ~ Thurs) | 23 Jun |
| 10-11:30 | (Mon ~ Thurs) | 13 Jul |
| 3:30 - 5 | (Mon ~ Thurs) | 22 Jul |
| 7:30 - 9 | (Mon ~ Thurs) | 29 Jul |
| **INTERMEDIATE (ACADEMIC ENGLISH)** | | |
| 9 - 12:00 | (Sat + Sun) | 27 Jun |
| 7:30 - 9 | (Mon ~ Thurs) | 22 Jul |
| **VOCAB ENRICHMENT** | | |
| 10-11:30 | (Mon ~ Thurs) | 22 Jun |
| 1 - 4:00 | (Sat + Sun) | 12 Jul |
| **BASIC GRAMMAR** | | |
| 10-11:30 | (Mon ~ Thurs) | 6 Jul |
| 7:30 - 9 | (Mon ~ Thurs) | 20 Jul |

လှည်းတန်းကျောင်းခွဲ
ဦးထွန်းလင်းခြံလမ်း၊ အမှတ် ၅ (B-3) ဒုတိယထပ်၊ (လှဆန်းယဉ်တိုက်)
Ph: 01-503472, 09 73001453 တွင် ဖွင့်လှစ်မည့်သင်တန်းများ

| BASIC ENGLISH SPEAKING | | |
|---|---|---|
| 1 - 2:30 | (Mon ~ Thurs) | 22 Jun |
| 3:30 - 5 | (Mon ~ Thurs) | 20 Jul |
| 12 - 3:00 | (Sat + Sun) | 26 Jul |
| **BASIC FOUR SKILLS ENGLISH** | | |
| 6 - 7:30 | (Mon ~ Thurs) | 29 Jun |
| 7:30 - 9 | (Mon ~ Thurs) | 7 Jul |
| 12 - 3:00 | (Sat + Sun) | 11 Jul |
| 3:30 - 5 | (Mon ~ Thurs) | 13 Jul |
| **BASIC GRAMMAR** | | |
| 7:30-10:30 | (Sat + Sun) | 18 Jul |
| **PRE-INTERMEDIATE (4-SKILL ENGLISH)** | | |
| 10-11:30 | (Mon ~ Thurs) | 8 Jul |
| 6 - 7:30 | (Mon ~ Thurs) | 13 Jul |
| **INTERMEDIATE (ACADEMIC ENGLISH)** | | |
| 12 - 3:00 | (Sat + Sun) | 12 Jul |
| **IELTS (Preparation)** | | |
| 7:30-9:30 | (Mon ~ Thurs) | 13 Jul |
| 1 - 4:30 | (Sat + Sun) | 25 Jul |
| **IELTS (Speaking)** | | |
| 1-2:30 | (Mon ~ Thurs) | 20 Jul |
| **IELTS (Reading)** | | |
| 7:30-9:30 | (Mon ~ Thurs) | 15 Jun |
| **IELTS (Writing)** | | |
| 7:30-9:00 | (Mon ~ Thurs) | 29 Jun |


## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈ဆ/၅၆၂၆၊ AMA-Light Truck PU ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းမိုးရွှေ ၉/မနတ(နိုင်)၀၂၆၅၀၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၄၀ယ/၂၆၅၁၇၊ Honda Click 125, MC ယာဉ်လက်ဝယ်ရှိသူ ဒေါ်ငုကေသွယ် ၉/ပဘန(နိုင်)၁၆၄၄၅၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၂ယ/၇၅၁၂ Luojia 110၊ M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ခိုင် ၉/မနမ(နိုင်)၀၅၉၄၁၄ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့**

## အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်းအကြောင်းကြားစာ

**(အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)**

**မန္တလေးခရိုင်တရားရုံးတော်**

**၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ်-၃၆**

ဦးခေမာစာရ — **လျှောက်ထားသူ**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကျွန်းလုံးဥသျှောင်ရပ်ကွက်၊ ဒက္ခိဏာရာမဘုရားကြီးတိုက် ဘဝနတ်ထံပါးလွန်တော်မူသော ဆရာတော် ဦးကဝိန္ဒ၊ ဦးကုသလာစာရာဘိဝံသတို့၏ တိုက်သံဃိကလက်ကျန်ငွေများကို ဘုရားကြီးတိုက် အတူနေ ဦးခေမာစာရမှ သံဃိကငွေများ အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့သော လျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းဘဝနတ်ထံပါးလွန်တော်မူသော ဆရာတော်ဦးကဝိန္ဒ၊ ဦးကုသလာစာရာဘိဝံသမှာ ကျန်ရစ်သော တိုက်သံဃိကဝတ္ထုငွေတို့အပေါ်၌ ဤရုံးတော်သို့ ၂၀၁၅ ခုနှစ် ဇူလိုင် ၇ရက် ၁၃၇၇ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၆ ရက်တွင် လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်ထားသူ ဦးခေမာစာရ၏ လျှောက်ချက်ကို နာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် ဇွန် ၁၈ရက်တွင် ဤရုံးတော်၏တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေးလိုက်သည်။

**(ကျော်ကျော်)**
**ဒုတိယခရိုင်တရားသူကြီး(၇)**
**မန္တလေးခရိုင်တရားရုံး**

# လှိုက်လှဲစွာ ကျေးဇူးတင်ဝမ်းမြောက်ကြောင်း

၁။ စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သော (၂၈)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကာ ရွှေ၊ ငွေ၊ ကြေးတံဆိပ်များ ဆွတ်ခူးရယူပေးခဲ့ကြသော အသက်(၂၃)နှစ်အောက် မြန်မာ့လက်ရွေးစင် အမျိုးသားဘောလုံးအသင်းနှင့်တကွ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်အသီးသီးမှ လက်ရွေးစင်အားကစားသမားများ၊ ၂၀၁၅ ခုနှစ် အသက်(၂၀)အောက် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲဝင် မြန်မာ (U-20) ဘောလုံးအသင်းနှင့် ၂၀၁၅ခုနှစ် အာဆီယံအမျိုးသမီးချန်ပီယံရှစ် ဘောလုံးပြိုင်ပွဲတွင် ငွေတံဆိပ်ဆုရ မြန်မာ့လက်ရွေးစင်အမျိုးသမီးဘောလုံးအသင်းတို့အား နိုင်ငံတော်မှ ဂုဏ်ပြုဆုချီးမြှင့်ပွဲနှင့် ဂုဏ်ပြုညစာတည်ခင်းဧည့်ခံပွဲကို ၂၀-၆-၂၀၁၅ရက် ညနေပိုင်းက နေပြည်တော်ရှိ MICC-2 တွင် ကျင်းပခဲ့ပါသည်။

၂။ အဆိုပါဂုဏ်ပြုပွဲတွင် ချီးမြှင့်ခဲ့သော ဆုငွေများကို အားကစားကို ချစ်ခင်မြတ်နိုးကြသော တိုင်းရင်းသားလုပ်ငန်းရှင်များက အောက်ပါအတိုင်း ထည့်ဝင်လှူဒါန်းခဲ့ကြပါသည်-

| | | | |
|---|---|---|---|
| (က) | ဦးအောင်ကိုဝင်း | ဥက္ကဋ္ဌ<br>KBZ Bank | ကျပ်သိန်း ၅၀၀ |
| (ခ) | ဦးအုန်းကျော် | ဧရာဝတီဘဏ် | ကျပ်သိန်း ၂၀၀ |
| (ဂ) | ဦးစိုးနိုင် | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံပိုက်ကျော်ခြင်း/ခြင်းလုံးအဖွဲ့ချုပ်<br>အေးအေးခိုင်ကျောက်မျက်ကုမ္ပဏီ | ကျပ်သိန်း ၂၀၀ |
| (ဃ) | ဦးရန်ဝင်း | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်<br>A-1 ဆောက်လုပ်ရေး | ကျပ်သိန်း ၁၀၀ |
| (င) | ဦးကျော်စိန် | အိုလံပစ်ဟိုတယ်<br>Dagon City | ကျပ်သိန်း ၁၀၀ |
| (စ) | ဦးကျော်မိုးနိုင် | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံစားခုတ်/ကမ်ပိုအဖွဲ့ချုပ်<br>Myanmar Ease Net Co., Ltd. | ကျပ်သိန်း ၅၀ |
| (ဆ) | ဦးနေလင်း | ရွှေဘုံစံကုမ္ပဏီလီမိတက် | ကျပ်သိန်း ၅၀ |
| (ဇ) | ဦးသက်လင်း | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်<br>TZTM Co., Ltd. | ကျပ်သိန်း ၅၀ |
| (ဈ) | ဦးကိုကိုအေး | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ်<br>ဖြိုးစည်သူထရေးဒင်းကုမ္ပဏီ | ကျပ်သိန်း ၅၀ |
| (ည) | ဦးထင်ဇော်ဝင်း | (ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဟော်ကီအဖွဲ့ချုပ်)<br>နှင့်အဖွဲ့ | ကျပ်သိန်း ၅၀ |
| (ဋ) | ဦးပြည့်စုံ | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံ Squash အဖွဲ့ချုပ်<br>ONE HEART Co., Ltd. | ကျပ်သိန်း ၅၀ |
| (ဌ) | ဦးတင်မောင်ဝင်း | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံဘိလိယက်/စနူကာအဖွဲ့ချုပ် | ကျပ်သိန်း ၂၀ |
| (ဍ) | ဦးသိန်းဝင်း | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံပီတန်း/ဘိုလင်း/ကျွမ်းဘားအဖွဲ့ချုပ် | ကျပ်သိန်း ၂၀ |
| (ဎ) | ဦးထက်ညီ | ဥက္ကဋ္ဌ<br>မြန်မာနိုင်ငံသေနတ်ပစ်အဖွဲ့ချုပ် | ကျပ်သိန်း ၂၀ |

၃။ သို့ဖြစ်ပါ၍ အားကစားကို ချစ်မြတ်နိုးစွာချီးမြှောက်ဂုဏ်ပြု လှူဒါန်းပေးခဲ့ကြသော အထက်ဖော်ပြပါ တိုင်းရင်းသားလုပ်ငန်းရှင်များနှင့် မြန်မာအားကစားပရိသတ်ကြီးအားလုံးတို့အား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရကိုယ်စား မြန်မာနိုင်ငံအမျိုးသားအားကစားကော်မတီနှင့် အားကစားဝန်ကြီးဌာနတို့က လှိုက်လှဲစွာ ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း မှတ်တမ်းတင် ဂုဏ်ပြုအပ်ပါသည်။

# ကျွန်တော်နဲ့ ဖွံ့ဖြိုးမှု ရည်မှန်းချက်များ (ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်)

အချိန်တွေက အကုန်မြန်လိုက်တာ။ လွန်ခဲ့တဲ့ ၁၅ နှစ်တုန်းက ကျွန်တော် ကုလသမဂ္ဂအဖွဲ့အစည်းမှာ တာဝန်ယူစဉ် ထောင်စုနှစ်ရည်မှန်းချက်များ ဖော်ထုတ်ပြုစုမှုနဲ့ ပတ်သက်ပြီး ပါဝင်ပတ်သက်ခဲ့ပါတယ်။ ထောင်စုနှစ်ရည်မှန်းချက်မှာ Millennium Development Goals (MDGs) ကို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံအားလုံးက တညီတညွတ်တည်း သဘောတူခဲ့ပါတယ်။ ကျွန်တော် မှတ်မိပါသေးတယ်။ ၂၀၀၀ ပြည့်နှစ် စက်တင်ဘာလ အမေရိကန်-နယူးယောက်မြို့ ကုလသမဂ္ဂ အထွေထွေညီလာခံကြီးမှာ နိုင်ငံခေါင်းဆောင်တွေ စုဝေးပြီး ထောင်စုနှစ်ရည်မှန်းချက်များကို လက်ခံသဘောတူခဲ့ကြပါတယ်။ လက်မှတ်ရေးထိုးရာမှာ အောက်ပါရည်မှန်းချက် ရှစ်ချက်ကို လက်ခံခဲ့ကြတယ်-

(၁) ဆင်းရဲနွမ်းပါးမှုနဲ့ ငတ်မွတ်ခေါင်းပါးမှုကို လျှော့ချရေး၊
(၂) အားလုံးအတွက် အခြေခံပညာရေးရရှိစေရေး၊
(၃) ကျား/မ ခွဲခြားမှုပပျောက်ရေး၊
(၄) ကလေးသူငယ်များ သေဆုံးမှုလျှော့ချရေး၊
(၅) ကိုယ်ဝန်ဆောင်မိခင်သေဆုံးမှုလျှော့ချရေး၊
(၆) တီဘီ၊ ငှက်ဖျားနဲ့ ကူးစက်ရောဂါများလျှော့ချရေး၊
(၇) ပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေး၊
(၈) ဖွံ့ဖြိုးမှုအကူအညီအထောက်အပံ့မြှင့်တင်ရေး။

ရည်မှန်းချက်တစ်ခုစီအတွက် ကိန်းဂဏန်းဦးတည်ချက်များလည်း သတ်မှတ်ခဲ့ပါတယ်။ ဒီထောင်စုနှစ်ရည်မှန်းချက်များကို ၁၅ နှစ်ကာလအတွင်း ပြည့်မီအောင် ဆောင်ရွက်ဖို့လည်း သဘောတူခဲ့ကြပါတယ်။

ထောင်စုနှစ်ရည်မှန်းချက် ရှစ်ချက်ကို သုံးသပ်ရင် လူသားများရဲ့ ဖွံ့ဖြိုးမှုကို ပြည့်ပြည့်ဝဝမဖော်ဆောင်နိုင်ကြောင်း သိသာထင်ရှားပါတယ်။ ဒီလိုဖြစ်ရတာဟာလည်း ကုလသမဂ္ဂအဖွဲ့အစည်းနဲ့ ပတ်သက်တဲ့နိုင်ငံရေးဖြစ်ပါတယ်။ အဖွဲ့ဝင်နိုင်ငံ ၁၉၃ နိုင်ငံဟာ တန်းတူရည်တူ အခွင့်အရေးရှိတယ်ဆိုပေမယ့် အမှန်တော့ အင်အားကြီးနိုင်ငံတွေက လွှမ်းမိုးထားတာတွေ့ရပါတယ်။ အဆိုးဆုံးကတော့ ဗီတို(Veto) အာဏာသုံးခွင့်ရှိတဲ့ လုံခြုံရေးကောင်စီအဖွဲ့ဝင်နိုင်ငံငါးနိုင်ငံတို့ဖြစ်တယ်။ အမေရိကန်၊ ဗြိတိန်၊ ရုရှား၊ ပြင်သစ်နဲ့ တရုတ်နိုင်ငံတို့ ဖြစ်ကြတယ်။ ကြီး ငါးကြီး နိုင်ငံတွေ-ဒီငါးနိုင်ငံဟာ အမြဲတမ်းလုံခြုံရေးကောင်စီအဖွဲ့ဝင်တွေ ဖြစ်ခဲ့တာဟာလည်း ဒုတိယကမ္ဘာစစ်မှာ အောင်နိုင်ခဲ့တဲ့ နိုင်ငံငါးနိုင်ငံနဲ့ စုဖွဲ့ထားခြင်းသာဖြစ်ပါတယ်။ လူဦးရေအများဆုံးဒီမိုကရေစီနိုင်ငံဖြစ်တဲ့ အိန္ဒိယနိုင်ငံ၊ ဥရောပမှာ ကြီးပွားရေးအရ အင်အားအကြီးဆုံး ဂျာမနီနိုင်ငံ၊ လက်တင်အမေရိကမှာရှိတဲ့ ဘရာဇီးနိုင်ငံ၊ အာရပ်နိုင်ငံတွေအနက် လူဦးရေအများဆုံးဖြစ်တဲ့ အီဂျစ်နိုင်ငံ၊ အာဖရိကတိုက်မှာ လူဦးရေအများဆုံးဖြစ်တဲ့ နိုင်ဂျီးရီးယားနိုင်ငံ သူတို့တစ်တွေမပါဝင်ကြပါဘူး။ ဒီမိုကရေစီ စံညွှန်းများနဲ့ တိုင်းတာရင် မကိုက်ညီတာတွေ့ရပါတယ်။

ထောင်စုနှစ်ရည်မှန်းချက်များကို ဖော်ထုတ်သတ်မှတ်ရာမှာ အမေရိကန်ပြည်ထောင်စုက နည်းမျိုးစုံနဲ့ ကန့်ကွက်ခဲ့ပါတယ်။ ရည်မှန်းချက်များ သတ်မှတ်ရင် သူ့နိုင်ငံကို ချည်နှောင်မှာစိုးရိမ်ခဲ့ပါတယ်။ ရည်မှန်းချက် ရှစ်ချက်အရ ချမ်းသာတဲ့နိုင်ငံများဟာ မိမိအမျိုးသားဝင်ငွေရဲ့ ၀ ဒသမ ၀၇ ရာခိုင်နှုန်းကို ဆင်းရဲတဲ့နိုင်ငံများအား အထောက်အပံ့ပေးရမှာဖြစ်တယ်။ ဒါကို အမေရိကန်နိုင်ငံက ကန့်ကွက်ခဲ့ပါတယ်။

**အရေးကြီးတဲ့ကိစ္စတစ်ခုက လူသိနည်းတဲ့ ထောင်စုနှစ်ကြေညာချက် Millennium Declaration ပဲ ဖြစ်ပါတယ်။ ထောင်စုနှစ်ရည်မှန်းချက်ရှစ်ချက်ဟာ မပြည့်စုံကြောင်း သဘောပေါက်ကြပါတယ်။ ဒါပေမယ့် ဒီရှစ်ချက်ဟာ အဖွဲ့ဝင်နိုင်ငံတိုင်း သဘောတူလက်ခံနိုင်တဲ့အခြေခံတွေ ဖြစ်ပါတယ်။ ဖွံ့ဖြိုးမှုအတွက် အရေးပါလှတဲ့လူ့အခွင့်အရေးဆိုင်ရာကိစ္စတွေကို စောစောက ပြောတဲ့ကြေညာချက်ထဲမှာ ထည့်သွင်းခဲ့ပါတယ်။ ဒါကြောင့် ရည်မှန်းချက်နဲ့ ကြေညာချက်ကိုပူးတွဲသုံးသပ်လေ့လာအကောင်အထည်ဖော်ဖို့ အထူးအရေးကြီးလှပါတယ်။ ၂၀၁၅ ခုနှစ်ဟာ ထောင်စုနှစ်ရည်မှန်းချက်များ သက်တမ်းကုန်ဆုံးတဲ့ကာလဖြစ်ပါတယ်။ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေနဲ့ လွန်ခဲ့တဲ့ ၁၅ နှစ်ကာလက ကတိပြုခဲ့တဲ့ရည်မှန်းချက်များ ဘယ်အဆင့်အထိ အောင်မြင်ခဲ့သလဲဆိုတာကို ဆန်းစစ်ဖို့လိုအပ်ပါတယ်။ မြန်မာနိုင်ငံမှာလည်း ဒီလုပ်ငန်းတွေကို ဆောင်ရွက်လျက်ရှိပါတယ်။**

တစ်ဖက်က ၁၅နှစ်ကာလက သဘောတူခဲ့တာတွေ လက်စသတ်ဖို့ လိုအပ်သလို နောင်နှစ်များအတွက် ရည်မှန်းချက်အသစ်တွေ ဖော်ထုတ်ဖို့ လွန်ခဲ့တဲ့နှစ်ကတည်းက စတင်ဆောင်ရွက်နေတာတွေ့ရပါတယ်။ ၂၀၁၅ အလွန်ကာလမှာ ဘာရည်မှန်းချက်တွေ ဖော်ထုတ်သင့်သလဲဆိုတာကို နိုင်ငံအသီးသီးမှာ ဆွေးနွေးဖော်ထုတ်လျက်ရှိပါတယ်။ ၂၀၀၀ ပြည့်နှစ်က ချမှတ်ခဲ့တဲ့ထောင်စုနှစ်ရည်မှန်းချက်များရဲ့ သင်ခန်းစာယူပြီး ၂၀၁၅ အလွန် စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှု ရည်မှန်းချက်မှာ Sustainable Development Goals (SDGS) များကို ဆွေးနွေးနေကြပါတယ်။ အခုလို တိုင်ပင်ဆွေးနွေးဖော်ထုတ်တဲ့နေရာမှာ Stakeholders ပါဝင်ပတ်သက်သူအားလုံးနဲ့ ညှိနှိုင်းတိုင်ပင်နေတာတွေ့မြင်ရပါတယ်။

> **ကျွန်တော့်အနေနဲ့ ဒီစဉ်ဆက်မပြတ် ရည်မှန်းချက်များကို မြန်မာနိုင်ငံမှာရှိတဲ့ ၅၁ သန်းသော ပြည်သူပြည်သားတွေက အလေးထားပြီး နောင် ၁၅ နှစ်အတွင်း ပြည့်မီအောင် ဘယ်လိုဆောင်ရွက်ကြသလဲဆိုတာတွေကို ဆွေးနွေးတိုင်ပင်စေချင်ပါတယ်။ ဒီရည်မှန်းချက်တွေဟာ နိုင်ငံတော်အစိုးရအတွက်သာမက ပြည်သူပြည်သားအားလုံးအတွက် ဖြစ်ပါတယ်...**

ဆွေးနွေးထုတ်ဖော်မှုတွေကို အထောက်အကူဖြစ်စေဖို့ အောက်ပါ စဉ်ဆက်မပြတ် ရည်မှန်းချက် ၁၇ ချက်ကို ပဏာမအနေနဲ့ သတ်မှတ်ခဲ့ပါတယ်။

(၁) နေရာတိုင်းမှာဆင်းရဲမှုအားလုံးကိုရပ်ဆိုင်းရေး၊
(၂) ငတ်မွတ်မှုပပျောက်ရေး၊ စားနပ်ရိက္ခာဖူလုံရေး၊ အာဟာရမြှင့်တင်ရေးနဲ့စဉ်ဆက်မပြတ်လယ်ယာစိုက်ပျိုးရေးကိုပြုစုပျိုးထောင်ရေး၊
(၃) ကျန်းမာတဲ့ဘဝကို အာမခံပြီး အရွယ်မရွေး ချမ်းသာမှုကို ပြုစုပျိုးထောင်ရေး၊
(၄) အားလုံးပါဝင်ပြီး မျှတတဲ့ အရည်အသွေးမြင့်မားတဲ့ပညာရေးကို အာမခံကာ တစ်သက်တာ သင်ယူခံယူတဲ့အခွင့်အရေးကို အားလုံးအတွက် ပြုစုပျိုးထောင်ရေး၊
(၅) ကျား/ မ ညီမျှမှုကို ဖန်တီးပြီး အမျိုးသမီးများနဲ့ ကလေးမများကို လုပ်ပိုင်ခွင့်အပ်နှင်းရေး၊
(၆) အားလုံးအတွက် စဉ်ဆက်မပြတ် ရေနဲ့ပတ်ဝန်းကျင်သန့်ရှင်းမှု စီမံခန့်ခွဲမှုကို အာမခံရေး၊
(၇) အားလုံးအတွက် တန်ဖိုးသင့်၊ ယုံကြည်စိတ်ချရသော စဉ်ဆက်မပြတ်ခေတ်မီတဲ့ စွမ်းအင်အာမခံရေး၊
(၈) အားလုံးပါဝင်ပတ်သက်တဲ့ စဉ်ဆက်မပြတ် စီးပွားရေးဖွံ့ဖြိုးမှုနဲ့ အလုပ်အကိုင်အခွင့်အရေး အပြည့်အဝရရှိမှုကို ပြုစုပျိုးထောင်ရေး၊
(၉) ခံနိုင်ရည်ရှိသော အခြေခံအဆောက်အအုံများ တည်ဆောက်ရေး၊ အားလုံးပါဝင်ပြီး စဉ်ဆက်မပြတ် စက်မှုလုပ်ငန်းများဖော်ထုတ်ရေး၊ တီထွင်မှုကိုအားပေးရေး၊
(၁၀) နိုင်ငံအတွင်းနဲ့နိုင်ငံအချင်းချင်းမညီမျှမှုကို လျှော့ချရေး၊
(၁၁) မြို့ပြဒေသများနဲ့ လူများနေထိုင်ရာအရပ်ဒေသများကို အားလုံးပါဝင်ပတ်သက်မှုရှိပြီး ယုံကြည်စိတ်ချရမှုရှိအောင်၊ ခံနိုင်ရည်ရှိအောင်၊ စဉ်ဆက်မပြတ် ရပ်တည်နိုင်အောင် ကြိုးစားရေး၊
(၁၂) စဉ်ဆက်မပြတ်စားသုံးမှုနဲ့ ထုတ်လုပ်မှုပုံစံများအတွက် အာမခံရေး၊
(၁၃) ရာသီဥတုဖောက်ပြန်မှုနဲ့ ယင်းနဲ့ဆက်စပ်သည့်ဆိုးကျိုးများကို ချက်ချင်းအရေးယူဆောင်ရွက်ရေး၊
(၁၄) စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအတွက် ပင်လယ်သမုဒ္ဒရာနဲ့ ရေထွက်သယံဇာတ စွမ်းအားစုများကို ထိန်းသိမ်းကာကွယ်ပြီး စဉ်ဆက်မပြတ် တည်တံ့အောင် စားသုံးရေး၊
(၁၅) သဘာဝစနစ်များကို ကာကွယ်စောင့်ရှောက်၊ ပြန်လည်တည်ဆောက်ကာ သစ်တောများကို စနစ်တကျစီမံခန့်ခွဲပြီး သဘာဝစနစ်များဆုံးရှုံးမှုကို ထိန်းသိမ်းကာကွယ်ရေး၊
(၁၆) ငြိမ်းချမ်းပြီး အားလုံးပါဝင်တဲ့လူ့အဖွဲ့အစည်း ပြုစုပျိုးထောင်ကာ အားလုံးအတွက် တရားဥပဒေစိုးမိုးမှုကို တည်ထောင်ပြီး ထိထိရောက်ရောက် တာဝန်ခံသောအဖွဲ့အစည်းများကို အဆင့်တိုင်း၌ တည်ဆောက်ရေး၊
(၁၇) စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုအတွက် တစ်ကမ္ဘာလုံးပူးပေါင်းဆောင်ရွက်လုပ်ဆောင်မှုကို တိုးတက်ခိုင်မာအောင်ဆောင်ရွက်ရေး။

ဒီစဉ်ဆက်မပြတ်ရည်မှန်းချက် ၁၇ ချက်ဟာ လွန်ခဲ့တဲ့နှစ်ပေါင်း ၁၅ နှစ်ကချမှတ်ခဲ့တဲ့ ထောင်စုနှစ်ရည်မှန်းချက် ရှစ်ချက်ကိုအခြေခံထားတာဖြစ်ပြီး ၁၅ နှစ်ကာလအတွင်း ရလာသောအတွေ့အကြုံသင်ခန်းစာများအပေါ် အခြေခံကာ ပြုစုခဲ့တာဖြစ်ပါတယ်။ နိုင်ငံတိုင်းမှာဒီအခြေခံ ၁၇ ချက်ကို ဆွေးနွေး ဖော်ထုတ်လျက်ရှိတာကို တွေ့မြင်ရပါတယ်။ ကျွန်တော်တို့နိုင်ငံမှာလည်း အလားတူ အသိပေးမှုတွေ၊ နားလည်သဘောတူညီမှုတွေ ရယူဆောင်ကြဉ်းထားလျက်ရှိပါတယ်။

**ဒီအခြေခံ ၁၇ ချက်ကို လာမယ့်အောက်တိုဘာလ ကုလသမဂ္ဂ အထွေထွေ ညီလာခံကြီးမှာအတည်ပြုမှာဖြစ်ပါတယ်။ ဒီညီလာခံကြီးဟာ ကုလသမဂ္ဂ အဖွဲ့အစည်း နှစ် ၇၀ ပြည့်တဲ့အချိန်ကာလနဲ့တိုက်ဆိုင်တာမို့ အလွန်အရေးပါတဲ့ အခမ်းအနားဖြစ်ပါတယ်။ နိုင်ငံခေါင်းဆောင်များတက်ရောက်ပြီး နောင် ၁၅ နှစ်ကာလအတွက် လူသားများရဲ့ မျှော်လင့်ချက်တွေ၊ အိပ်မက်တွေကို ဖော်ထုတ်ကြမှာဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဒီစဉ်ဆက်မပြတ် ရည်မှန်းချက်များကို မြန်မာနိုင်ငံမှာရှိတဲ့ ၅၁ သန်းသောပြည်သူပြည်သားတွေက အလေးထားပြီး နောင် ၁၅ နှစ်အတွင်း ပြည့်မီအောင် ဘယ်လိုဆောင်ရွက်ကြသလဲဆိုတာတွေကို ဆွေးနွေးတိုင်ပင်စေချင်ပါတယ်။ ဒီရည်မှန်းချက်တွေဟာ နိုင်ငံတော်အစိုးရအတွက်သာမက ပြည်သူပြည်သားအားလုံးအတွက် ဖြစ်ပါတယ်။ သဘောတူညီချက်ကိုရယူပြီး တစ်ဦးချင်းတစ်ယောက်ချင်း တာဝန်ခံ၊ တာဝန်ယူစေချင်ပါတယ်။ ။**

## အခွန်အမှတ်တံဆိပ်ကပ်နှိပ်၍ အခွန်တစ်ပါတည်း ကောက်ခံမည့် လုပ်ငန်းအစီအစဉ်ဆွေးနွေး

**မအူပင် ဇွန် ၂၁**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်၌ ဟိုတယ်၊ တည်းခိုခန်းနှင့် စားသောက်ဆိုင်များက ထုတ်ပေးသော ပြေစာများတွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်၍အခွန်တစ်ပါတည်း ကောက်ခံ မည့်လုပ်ငန်းအစီအစဉ်အား ရှင်းလင်းဆွေးနွေးပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ဒုတိယပတ်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အခွန်ဦးစီးဌာနမှူးက ၂၀၁၅ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေများ၊ ပြေစာများတွင် အခွန်အမှတ်တံဆိပ်ကပ်နှိပ်၍ အခွန်ကောက်ခံရမည့် နည်းလမ်းများ၊ အခွန်အမှတ်တံဆိပ်နှင့်စပ်လျဉ်းသည့် ပြစ်မှုပြစ်ဒဏ်များ၊ ကုန်သွယ်လုပ်ငန်းခွန်ဥပဒေများကို အသေးစိတ်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**မောင်မောင်**



## သီးပွံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် မိုးစပါးစိုက်ပျိုး

**ထန်းပါခွေ ဇွန် ၂၁**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ထန်းပါခွေမြို့၌ သီးပွံနည်းကျစိုက်ပျိုးနည်းစနစ်ဖြင့် မိုးစပါးစိုက်ပျိုးပွဲကို ဇွန် ၂၀ ရက်က ကျင်းပရာ မိုးစပါးယှဉ်ပြိုင်စမ်းသပ်ကွက် တစ်ဧကကို သီးပွံနည်းကျစိုက်ပျိုးနည်းစနစ် (GAP)ဖြင့် ထန်းပါခွေရပ်ကွက် တောင်သူ ဦးပါဟရိုလ်၏ လယ်မြေ၌ စိုက်ပျိုးခဲ့သည်။

အဆိုပါ မိုးစပါးအမျိုးအမည်မှာ (ဗီယက်နမ်)စပါးမျိုးဖြစ်ပြီး ပျိုးသက် ၂၅ ရက်သားတွင် စိုက်ပျိုးရန် သက်တမ်း ၁၂၅ ရက်ခန့်ရှိကြောင်း၊ တင်း ၁၅၀ ကျော် ထွက်ရှိနိုင်သည့် အထွက်ကောင်းမျိုးဖြစ်သဖြင့် ဒေသရာသီဥတုနှင့် ကိုက်ညီမှုရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးနိုင်ကျော်စိုးထံက သိရသည်။

**ချန်လော(Pr)**

# ပဲတီစိမ်းဈေး အတက်အကျမြန်နေ၍ ပွဲရုံများရောင်းဝယ်ရေး ခက်နေ

**ရေစကြို ဇွန် ၂၁**

မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးထားသော ပဲတီစိမ်းများ ဒုတိယအကြိမ်ပေါ်ချိန်၌ ဈေးမငြိမ်ဘဲ အတက်အကျမြန်နေသဖြင့် ရေစကြိုမြို့ပေါ်ရှိ ပွဲရုံများအနေဖြင့် ရောင်းဝယ်ရေးအဆင်မပြေဖြစ်နေကြောင်း သိရသည်။

“ဒီနှစ် ပဲတီစိမ်းဈေးက မငြိမ်ဘူးဗျ။ ပေါ်ကာစက တစ်တင်းကို ကျပ် ၄၁၀၀၀ ကနေ စခဲ့တာ တဖြည်းဖြည်းနဲ့ ကျပ် ၃၉၀၀၀၊ ၃၈၀၀၀ ကနေ ၃၇၀၀၀ အထိ ကျသွားတယ်။ ဒီမနက်တော့ ပေါက်ဈေးက ထိပ်စတစ်တင်းကို ၃၉၀၀၀ ပြန်ဖြစ်နေတယ်။ ညနေကျရင် ဘယ်ဈေးဖြစ်မလဲဆိုတာ မသိရသေးဘူး။ ပဲတီစိမ်းမှမဟုတ်ဘူး။ အခြားသီးနှံတွေလည်း ဈေးတွေအတက်အကျရှိတယ်။ မငြိမ်ဘူး။ ဒေါ်လာဈေးကြောင့်လားတော့ မသိဘူး။ မနက်တစ်မျိုး ညနေတစ်မျိုးနဲ့ အမျိုးမျိုးဖြစ်နေတယ်။ ဈေးတွေ ကမောက်ကမ ဖြစ်နေတော့ ကျွန်တော်တို့ပွဲရုံတွေလည်း ဝယ်ရရောင်းရတာ သိပ်အဆင်မပြေဘူး”ဟု ရေစကြိုမြို့မှ ပွဲစားတစ်ဦးက ဇွန် ၁၇ ရက်တွင် ပြောသည်။

ဇွန် ၁၇ ရက် ကုန်စည်ဒိုင်ဈေးနှုန်းများအရ ပဲတီစိမ်းတစ်တင်းလျှင် ဈေးနှုန်းမှာ ကျပ် ၃၉၀၀၀ ဖြစ်ကာ ယခင်လထက် ကျပ် ၂၀၀၀ ခန့် မြင့်တက်နေခြင်းဖြစ်သည်။ ဈေးနှုန်းများ အနည်းငယ်တက်သော်လည်း ယခုနှစ်တွင် ရေစကြိုမြို့နယ်အတွင်း ပဲတီစိမ်းခင်းများ ပိုးကျခဲ့သဖြင့် အထွက်နည်း၍ တောင်သူများလည်း တွက်ချေမကိုက်ကြောင်း သိရသည်။

**ပဲတီစိမ်းမှမဟုတ်ဘူး။ အခြားသီးနှံတွေလည်း ဈေးတွေအတက်အကျရှိတယ်။ မနက်တစ်မျိုး ညနေတစ်မျိုးနဲ့ အမျိုးမျိုးဖြစ်နေတယ်။ ဈေးတွေကမောက်ကမဖြစ်နေတော့ ကျွန်တော်တို့ပွဲရုံတွေလည်း ဝယ်ရရောင်းရတာသိပ်အဆင်မပြေဘူး . . .**

“ကျွန်တော်က ပဲတီစိမ်းစိုက်တာ နောက်ကျလို့ ၄၁၀၀၀ ဈေးကို မမီလိုက်ဘူး။ ဒီကြားထဲ ပဲတီစိမ်းခင်းအချို့က ပိုးကျတယ်။ ဘာပိုးလဲတော့ အတိအကျမသိဘူး။ ဆေးဖြန်းတာလည်းမရဘူး။ ပိုးစားတော့ ပထမအကြိမ် အသီးကောက်တုန်းက အရနည်းတယ်။ အခုကတော့ ဒုတိယအသီးလာရောင်းတာပါ။ အခုရက်အတွင်းမှာ တတိယအသီးကောက်စရာလည်းရှိသေးလို့ ဈေးငြိမ်ပါစေလို့ ဆုတောင်းနေရတယ်”ဟု ကံစွယ်ကျေးရွာမှ ပဲတီစိမ်းစိုက်ပျိုးသည့် တောင်သူတစ်ဦးက ဇွန် ၁၇ ရက်တွင် ပဲတီစိမ်းလာရောက်ရောင်းချစဉ် ပြောပြသည်။

ရေစကြိုမြို့နယ်သည် ပဲတီစိမ်းစိုက်ပျိုးမှုများသည့် မြို့နယ်ဖြစ်ကာ နှစ်စဉ် ပဲတီစိမ်းဧက ၂၀၀၀၀ ကျော်ခန့် စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်

**တောင်သာ ဇွန် ၂၁**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့၌ မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲကို တောင်သာမြို့အခြေခံပညာအထက်တန်းကျောင်း နဝရတ်ခန်းမ၌ ဇွန် ၁၉ ရက်တွင် ကျင်းပခဲ့သည်။

အဆိုပါစာစီစာကုံးပြိုင်ပွဲသို့ တောင်သာမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြရာ အထက်တန်းနှင့် အလယ်တန်းအဆင့်ကို စွမ်းဆောင်ရည်မြင့်မား မြန်မာအမျိုးသမီးများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာအမျိုးသမီးများ၏ အခန်းကဏ္ဍခေါင်းစဉ်ဖြင့်လည်းကောင်း၊ ပုခက်လွှဲသောလက်သည် ကမ္ဘာကို အုပ်စိုးနိုင်သည် ခေါင်းစဉ်ဖြင့်လည်းကောင်း ဖြေဆိုယှဉ်ပြိုင်စေခဲ့ပြီး အထက်တန်းအဆင့်တွင် ကျောင်းသူ ၄၃ ဦးနှင့် အလယ်တန်းအဆင့်တွင် ကျောင်းသူ ၄၂ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

ထို့နောက် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မြတ်ကလျာအောင်က အမှာစကားပြောကြားပြီး မြန်မာအမျိုးသမီးများနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်မှ ပထမ၊ ဒုတိယ၊ တတိယ ဆုရကျောင်းသူများအား ဆုများနှင့် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့သည်။ ဆုချီးမြှင့်ပွဲသို့ မြို့နယ်အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ ဆရာမများ၊ ဆုရကျောင်းသူများ တက်ရောက်ခဲ့ကြောင်းသိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**

# သမဝါယမချေးငွေ ကျပ်သန်းပေါင်း ၄၁၀၀ ကျော် ထုတ်ချေး

**ထားဝယ် ဇွန် ၂၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်၊ မြိတ်နှင့် ကော့သောင်းခရိုင်များရှိ မြို့နယ်များမှ သမဝါယမအသင်းများထံသို့ သမဝါယမချေးငွေနှင့် လယ်ယာသုံးစက်ကိရိယာများ အရစ်ကျဝယ်ယူရန် ပံ့ပိုးချေးငွေ ကျပ်သန်းပေါင်း ၄၁၀၀ ကျော်ကို ဇွန် ၁၈ ရက်တွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီး သမဝါယမဦးစီးဌာနက ကြီးမှူး၍ ထားဝယ်မြို့ မြို့တော်ခန်းမ၌ ဇွန် ၁၈ ရက်တွင် ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုဘဝမြှင့်တင်ရေးအခမ်းအနား၌ သမဝါယမချေးငွေနှင့် ပံ့ပိုးချေးငွေများကို ပေးအပ်ခဲ့ခြင်းဖြစ်သည်။

တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ထားဝယ်ခရိုင်မှ အခြေခံသမဝါယမအသင်း ၄၇ သင်းအတွက် ချေးငွေကျပ် ၆၇၁ ဒသမ ၃၁ သန်းကို ထားဝယ်မြို့နယ် သမဝါယမအသင်းစု ဥက္ကဋ္ဌထံသို့လည်းကောင်း၊ မြိတ်ခရိုင်မှ အခြေခံသမဝါယမအသင်း ၁၄၃ သင်းအတွက် ချေးငွေကျပ် ၈၃၁ ဒသမ ၉၁၅ သန်းကို မြိတ်မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌထံသို့ လည်းကောင်း ပေးအပ်သည်။ တိုင်းဒေသကြီး ဘဏ္ဍာရေးဝန်ကြီး ဦးသန်းအောင်က ကော့သောင်းခရိုင်မှ သမဝါယမအသင်း ၄၃ သင်းအတွက် ချေးငွေကျပ် ၂၆၅ ဒသမ ၁၆၅ သန်းနှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်းမှ အခြေခံသမဝါယမအသင်း ၅၆ သင်းအတွက် လယ်ယာသုံးစက်ကိရိယာများ အရစ်ကျဝယ်ယူရန် ပံ့ပိုးချေးငွေများကို ပေးအပ်ခဲ့သည်။

ချေးငွေစုစုပေါင်းအနေဖြင့် ခရိုင်သုံးခုရှိ မြို့နယ် ၁၀ ခုမှ သမဝါယမအသင်း ၂၈၉ သင်းအတွက် ချေးငွေ ၁၇၆၈ ဒသမ ၃၉၀ သန်းနှင့် သမဝါယမအသင်း ၅၆ သင်းမှ အသင်းသား ၇၃၅ ဦးအတွက် လယ်ယာသုံး စက်ကိရိယာများဝယ်ယူရန် ပံ့ပိုးချေးငွေ ၂၃၀၆ ဒသမ ၃၅၄ သန်းကို ထုတ်ချေးပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် လူမှုဘဝမြှင့်တင်ရေးအခမ်းအနားတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်(၈)ရပ်တွင် ပါဝင်သည့် သမဝါယမကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုရန်အတွက် ချေးငွေများ ထုတ်ချေးခြင်းဖြစ်ကြောင်း ပြောကြားခဲ့ပြီး အခမ်းအနားအပြီးတွင် ခင်းကျင်းပြသထားသည့် လယ်ယာသုံးစက်ကိရိယာများကို ကြည့်ရှုခဲ့သည်။

**ဖိုးရွှေသွန်း(ထားဝယ်)**

# ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲကျင်းပ

**ရန်ကုန် ဇွန် ၂၁**

မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်တွင် ကိုရီးယားဘာသာစကား သင်ယူနေသောကျောင်းသား၊ ကျောင်းသူများအား CGM Myanmar Trading ကုမ္ပဏီလီမိတက်မှ ပညာသင်စရိတ်ထောက်ပံ့ငွေပေးအပ်ပွဲကို မန္တလေးနိုင်ငံခြား ဘာသာတက္ကသိုလ်၌ ဇွန် ၁၈ ရက်က ကျင်းပခဲ့သည်။

ထောက်ပံ့ငွေပေးအပ်ပွဲသို့ တာဝန်ခံပါမောက္ခချုပ် ဒေါက်တာတင့်တင့်၊ ဒုတိယပါမောက္ခချုပ်၊ ကိုရီးယားဘာသာဌာနမှ လက်ထောက်ကထိက (ဌာနမှူး)နှင့် ဆရာ ဆရာမများ၊ စီမံအရာရှိများနှင့် ပညာသင်စရိတ်ထောက်ပံ့ငွေရရှိကြသည့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြကာ တာဝန်ခံပါမောက္ခချုပ်က အမှာစကား ပြောကြားပြီး CGM Myanmar Trading ကုမ္ပဏီလီမိတက်မှ Mr.Lee Moo Soou က ကျောင်းသား ကျောင်းသူ ၂၀ အတွက် ပညာသင်စရိတ်ထောက်ပံ့ငွေများကို ပေးအပ်ခဲ့သည်။ **(ပညာရေး)**

# မူးယစ်ဆေးဝါးအန္တရာယ်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများ ပညာပေးဟောပြော

**ဖလမ်း ဇွန် ၂၁**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနှင့် ယာဉ်စည်းကမ်းလမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ဖလမ်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဇွန် ၁၉ ရက်တွင် ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြို့နယ်ရဲစခန်းမှူး ဒုတိယရဲမှူး ဦးညဏက မူခင်းလျော့နည်းကျဆင်းရေးအကြောင်း၊ ဖလမ်းခရိုင် ယာဉ်ထိန်းတာဝန်ခံ ဒုရဲအုပ် ခင်မောင်ထူးက ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်တိုက်မှုများ လျော့ပါးရေး သတိပြုရမည့်အချက်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ဦးဇော်ဝင်းအောင်က မူးယစ်ဆေးဝါး တရားမဝင်ရောင်းဝယ်မှုနှင့် မူးယစ်ဆေးဝါးအန္တရာယ်များ အကြောင်းတို့ကို ဟောပြောခဲ့ပြီး ဆရာဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

# မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြော

**ကျောက်တလုံးကြီး ဇွန် ၂၁**

ရှမ်းပြည်နယ် တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဌာနတို့ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ် တိုက်ဖျက်ရေး(ယင်းမာ)စီမံချက်အရ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးမှုများကို ဇွန် ၁၉ ရက်က ကျောက်တလုံးကြီးမြို့ နောင်ကားကျေးရွာသို့ နယ်လှည့်ကွင်း ဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးစိုင်းဆမ်တစ်နှင့် လုံကား(အထက)ကျောင်းအုပ်ဆရာမကြီး ဒေါ်စန်းစန်းဦးတို့က အမှာစကားပြောကြားပြီး တောင်ကြီးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်နန်းဆိုင်စိန်က မူးယစ်ဆေးဝါးဆိုးကျိုးများကို လည်းကောင်း၊ ကျောက်တလုံးကြီးမြို့ အုပ်ချုပ်ရေးမှူး ဦးဇေယျာမင်းက ကျောင်းသားလူငယ်များအား အောင်ချက်မြင့်မားရေးအတွက် ဆရာ ဆရာမများက ကြိုးပမ်းဆောင်ရွက်သွားရေးကို လည်းကောင်း၊ စခန်းမှူးရဲအုပ် သိန်းတန်က မူးယစ်ဆေးဝါးအန္တရာယ်နှင့် ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ရွှေရွှေမြင့်က မြန်မာနိုင်ငံ၏မူးယစ်ဆေးဝါးပပျောက်ရေး ဆောင်ရွက်ချက်များကိုလည်းကောင်း ပြောကြားခဲ့သည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက မူးယစ်ဆေးဝါးအန္တရာယ် အသိပေး နံရံကပ်စာစောင်များကို လှည့်လည်ကြည့်ရှုပြီး ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းသား ကျောင်းသူများသို့ လက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# မကွေးမြို့ သင်ကြားရေးဆေးရုံ၌ ကျောက်ချေစက်ဖြင့် ကုသပေးလျက်ရှိ

**မကွေး ဇွန် ၂၁**

မကွေးတိုင်းဒေသကြီး မကွေးမြို့ရှိ သင်ကြားရေးဆေးရုံကြီး၌ ကျောက်ချေစက်သစ်ကို မေလအတွင်း တပ်ဆင်ခဲ့ပြီးနောက် ဆီးနှင့်ကျောက်ကပ် ရောဂါဝေဒနာရှင်များအား ကုသပေးလျက်ရှိရာ ဒေသခံပြည်သူများအနေဖြင့် ရန်ကုန်နှင့် မန္တလေးမြို့ကြီးများသို့ သွားရောက်ကုသရန် မလိုတော့ဘဲ မိမိတို့ဒေသတွင်သာ ကုသနိုင်သဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်အနေဖြင့် ကျေးလက်နှင့်မြို့ပြ ကျန်းမာရေးစောင့်ရှောက်မှုများ ကွာဟမှုမရှိစေရေးအတွက် ဆောင်ရွက်လျက်ရှိရာ အဆိုပါကျောက်ချေစက်ကို နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေဖြင့် ဝယ်ယူ၍ မကွေးသင်ကြားရေးဆေးရုံတွင် တပ်ဆင်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ကျွမ်းကျင်ပညာရှင်များမှ လာရောက်တပ်ဆင်ပေးပြီးနောက် မကွေးသင်ကြားရေးဆေးရုံမှ ဆီးနှင့်ကျောက်ကပ် အထူးကုဆရာဝန်ကြီး ဒေါက်တာလှဖုန်းက ဦးစီး၍ ကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စက်တပ်ဆင်နိုင်ခဲ့သဖြင့် မကွေးတိုင်းဒေသကြီးအတွင်းမှ ဆီးနှင့်ကျောက်ကပ်ဝေဒနာရှင်များကို ကုသပေးနိုင်သည့်အပြင် မကွေးဆေးတက္ကသိုလ်ရှိ ကျောင်းသားကျောင်းသူများအနေဖြင့်လည်း လက်တွေ့အတွေ့အကြုံများရရှိကြောင်း၊ မေလက စတင်တပ်ဆင်ချိန်မှစ၍ ယခုအချိန်အထိ ရောဂါဝေဒနာရှင်များအား အောင်မြင်စွာ ကုသပေးလျက်ရှိကြောင်း သိရသည်။

ကျောက်ချေစက်သစ်ဖြင့် ရောဂါများကုသပေးနေမှုကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဘုန်းမော်ရွှေနှင့်အဖွဲ့က ဇွန် ၁၉ ရက်တွင် လာရောက်ကြည့်ရှုခဲ့ပြီး ကုသမှုခံယူနေသော လူနာများကို တွေ့ဆုံအားပေးခဲ့သည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် မကွေးမြို့ သင်ကြားရေးဆေးရုံကြီး၌ တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်နေသည့် အခမဲ့မျက်စိခွဲစိတ်ကုသမှုကိုလည်း ကြည့်ရှုခဲ့ပြီး လာရောက်ကုသမှုခံယူသော မျက်စိဝေဒနာရှင်များကို အားပေးစကားပြောကြားကာ မျက်မှန်များ၊ အစားအသောက်နှင့် လက်ဆောင်ပစ္စည်းများလည်း ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## အသက်မွေးဝမ်းကျောင်း အထောက်အကူပြု မော်တာစက်ချုပ်သင်တန်းဆင်းပွဲကျင်းပ

**ထားဝယ် ဇွန် ၂၁**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင် မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနက ကြီးကြပ်ဖွင့်လှစ်ခဲ့သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုလုပ်ငန်း လျှပ်စစ်မော်တာစက်ချုပ်သင်တန်း (၁/၂၀၁၅)ဆင်းပွဲကို တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ဇွန် ၁၉ ရက်တွင် ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီး ဒေါက်တာဝင်းအောင်က အမှာစကားပြောကြားပြီး ထားဝယ်ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးငွေသိန်းက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေးနှင့် မွေးမြူရေးဝန်ကြီးက ထူးချွန်သင်တန်းသူများအား ဆုများချီးမြှင့်ပြီး တိုင်းဒေသကြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးမှ ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ)ဦးအေးချိုက သင်တန်းဆင်းလက်မှတ်များ ပေးအပ်ကာ ခရိုင် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူးက သင်တန်းနည်းပြဆရာမများ အား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်သည်။

သင်တန်းဆင်းပွဲသို့ တိုင်းဒေသကြီး မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းဒေသကြီး၊ ခရိုင်နှင့်မြို့နယ်များမှ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့အစည်းများ၊ စက်ချုပ်သင်တန်း နည်းပြဆရာမများနှင့် ထားဝယ်ခရိုင်အတွင်း မြို့နယ် လေးမြို့နယ်မှ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

လျှပ်စစ်မော်တာ စက်ချုပ်သင်တန်းကို ကျေးလက်နေ အမျိုးသမီးငယ်များ အလုပ်အကိုင်ရရှိရေး ရည်ရွယ်ချက်ဖြင့် မတ် ၁၆ ရက်မှ မေ ၁၆ ရက်အထိ နှစ်လကြာ ဖွင့်လှစ်ခဲ့ပြီး ထားဝယ်မြို့နယ်၊ သရက်ချောင်းမြို့နယ်၊ လောင်းလုံးမြို့နယ်နှင့် ရေဖြူမြို့နယ်များမှ သင်တန်းသူ ၂၅ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## စိုက်ပျိုးရေးကဏ္ဍတိုးတက်ရေး နည်းပညာဆွေးနွေးပွဲ ကျင်းပ

**ချောင်းဦး ဇွန် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ် မှန်ချိုကျေးရွာ၌ ဒေသခံတောင်သူလယ်သမားများ၏ စပါးစိုက်ပျိုးမှု တိုးတက်စေရေးနှင့် စိုက်ပျိုးရေးဆိုင်ရာ အခက်အခဲများကို ဖြေရှင်းနိုင်ရေးအတွက် စိုက်ပျိုးရေးနည်းပညာဆွေးနွေးပွဲကို ဇွန် ၁၉ ရက်က ပြုလုပ်ခဲ့သည်။




ဆွေးနွေးပွဲတွင် မုံရွာခရိုင် မြေအသုံးချရေးတာဝန်ခံ ဦးစီးအရာရှိ ဒေါ်အေးသန်းက မြေဆီလွှာပြုပြင်ခြင်း၊ သဘာဝမြေဩဇာပြုလုပ်သုံးစွဲခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျအသုံးပြုရေးနည်းပညာနှင့် မြေဩဇာဥပဒေများအကြောင်း စသည်တို့ကို ရှင်းလင်းဆွေးနွေးပြီး၊ ခရိုင်မျိုးစေ့တာဝန်ခံ ဦးစီးအရာရှိ ဒေါ်သောင်းငွေးက မျိုးကောင်းမျိုးသန့် ထုတ်လုပ်သုံးစွဲနည်း၊ မျိုးစေ့အဆင့်ဆင့် ထုတ်လုပ်နည်း၊ မျိုးစေ့အရည်အသွေး လက္ခဏာများနှင့် သိပ္ပံနည်းကျ စိုက်ပျိုးရေးကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ခရိုင်သီးနှံကာကွယ်ရေးတာဝန်ခံ ဦးစီးအရာရှိ ဒေါ်မာမာဆွေက ပိုးမွှားရောဂါကျရောက်မှု အခြေအနေနှင့် ကြိုတင်သိရှိထားရမည့် အချက်များ၊ ခွဲခြားသိရှိနိုင်မည့် အချက်များ၊ ကာကွယ်နှိမ်နင်းနည်းများ၊ ဓာတုဆေးများ၏ အန္တရာယ်များနှင့် ပိုးသတ်ဆေးများသုံးစွဲရာတွင် ဂရုပြုဆောင်ရွက်ရမည့်အချက်များ၊ ပိုးသတ်ဆေးဥပဒေများအကြောင်းတို့ကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မုံရွာခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမျိုးကြည်က ပြောင်းလဲလာသောရာသီဥတုကြောင့် သီးနှံပုံစံများပြောင်းလဲစိုက်ပျိုးရေး၊ သဘာဝမြေဩဇာနှင့် သဘာဝပိုးသတ်ဆေးပြုလုပ်သုံးစွဲနည်းပညာများ၊ တောင်သူလယ်သမားများ၏ အကျိုးစီးပွားကာကွယ်မြှင့်တင်ရေး ဥပဒေများအကြောင်း၊ တောင်သူများ၏ စိုက်ပျိုးရေးဆိုင်ရာကိစ္စများကို အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်မေးမြန်းနိုင်ရန်(Call Centre) များ ထားရှိရေးကို ဆွေးနွေးခဲ့ကာ ချောင်းဦးမြို့နယ်စိုက်ပျိုးရေး ဦးစီးအရာရှိ ဒေါ်သန်းလှကလည်း လက်ရှိတောင်သူများ၏ စိုက်ပျိုးရေး အခက်အခဲများတွင် ပူးပေါင်းဖြေရှင်းနိုင်ရေးကို ဆွေးနွေးခဲ့သည်။

အဆိုပါ နည်းပညာဆွေးနွေးပွဲသို့ မှန်ချိုကျေးရွာမှ ဒေသခံတောင်သူလယ်သမား ၈၀ ခန့် တက်ရောက်ခဲ့သည်။

**ယုယုဝင်း(iprd)**

## သွေးလွန်တုပ်ကွေး ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်မည်

**ရေး ဇွန် ၂၁**

မွန်ပြည်နယ် ရေးမြို့တွင် သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးအတွက် မြို့ပေါ်ရပ်ကွက်များရှိ နေအိမ်များမှ ရေတွင်းရေကန်များတွင် ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်းများနှင့် အဘိတ်ဆေးခတ်ခြင်းများကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ကျန်းမာရေးဦးစီးဌာနတို့က ဦးဆောင်၍ အရှိန်မြှင့်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်အုပ်ချုပ်ရေးမှူးဦးမိုးဇော်နိုင်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာခင်စန်းဝင်း၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျန်းမာရေးဝန်ထမ်းများပူးပေါင်း၍ သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားမှု လျော့နည်းကျဆင်း ပပျောက်စေရေးအတွက် မြို့ပေါ်ရပ်ကွက်များတွင် ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်းများကို အပတ်စဉ်စနေနေ့တိုင်း လိုက်လံစစ်ဆေးခြင်းများ ဆောင်ရွက်ကာ မြို့ပေါ်ရပ်ကွက်များအပြင် ကျေးရွာများသို့လည်း ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**နေမျိုးထွဋ်(ရေး)**



# မျက်မမြင်ပညာသင်ကျောင်း ရေဦးမြို့နယ်၌ ဖွင့်လှစ်

**ရေဦး ဇွန် ၂၁**

မျက်စိမမြင်သူများ ပညာသင်ကြားနိုင်ရန်နှင့် အခြားအကူအညီများ ရရှိနိုင်ရန်အတွက် ဉက္ကာရောင်ခြည် ပရဟိတမျက်မမြင်ပညာသင်ကျောင်းကို စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့နယ် မဲအိုး-တောင်ကုန်းကျေးရွာ၌ ဇွန် ၁၇ ရက်က ဖွင့်လှစ်ခဲ့ကြောင်း သိရသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော် ဥပဒေပြုရေးရာအကြံပေး ဦးစိုးတင့်အောင်၊ မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးစံငွေး၊ ရပ်မိရပ်ဖ ဦးကျော်မောင်နှင့် ကျောင်းဆောင်အလှူရှင် ဦးထွန်းဝေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် ကျောင်းဉက္ကဋ္ဌ ဦးထွန်းထွန်းနိုင်က ဉက္ကာရောင်ခြည် ပရဟိတမျက်မမြင် ပညာသင်ကျောင်းကို မျက်မမြင်များ နီးစပ်ရာတွင် လွယ်ကူစွာ ပညာသင်ကြားခွင့်ရရှိစေရန်၊ အသိပညာအတတ်ပညာတိုးပွား၍ မိမိပတ်ဝန်းကျင်နှင့် ညီညွတ်စွာယှဉ်တွဲနေထိုင်တတ်စေရန်၊ မိမိအတတ်ပညာများဖြင့် ဘဝကို ဂုဏ်သိက္ခာရှိစွာ ရပ်တည်နိုင်ရန်၊ မျက်မမြင်အချင်းချင်း ကွန်ယက်သဖွယ် ချိတ်ဆက်၍ တစ်ဦးအခက်အခဲများကို အများက ဝိုင်းဝန်းအဖြေရှာ ကူညီပံ့ပိုးပေးနိုင်ရန်စသည့် ရည်ရွယ်ချက်များဖြင့် ဖွင့်လှစ်ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ပဒ်ပရိယတ္တိစာသင်တိုက် တိုက်အုပ်ဆရာတော်ဦးဇောတိက(ဆွမ်ပရာဘွမ်)နှင့် အလှူရှင်များက ထောက်ပံ့ငွေများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

အဆိုပါကျောင်းဆောင်ကို ရေဦးမြို့မှ ဦးထွန်းဝေ မိသားစု(ဟိန်း-ဝါးကပ်နှင့် ကုန်မာရောင်းဝယ်ရေး)က ဆောက်လုပ်လှူဒါန်းခဲ့ပြီး အဆောက်အအုံအမျိုးအစားမှာ အလျား ၃၄ ပေ၊ အနံ ၁၇ ပေ၊ အမြင့် ၁၂ပေရှိ သွပ်မိုး၊ ထရံကာဖြစ်ကာ ကုန်ကျငွေ ကျပ် ၂၈ သိန်းဖြစ်ကြောင်း သိရသည်။

**သန်းထိုက်(ရေဦး)**



## မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးလုပ်ငန်းများဆောင်ရွက်

**ဖျာပုံ ဇွန် ၂၁**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့အထိမ်းအမှတ်အဖြစ် မူးယစ်ဆေးဝါးအန္တရာယ်ကာကွယ်ရေးလုပ်ငန်းများကို ဖျာပုံမြို့နယ်၌ ဆောင်ရွက်လျက်ရှိရာ ဖျာပုံမြို့ အထက(၂)နှင့် အထကခွဲ(၁) ကျောင်းများ၌ မူးယစ်ဆေးဝါးတားဆီးရေး ပညာပေးဟောပြောပွဲများကို ဇွန် ၁၉ ရက်တွင် ပြုလုပ်ခဲ့ကြောင်းသိရသည်။

ဟောပြောပွဲများတွင် လက်ထောက်မြို့နယ်ပညာရေးမှူး ဦးမြင့်လွင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးခင်မောင်သန်းတို့က အမှာစကားပြောကြားခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးယဉ်မောင်ဆွေက ကျောင်းသားလူငယ်တိုင်း သိထားသင့်သည့် မူးယစ်ဆေးဝါးအန္တရာယ်များ၊ ရှောင်ရှားနိုင်သည့် နည်းလမ်းများ၊ မြို့နယ်ဥပဒေအရာရှိ ဒေါ်ဆွေဆွေမာက မူးယစ်ဆေးဝါးနှင့် ပတ်သက်သည့် ပြစ်မှုနှင့် ပြစ်ဒဏ်များ စသည့်အကြောင်းအရာများကို ပညာပေးဟောပြောခဲ့ကြကြောင်း သိရသည်။

ထို့အပြင် မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အကြိုလှုပ်ရှားမှုများအဖြစ် ဖျာပုံမြို့ အထကကျောင်းများ၌ မူးယစ်ဆေးဝါးအန္တရာယ်တားဆီးတိုက်ဖျက်ရေး မူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲများ၊ အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲများ ကျင်းပပေးပြီးဖြစ်ကာ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် အခမ်းအနားကိုလည်း ဖျာပုံမြို့ သီရိအဏ္ဏဝါခန်းမ၌ စည်ကားစွာကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သူဇာနွယ်(ဖျာပုံ)**

# ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံနှင့် စာရေးကိရိယာများထောက်ပံ့

**မြင်းမူ ဇွန် ၂၁**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် အမျိုးသမီးရေးရာအဖွဲ့နှင့် မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေး အသင်းတို့ ပူးပေါင်းပြီး မြင်းမူမြို့ အမှတ်(၆) အခြေခံပညာမူလတန်းကျောင်းနှင့် မြစ်ပေါက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတို့မှ ကျောင်းသား ကျောင်းသူများအား ကျောင်းဝတ်စုံများ၊



ဗလာစာအုပ်များနှင့် စာရေးကိရိယာများကို ဇွန် ၁၉ ရက်က ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

မြင်းမူမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဉက္ကဋ္ဌ ဒေါ်သင်းသင်းနိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များက အမှတ်(၆) အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၃၄ ဦးအတွက် ကျောင်းသုံးဗလာစာအုပ် ၃၄ ဒါဇင်နှင့် စာရေးကိရိယာများကို လည်းကောင်း၊ မြစ်ပေါက်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ကျောင်းသား ကျောင်းသူ ၉၀ အတွက် ကျောင်းဝတ်စုံ အစုံ ၉၀၊ ကျောင်းသုံးဗလာစာအုပ် ၁၅ဒါဇင်နှင့် စာရေးကိရိယာများကိုလည်းကောင်း ထောက်ပံ့ပေးအပ်ခဲ့ခြင်းဖြစ်သည်။

ထို့နောက် မြင်းမူမြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဉက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ၂၀၁၅ ခုနှစ် မြန်မာအမျိုးသမီးများနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် မြို့နယ်ပညာရေးမှူးရုံး၌ ကျင်းပသည့် စာစီစာကုံးပြိုင်ပွဲကို ကြည့်ရှုအားပေးခဲ့ကြသည်။ အဆိုပါ စာစီစာကုံးပြိုင်ပွဲတွင် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၃ ဦးက အမျိုးသမီးဂုဏ်ရည်မြင့်မားဖို့ အမျိုးသမီးများဘဝ မြှင့်တင်စို့ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၁၂ ဦးက ယဉ်ကျေးလိမ္မာမေမြန်မာ ခေါင်းစဉ်ဖြင့်လည်းကောင်း ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သိရသည်။

**အောင်စိုးဖေ(iprd)**

IKBZ Insurance

"ကျန်းမာရေးအာမခံ"
Health Insurance

အာမခံထားရှိနိုင်သူ

မြန်မာနိုင်ငံသားများနှင့် မြန်မာနိုင်ငံအတွင်း တရားဝင်နေထိုင်လျှက်ရှိသောနိုင်ငံခြားသားများအနေဖြင့် အသက်(၆)နှစ်မှ (၁၈)နှစ်ရှိသူများအတွက် မိဘအုပ်ထိန်းသူမှ တာဝန်ယူထားရှိခြင်းဖြင့်လည်းကောင်း၊ အသက်(၁၈)နှစ်မှ အသက် (၆၅)နှစ်ရှိသူများအတွက် မိမိကိုယ်တိုင်သော်လည်းကောင်း ကျန်းမာရေးအာမခံဝယ်ယူထားရှိနိုင်ပါသည်။

ပရီမီယံ

(၁) ယူနစ်ဝယ်ယူပါက ကျသင့်ပရီမီယံငွေကျပ် ၅၀,၀၀၀/- ဖြစ်ပါသည်။ အများဆုံး(၅)ယူနစ်အထိ ဝယ်ယူနိုင်ပါသည်။
အာမခံအကြုံးဝင်သက်တမ်းမှာ (၁)နှစ်တိတိဖြစ်ပါသည်။

အကျိုးခံစားခွင့်

အာမခံဝယ်ယူမှု(၁)ယူနစ်အတွက် ဆေးရုံတက်လျှင် တစ်ရက် ၁၅,၀၀၀ ကျပ် အများဆုံးရက်ပေါင်း(၃၀)အထိ ခံစားခွင့်ရှိပါသည်။
မတော်တဆထိခိုက်မှုကြောင့်သေဆုံးမှုအကျိုးခံစားခွင့်(၁၀)သိန်း၊ မတော်တဆထိခိုက်မှုကြောင့် ဆေးကုသမှုခံယူပြီး ကွယ်လွန်ခဲ့လျှင် ဆေးကုသစရိတ်အပါအဝင်အများဆုံးကျပ်(၁၀)သိန်းထိခံစားခွင့်ရှိပါသည်။ { ဝယ်ယူသည့်ယူနစ်အလိုက် ခံစားခွင့်ရှိပါသည် }

" ယုံကြည်အားထား IKBZ အာမခံစွမ်းအား "

No.(608), Bosoonpat Condo, Corner of Merchant Road and Bosoonpat Street, Pabedan Township, Yangon.
Tel : 01-378842, 2307000
Fax : 01-2307128
E-mail : info@i-kbz.com
facebook : www.facebook.com/ikbzinc

July လ (၁)ရက်နေ့မှစတင်၍ ကျန်းမာရေးအာမခံအား IKBZ Insurance တွင်ဝယ်ယူရရှိနိုင်ပါသည်။

# ဂျာမနီ၊ ဂျပန်တို့ နိုင်ပွဲရအောင် အားထုတ်မယ့် အမျိုးသမီးကမ္ဘာ့ဖလား ၁၆ သင်း အဆင့်ပွဲစဉ်




၂၀၁၅ အမျိုးသမီးကမ္ဘာ့ဖလားပြိုင်ပွဲရဲ့ ၁၆ သင်း အဆင့်ပွဲစဉ်တွေကို ဇွန် ၂၂ ရက်ညပိုင်းနဲ့ ဇွန် ၂၄ ရက်တွေမှာ ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။ ကမ္ဘာ့ထိပ်တန်းအသင်းတွေဖြစ်တဲ့ ဂျာမနီနဲ့ ဆွီဒင်၊ အမေရိကန်နဲ့ ကိုလံဘီယာ၊ နော်ဝေနဲ့ အင်္ဂလန် အသင်းတွေ ပါဝင်နေတဲ့ အခု ၁၆ သင်းအဆင့်မှာ ဘယ်အသင်းတွေ ဖြုတ်ချခံရမယ်ဆိုတာ ရင်ခုန်စရာကောင်းနေပါတယ်။ အရေးကြီးတဲ့ပွဲစဉ်ဖြစ်တာမို့ အမှားအယွင်းအတိမ်းအစောင်း မခံတဲ့ပွဲတွေလည်း ဖြစ်နေပါတယ်။

### ဂျာမနီနှင့် ဆွီဒင်

တိုက်စစ်အထက်မြက်ဆုံးအဖြစ် အသိအမှတ်ပြုခံထားရတဲ့ ဂျာမနီအသင်းဟာ နောက်ဆုံးကစားခဲ့တဲ့ ငါးပွဲရလဒ်ကိုကြည့်ရင် ထိုင်းကို လေးဂိုးပြတ်နိုင်ပြီး နော်ဝေကို တစ်ဂိုးစီသရေ၊ အိုင်ဗရီကို့စ်ကို ၁၀ ဂိုးပြတ်၊ ဆွစ်ဇာလန်ကို သုံးဂိုး-တစ်ဂိုး၊ ဘရာဇီးကို လေးဂိုးပြတ်နိုင်ပွဲတွေရရှိထားပါတယ်။ ငါးပွဲမှာ ၁၇ ဂိုးသွင်းယူထားတဲ့ ဂျာမနီကို ဆွီဒင်တို့ မွန်းကျပ်စရာကောင်းတဲ့ ပွဲစဉ်အဖြစ် ရင်ဆိုင်ရပါလိမ့်မယ်။ ဆွီဒင်တို့က နောက်ဆုံးမှာ တစ်ပွဲသာနိုင်ထားပြီး သရေလေးပွဲဖြစ်ထားတဲ့ရလဒ်က ဂျာမနီကို ဘယ်လိုမှ ဖိအားမပေးနိုင်ပါဘူး။ ဂျာမနီနဲ့ ဆွီဒင်တို့ နောက်ဆုံးတွေ့ဆုံပွဲရလဒ်ကိုကြည့်ရင် ဆွီဒင်က လေးဂိုး-နှစ်ဂိုးနဲ့ တစ်ပွဲနိုင်ထားပြီး နှစ်ပွဲရှုံးထားပါတယ်။ ဒါကြောင့် လက်ရှိအနေအထားမှာ ခြေစွမ်းထက်မြက်နေတဲ့ ဂျာမနီကို ဆွီဒင်တို့ ဟန့်တားထိန်းချုပ်ဖို့ မလွယ်တာမို့ နိုင်ပွဲရလဒ်ပေးအပ်ပြီး ဖြတ်ကျော်ခွင့်ပြုရမှာဖြစ်ပါတယ်။

### အမေရိကန်နှင့် ကိုလံဘီယာ

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံမှု နှစ်ကြိမ်ကိုကြည့်ရင် အမေရိကန်တို့က သုံးဂိုးပြတ်နိုင်ပွဲ နှစ်ကြိမ်ရရှိထားပါတယ်။ အမေရိကန်တို့ရဲ့ နောက်ဆုံး ငါးပွဲရလဒ်ကိုကြည့်ရင် အမေရိကန်တို့ ရှုံးပွဲမရှိခဲ့ပါဘူး။ ကိုလံဘီယာတို့ဟာလည်း နောက်ဆုံးငါးပွဲရလဒ်မှာ တစ်ပွဲသာသရေဖြစ်ပြီး ကျန်လေးပွဲလုံး နိုင်ပွဲရယူထားပါတယ်။ အမေရိကန်အသင်းဟာ ပြီးခဲ့တဲ့ ၂၀၁၁ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ဒုတိယနဲ့သာ ကျေနပ်ခဲ့ရလို့ အခုနှစ်မှာတော့ ဗိုလ်စွဲနိုင်ဖို့အထိ အားထုတ်လာတာတွေ့ရပါတယ်။ တစ်ဦးချင်းရော အသင်းလိုက်ပါ ခြေစွမ်းကောင်းမွန်နေတဲ့ အမေရိကန်တို့ပဲ ဒီပွဲမှာနိုင်ပွဲရယူသွားပါလိမ့်မယ်။

### ဂျပန်နှင့် ဟော်လန်

ဂျပန်အသင်းရဲ့ လက်ရှိခြေစွမ်းက အားရစရာရှိနေပြီး ပွဲတိုင်းနိုင်ပွဲရယူရေး စိတ်ဓာတ်ပြင်းထန်နေပါတယ်။ ဂျပန်နဲ့ ဟော်လန်တို့ နှစ်ကြိမ်ဆုံတွေ့ဖူးတဲ့ နှစ်ပွဲစလုံး ဂျပန်တို့ နိုင်ပွဲတွေရယူထားနိုင်ခဲ့ပါတယ်။ ဂျပန်အသင်းရဲ့ နောက်ဆုံးကစားခဲ့တဲ့ပွဲရလဒ်တွေကိုကြည့်ရင် အီကွေဒေါ၊ ကင်မရွန်း၊ ဆွစ်ဇာလန်၊ အီတလီ၊ နယူးဇီလန်တို့ကိုနိုင်ပွဲတွေချည်းရအောင် ကစားနိုင်ခဲ့တာမို့ အခုပွဲဟာ ဟော်လန်တို့ ခက်ခဲမယ့်ပွဲပါပဲ။ လက်ရှိချန်ပီယံ ဂျပန်တို့ဟာ ချန်ပီယံအဖြစ်ကာကွယ်နိုင်ဖို့ဆိုတဲ့ စိတ်ဓာတ်ပြင်းပြင်းနဲ့ ကစားနေတာမို့ ဟော်လန်တို့ ပွဲမချောင်ပါဘူး။ ဟော်လန်တို့ဟာ တရုတ်၊ နယူးဇီလန်၊ ဆွီဒင်တို့ ရှုံးထားပြီး ကနေဒါကို တစ်ဂိုးစီသရေပွဲဖြစ်ကာ အက်စ်တိုးနီးယားကို ခုနစ်ဂိုးပြတ်နိုင်ထားပါတယ်။ ဟော်လန်ရဲ့ ခြေစွမ်းက အားရစရာမရှိပေမယ့် ကြိုးစားအားထုတ်မှု ကောင်းတာမို့ ဂျပန်တို့လည်း ပေါ့ဆလို့မရပါဘူး။ ဒါပေမယ့် ဒီပွဲမှာ ဂျပန်တို့နိုင်ပွဲရအောင် စွမ်းဆောင်ပါလိမ့်မယ်။

### နော်ဝေနှင့် အင်္ဂလန်

ဒီနှစ်သင်းဆုံတိုင်း အပြန်အလှန်ဖိအားပေးမှုတွေနဲ့ အကြိတ်အနယ်ရှိခဲ့တဲ့ပွဲတွေဖြစ်ခဲ့ပါတယ်။ အင်္ဂလန်တို့က ကိုလံဘီယာ၊ မက္ကဆီကိုတို့ကို နိုင်ပွဲရအောင် ကစားထားနိုင်ပါတယ်။ ပြင်သစ်နဲ့ ကနေဒါကို ရှုံးပွဲကြုံထားတဲ့အတွက် နော်ဝေလို မာကျောတောင့်တင်းတဲ့ အသင်းနဲ့ ရင်ဆိုင်တဲ့အခါ အင်္ဂလန်တို့ ပွဲကျပ်အဖြစ် ကြုံတွေ့ရဖို့ရှိနေပါတယ်။ နော်ဝေတို့က ဂျာမနီကို တစ်ဂိုးစီသရေပွဲကစားပြီး ကျန်ပွဲစဉ်တွေဖြစ်တဲ့ ဖင်လန်၊ ထိုင်း၊ အိုင်ဗရီကို့စ် အသင်းတွေကို နိုင်ပွဲရထားပါတယ်။ နော်ဝေအသင်းဟာ တိုက်စစ်ကောင်းပြီး ခံစစ်မှူးတွေကလည်း အမှားအယွင်းနည်းတာမို့ အင်္ဂလန်တို့ နိုင်ပွဲဆိုတာ မျှော်လင့်လို့ မရနိုင်တဲ့ အနေအထားပါပဲ။

### ပြင်သစ်နှင့် တောင်ကိုရီးယား

မက္ကဆီကို၊ အင်္ဂလန်၊ စကော့တလန်၊ ရုရှားတို့ကို နိုင်ပွဲရအောင် ကစားထားတဲ့ ပြင်သစ်တို့အနေနဲ့ အခုနှစ်မှ ခြေစစ်ပွဲအောင်လာတဲ့ တောင်ကိုရီးယားတို့ကို အလေးထားကစားပါလိမ့်မယ်။ ပြင်သစ်ဟာ တိုက်စစ်အားကောင်းပြီး ပြိုင်ဘက်ခံစစ်ကြောင်းကို နေရာမျိုးစုံက ထိုးဖောက် ဂိုးသွင်းနိုင်တဲ့ တိုက်စစ်မှူးတွေ ပိုင်ဆိုင်ထားပါတယ်။ ကမ္ဘာ့ဖလားပွဲသမိုင်းမှာ အစဉ်အလာကောင်းတွေရှိထားတဲ့ ပြင်သစ်တို့ကို တောင်ကိုရီးယားတို့ ခြေရည်တူကစားဖို့ မလွယ်ပါဘူး။ ပြင်သစ်တို့ပဲ နိုင်ပွဲရအောင် ပုံဖော်သွားပါလိမ့်မယ်။ ။

မိုးမြင့်လင်းလက်




## ကိုပါအမေရိကဖလားပြိုင်ပွဲအားလုံးနဲ့ လွဲချော်သွားတဲ့ နေမာ

ဘရာဇီးတိုက်စစ်မှူး နေမာကို လေးပွဲပိတ်ပင်ခဲ့ရပြီးနောက် ကိုပါအမေရိကဖလား လက်ကျန်ပြိုင်ပွဲအားလုံးနဲ့ လွဲချော်သွားပြီဖြစ်ပါတယ်။ သူဟာ ဘရာဇီးက ကိုလံဘီယာကို တစ်ဂိုး-ဂိုးမရှိနဲ့ ရှုံးတဲ့ပွဲမှာ ကိုဘံဘီယာနောက်တန်းကစားသမားတစ်ဦးကို ဘောလုံးနဲ့ထိမှန်အောင် အကြောင်းမဲ့ကန်ခဲ့တဲ့အတွက် ပွဲသိမ်းခရာမှုတ်မှ အနီကတ်ပြခံရတာဖြစ်ပါတယ်။ မူလက နေမာကို တစ်ပွဲသာပိတ်ပင်ဖို့ ဆုံးဖြတ်ခဲ့ပေမယ့် တောင်အမေရိကဘောလုံးအဖွဲ့ချုပ်က ပြန်လည်သုံးသပ်တဲ့အခါ လက်ကျန်ပွဲစဉ်အားလုံး ပိတ်ပင်ဖို့ ဆုံးဖြတ်ခဲ့တယ်လို့ ဆိုပါတယ်။ နေမာဟာ ကိုလံဘီယာနောက်တန်းလူ အာမီရိုကို ရန်လိုမှုနဲ့လုပ်ခဲ့တဲ့အတွက် လက်ကျန်ပွဲအားလုံး ပိတ်ပင်လိုက်တာလို့ ဆိုပါတယ်။ ဒီပွဲမှာ ကိုလံဘီယာကစားသမား ကားလို့စ်ဘက်ကာကိုလည်း အနီကတ်နဲ့ ထုတ်ပယ်ခဲ့ရာမှာ နှစ်ပွဲပိတ်ပင်ခံရပါတယ်။

## မန်စီးတီးနောက်တန်းလူ ရစ်ချတ် အက်စ်တွန်ဗီလာသို့ရောက်

မန်စီးတီးအသင်း နောက်တန်းကစားသမား မီကတ်ရစ်ချတ်ကိုအက်စ်တွန်ဗီလာအသင်းက အလွတ်ပြောင်းရွှေ့မှုနဲ့ ခေါ်ယူလိုက်ပြီဖြစ်ပါတယ်။ အသက် ၂၆ နှစ်အရွယ်သာရှိသေးတဲ့ နောက်တန်းကစားသမား ရစ်ချတ်ကို အက်စ်တွန် ဗီလာက လေးနှစ်စာချုပ်နဲ့ ခေါ်ယူလိုက်တာဖြစ်ပါတယ်။ သူဟာ ဇူလိုင် ၁ ရက်မှာ အက်စ်တွန်ဗီလာအသင်းသို့ ရောက်ရှိလာမှာဖြစ်ပါတယ်။ ညာနောက်တန်းကစားသမား ရစ်ချတ်အနေနဲ့ ၂၀၁၂ ခုနှစ်က မန်စီးတီးအသင်းနဲ့အတူ ခြေစွမ်းပြကစားခဲ့ပြီး ဖလားရအောင် ဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်ပါတယ်။ သို့ပေမယ့် လက်ရှိနည်းပြ ပဲလီဂရင်းနီ လက်ထက်မှာတော့ ပုံမှန်ပွဲထွက်ခွင့်များဆုံးရှုံးခဲ့ပြီး ပြီးခဲ့တဲ့နှစ်က အီတလီစီးရီးအေကလပ် ဖီအိုရင်းတီးနားသို့ အငှားချထားခဲ့ပါတယ်။ သူဟာ အသင်းအတွက် အကောင်းဆုံးကစားပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်လို့ အက်စ်တွန်ဗီလာနည်းပြ တင်ရှားဝုဒ်ကဆိုပါတယ်။ ရစ်ချတ်ဟာ အင်္ဂလန်အသင်းအတွက် ၁၃ ကြိမ် ပါဝင်ကစားခဲ့ပြီး မန်စီးတီးအသင်းမှာ ပွဲပေါင်း ၂၅၀ နီးပါး ကစားခဲ့သူဖြစ်ပါတယ်။ ခံစစ်မှူး ရစ်ချတ်ကို စာချုပ်နိုင်ခဲ့တဲ့အတွက် အက်စ်တွန်ဗီလာအသင်းအနေနဲ့ လာမယ့်ရာသီမှာ ခံစစ်အတွက် အကောင်းဆုံးပြင်ဆင်ထားတဲ့အနေအထားရှိပါတယ်။

## ဟယ်ရီကိန်းကိုခေါ်ယူဖို့ ရွန်နေတိုက်တွန်း

စပါးတိုက်စစ်မှူး ဟယ်ရီကိန်းကိုခေါ်ယူနိုင်ဖို့ အင်္ဂလန်ကစားဖော် ရွန်နေက တိုက်တွန်းနေတယ်လို့ ဆိုပါတယ်။ လူးဝစ်ဗန်ဟားလ်အနေနဲ့ လက်ရှိအပြောင်းအရွှေ့ဈေးကွက်မှာ တိုက်စစ်မှူးတစ်ဦးကို အရခေါ်ယူသွားဖို့ စီစဉ်လျက်ရှိရာမှာ ဟယ်ရီကိန်းကို အရခေါ်ယူသွားနိုင်ဖို့ ရွန်နေက တိုက်တွန်းလိုက်ပါတယ်။ ဟယ်ရီကိန်းဟာ လက်ရှိအင်္ဂလန်အသင်းမှာလည်း ခြေစွမ်းပြကစားနေတာကြောင့် ရွန်နေနဲ့ အတွဲညီတဲ့ တိုက်စစ်မှူးလိုဖြစ်နေပါတယ်။ ဒီအတွက် ရွန်နေအနေနဲ့ လာမယ့်ရာသီမှာ မန်ယူတိုက်စစ်အတွက် အကောင်းဆုံးဖြစ်အောင် ဟယ်ရီကိန်းကို အရခေါ်ယူသွားဖို့ အလိုရှိနေတယ်လို့ ဆိုပါတယ်။ သို့ပေမယ့် စပါးတိုက်စစ်မှူးကတော့ လာမယ့်ရာသီမှာ စပါးအသင်းနဲ့ပဲအတူရှိနေမယ်လို့ ဆိုပါတယ်။ ပြီးခဲ့တဲ့ ရာသီအတွင်း ဟယ်ရီကိန်းအနေနဲ့ စပါးအသင်းအတွက် ဂိုးပေါင်း ၃၁ ဂိုး သွင်းယူခဲ့ပြီးနောက် မန်ယူကခေါ်ယူဖို့ မျက်စိကျနေခဲ့ပါတယ်။ မန်ယူအနေနဲ့ လာမယ့်ရာသီအတွက် ဂိုးသွင်းအားကောင်းတဲ့ အိုင့်ဟိုဗင်တိုက်စစ်မှူး ဒီပေးကို ခေါ်ယူခဲ့ပေမယ့် နည်းပြဗန်ဟားလ်က ဘယ်လိုပွဲထုတ်ကစားမယ်ဆိုတာ မပြောနိုင်သေးပါဘူး။ ဒီအတွက်ကြောင့်လည်း ဂိုးသွင်းအားကောင်းတဲ့ ဟယ်ရီကိန်းကို မန်ယူက ခေါ်ယူဖို့ ကြိုးစားနေတာဖြစ်ပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

## ဟာနန်ဒက်ကို အင်တာမီလန် ခေါ်ယူဖွယ်ရှိ

မန်ယူတိုက်စစ်မှူး ဟာနန်ဒက်ကို စီးရီးအေထိပ်သီး အင်တာမီလန်အသင်းက ပေါင် ၈ သန်းနဲ့ ခေါ်ယူဖို့ ကမ်းလှမ်းထားတယ်လို့ ဆိုပါတယ်။ အသက် ၂၇ နှစ်အရွယ်သာရှိသေးတဲ့ တိုက်စစ်မှူး ဟာနန်ဒက်ဟာ ပြီးခဲ့တဲ့ရာသီက ရီးရဲမက်ဒရစ်အသင်းမှာ အငှားသွားရောက်ကစားရာမှာ ခြေစွမ်းပြကစားနိုင်ခဲ့ပါတယ်။ ဟာနန်ဒက်အနေနဲ့ ရီးရဲမက်ဒရစ်မှာ ဆက်လက်ကစားခွင့်ရဖို့ ဆန္ဒပြင်းပြနေပါတယ်။ ရီးရဲနည်းပြသစ် ဘင်နီတက်ဇ်သာ ခေါ်ယူမယ်ဆိုရင်တော့ ဟာနန်ဒက်ဟာ ရီးရဲမက်ဒရစ်မှာပဲ ဆက်လက်တည်မြဲနိုင်ပါတယ်။ သို့ပေမယ့် နည်းပြသစ် ဘင်နီတက်ဇ်အနေနဲ့ ဟာနန်ဒက်ကို ဆက်လက်ခေါ်ယူထားမယ့်အနေအထားမရှိဘူးလို့ ဆိုပါတယ်။

ဒါကြောင့် ဟာနန်ဒက်ကို မန်ယူက ပြန်ခေါ်ရဖို့ရှိပါတယ်။ မန်ယူအနေနဲ့လည်း လာမယ့်ရာသီအတွက် အပြောင်းအလဲတွေလုပ်နေတဲ့အတွက် ဟာနန်ဒက်ကို ဆက်ပြီးခေါ်ယူဖွယ်မရှိပါဘူး။ ဒီအတွက် အင်တာမီလန်ကိုပဲ ရောက်ဖွယ်ရှိနေပါတယ်။ ဟာနန်ဒက်အနေနဲ့လည်း မန်ယူနဲ့ လမ်းခွဲဖို့ ဆန္ဒပြင်းပြနေပါတယ်။

# IKBZ
Insurance Co.,Ltd.

## အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်း

ပြည်သူများ၏ အသက်၊ အိုးအိမ်စည်းစိမ်နှင့် အနာဂတ်ဘဝ အာမခံချက်ရှိစေရန်
IKBZ Insurance (အပြည်ပြည်ဆိုင်ရာ ကမ္ဘောဇ အာမခံလုပ်ငန်း) ၏

# မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်ရုံး

ကို ၂၀.၆.၂၀၁၇ (စနေနေ့)တွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့၌
စတင်ဖွင့်လှစ်လိုက်ပြီ ဖြစ်ပါကြောင်း နှင့်
အာမခံလုပ်ငန်းဝန်ဆောင်မှုများကို နေ့စဉ်ဆက်သွယ်ဆောင်ရွက်နိုင်ပြီ ဖြစ်ပါကြောင်း
မိဘပြည်သူများအား သတင်းကောင်းပါးအပ်ပါသည်။

## IKBZ Insurance မှ နေ့စဉ်ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုများ

- မီးအာမခံနှင့်သဘာဝဘေးအန္တရာယ်များ အာမခံ
- အလုံးစုံမော်တော်ယာဉ်အာမခံ
- အသက်အာမခံများ
- အထူးခရီးသွားအာမခံ
- ငွေသားလုံခြုံမှုအာမခံ
- ငွေပို့၊ ငွေသယ်အာမခံ
- သမာဓိအာမခံ
- ကျန်းမာရေးအာမခံ

## ယုံကြည်အားထား IKBZ အာမခံစွမ်းအား

ဆက်သွယ်ရန်လိပ်စာ

IKBZ Insurance - မိတ္ထီလာခရိုင်ရုံး

အမှတ် (၁၀၂)၊ တံတားဦးလမ်း၊ ဒုတိယလမ်းမတော်၊ မင်းရပ်၊ မိတ္ထီလာမြို့၊ မန္တလေးတိုင်းဒေသကြီး။

ဖုန်း (၀၆၄) ၂၅၂၃၂

ဖက်စ် (၀၆၄) ၂၄၁၃၂

www.i-kbz.com

MPT
ရွှေသို့လှမ်းချီ မြန်မာပြည်

ဘမိနစ်ကို ၂၀၀ ကျပ်တည်းနဲ့ နိုင်ငံတကာကို အရင်ကထက် ဖုန်းပိုပြောနိုင်ပါပြီ

# ၁မိနစ် - ၂၀၀ကျပ်

## အာဆီယံနိုင်ငံများနှင့် အခြား (၈)နိုင်ငံ

အာဆီယံနိုင်ငံများ - ထိုင်း • စင်ကာပူ • မလေးရှား • ဘရူနိုင်း • အင်ဒိုနီးရှား • ဖိလစ်ပိုင် • ဗီယက်နမ် • လာအို • ကမ္ဘောဒီးယား
အခြား(၈)နိုင်ငံ - ဂျပန် • တရုတ် • တောင်ကိုရီးယား • ထိုင်ဝမ် • ဟောင်ကောင် • မကာအို • ဘင်္ဂလားဒေ့ရှ် • အိန္ဒိယ



ကျန်နိုင်ငံများသို့ ဖုန်းခေါ်ဆိုခ နှုန်းထားများကို သိရှိရန် www.mpt.com.mm နှင့် www.facebook.com/mptofficialpage ကို ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

အသေးစိတ် သိရှိလိုပါက www.mpt.com.mm ကို ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

CALL CENTER 106
free hotline, 24 hours everyday

# တာချီလိတ်ဝမ်ပုံကျေးရွာ တွဲဖက်အလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်



**တာချီလိတ် ဇွန် ၂၁**

တာချီလိတ်မြို့နယ် မိုင်းဖုန်း(က) ကျေးရွာအုပ်စု ဝမ်ပုံကျေးရွာ အခြေခံပညာ တွဲဖက်အလယ်တန်းကျောင်းမှအလယ်တန်းကျောင်း အဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပွဲကို ဇွန် ၁၉ ရက် နံနက်ပိုင်းက အဆိုပါကျောင်းရှေ့ ဥပစာ၌ကျင်းပသည်။ အခမ်းအနားတွင် တာချီလိတ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ မြို့နယ်ပညာရေးမှူး ဦးစိန်ထွန်းလှနှင့် တာဝန်ရှိသူများက ကျောင်းသားကျောင်းသူများနှင့်အတူ ကျောင်းဆိုင်းဘုတ်အားဖွင့်လှစ်ပေးကာ ဂုဏ်ပြုအမှာစကားများ ပြောကြားသည်။

"ကျွန်တော်တို့ဒေသမှာ အရင်ကဆို တွဲဖက်အလယ်တန်းကျောင်း အဆင့်သာရှိခဲ့တဲ့အတွက် အလယ်တန်း အောင်မြင်ပြီးသွားရင် အထက်တန်းပညာကို တာချီလိတ်မှာ သွားရောက်သင်ယူရပါတယ်။ အခုဆို အလယ်တန်းအဆင့်ကို တိုးမြှင့်လိုက်ပြီမို့ မကြာမီကာလအတွင်း နိုင်ငံတော်ကနေ အထက်တန်းကျောင်းအဆင့် တိုးမြှင့်ပေးလိုက်မယ်ဆိုရင် ကျွန်တော်တို့ဒေသအတွက် ပညာတတ်တွေ ပေါ်ထွန်းလာတော့မှာပါ" ဟု ဒေသခံရှမ်းတိုင်းရင်းသား ဦးစိုင်းကျောက်က ပြောသည်။

ဝမ်ပုံကျေးရွာသည် မြန်မာ-လာအိုနယ်စပ်ဒေသ မဲခေါင်မြစ်ကမ်းနဖူးတွင်တည်ရှိပြီး ရှမ်း-အာခါ-လားဟူနှင့် ပလောင်တိုင်းရင်းသားများစုပေါင်းနေထိုင်ကြကာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြင့် အဓိက အသက်မွေးဝမ်းကျောင်းပြုကြသည်။ ဒေသတွင်းနေ ရင်သွေးငယ်များ၏ ပညာရည်မြင့်မားရေးအတွက် မူလတန်းကျောင်းအား ၁၉၆၀ ပြည့်နှစ် ဇွန် ၁ရက်က စတင်ဖွင့်လှစ်ခဲ့ပြီး ယခု ၂၀၁၅-၂၀၁၆ ပညာသင်နှစ်တွင် အလယ်တန်းကျောင်းအဆင့်သို့ နိုင်ငံတော်မှတိုးမြှင့် ဖွင့်လှစ်ပေးခဲ့ခြင်းဖြစ်ကာ ယခုပညာသင်နှစ်တွင် ကျောင်းသား ကျောင်းသူ ၂၄၃ ဦး တက်ရောက်သင်ကြားလျက်ရှိပြီး ဆရာ ဆရာမ ၁၃ ဦး တာဝန်ထမ်းဆောင်လျက်ရှိကြောင်း သိရသည်။

၂၀၁၅-၂၀၁၆ ပညာသင်နှစ်အတွင်း တာချီလိတ်မြို့နယ်ရှိ အခြေခံပညာကျောင်းများအနက် ပုန်းထွန် အလယ်တန်းကျောင်းအား တွဲဖက်အထက်တန်းကျောင်း အဆင့်သို့လည်းကောင်း၊ ဝမ်ပုံတွဲဖက်အလယ်တန်းကျောင်းအား အလယ်တန်းကျောင်းအဆင့်၊ ကြိုးတံတားနှင့် နမ့်ဝမ်းကျေးရွာ မူလတန်းကျောင်းများအား မူလတန်းလွန်အဆင့်၊ ဝှေ့ဝုန်း၊ နမ့်ဆီး(အပေါ်)၊ မေအော၊ နမ့်ကိုင်းနိုကျေးရွာများရှိ ကိုယ့်အားကိုယ်ကိုး ကျောင်းများအား အခြေခံပညာ မူလတန်းကျောင်းများအဖြစ် အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးခဲ့ကာ တစ်မြို့နယ်လုံးအတိုင်းအတာဖြင့် ကျောင်းသား ကျောင်းသူပေါင်း ၂၃၆၄၆ ဦး ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

**မောင်ယဉ်ကျေး**

# ဘုရင့်နောင်ပွဲရုံဝင်းလမ်းသွယ်အချို့ရှိ ရေမြောင်းများကိုယ့်အားကိုယ်ကိုး ရှင်းလင်း

**ရန်ကုန် ဇွန် ၂၁**

ရန်ကုန်မြို့ ဘုရင့်နောင်ပွဲရုံဝင်းအတွင်း နှစ်စဉ်မိုးရာသီတွင် ဖြစ်ပေါ်တတ်သော ရေကြီးရေလျှံမှု လျော့နည်းသွားရန် ပူးပေါင်းအဖြေရှာရန် လိုအပ်နေသည်ဟု NGO အဖွဲ့အစည်းမှ တွဲဖက်အတွင်းရေးမှူး ဦးကိုကိုနိုင်က ပြောသည်။

ယခုနှစ်အတွင်း မိုးစတင်ရွာသွန်းလာသည်မှာ တစ်လဝန်းကျင်ရှိလာသော်လည်း လမ်းသွယ်များရှိ ရေမြောင်းများမှာ ဆယ်ယူရှင်းလင်းပြီးစီးမှု အားနည်းနေဆဲဖြစ်သည်။ ပွဲရုံလုပ်ငန်းလုပ်ကိုင်နေသော စိန်ပန်းလမ်းသွယ်အတွင်းတွင် ဇွန် ၁၈ ရက်ထိ ရေမြောင်းများဆယ်ယူထားခြင်းမရှိသေးပေ။

ပွဲရုံဝင်းအတွင်းရှိ နောက်ဖေးလမ်းကြားအများစုအတွင်း ကျူးကျော်အသုံးချမှု၊ ရေမြောင်းများပိတ်ဆို့နေမှု၊ ခြေချရန် နေရာမရှိသည်အထိ မြင်တွေ့နေရာ လုံခြုံရေး၊ ကျန်းမာရေးအတွက်ပါ စိုးရိမ်စရာဖြစ်သည်ဟု ပွဲရုံဖွင့် လှစ်လုပ်ကိုင်သူ ဦးလှဟန်က ပြောသည်။

ဘုရင့်နောင်ပွဲရုံဝင်းအတွင်း ပွဲရုံလုပ်ငန်းရှင်များက ရွေးချယ်တင်မြှောက်ထားသော NGO အဖွဲ့အစည်းဖြင့် သန့်ရှင်းရေး၊ လုံခြုံရေး၊ သာယာလှပရေး အကျိုးဆောင်လုပ်ကိုင်နေသည်ဟု ပိတောက်လမ်းသွယ်အတွင်း ပွဲရုံလုပ်ငန်းပိုင်ရှင် ဦးမြင့်က ပြောသည်။

သုံးလတစ်ကြိမ် အမှိုက်သိမ်းသန့်ရှင်းရေးခွန် ကောက်ခံချိန်ရက်တွင်သာ အမှိုက်သိမ်းဆည်းမှုမှန်သော်လည်း ကျန်ကာလများတွင် အမှိုက်သယ်ယာဉ် လေးစီးသာရှိပြီး ယာဉ်ပျက်သည်ဟုဆိုကာ ပုံမှန်သိမ်းဆည်းမှုအားနည်းသဖြင့် ပွဲရုံရှေ့အမှိုက်ပုံရာနေရာများတွင် အမှိုက်များ ကြာမြင့်စွာရှိတတ်သည်ဟု အောင်သပြေလမ်းသွယ်၌ ပွဲရုံလုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

မိုးရာသီရောက်ချိန်နီး၍ ရေမြောင်းအမှိုက်များ ရှင်းလင်းပေးရန် အဆိုပါ တာဝန်ယူလုပ်ဆောင်သည့် NGO အဖွဲ့က မေလအစည်း အဝေးတွင် တင်ပြခဲ့သော်လည်း ယနေ့တိုင်မြောင်းရှင်းလင်းပေးမှု မရှိသေးကြောင်း၊ ယင်းအစည်းအဝေးတွင် သန့်ရှင်းရေးအဖွဲ့မှ တာဝန်ရှိသူက လုပ်ငန်းတာဝန်ခံကို ကံ့ကော်လမ်းသွယ် ၅ ရေမြောင်းဆယ်ယူရှင်းလင်းရန် ညွှန်ကြားခဲ့သော်လည်း လက်တွေ့ရှင်းလင်းပေးခြင်း မရှိသေးကြောင်း၊ ဇွန်လပထမပတ်အတွင်း မိမိအစီအစဉ်ဖြင့် ကိုယ်ပိုင်ငွေကြေးစိုက်ထုတ်အကုန်ခံကာ ရေမြောင်းဆယ်ယူမှုပြုလုပ်ခဲ့ကြောင်း သိရသည်။

သန့်ရှင်းရေးလုပ်ငန်းမှာ မိမိတစ်နေရာတည်း သန့်ရှင်းရုံနှင့်မရသဖြင့် ဘုရင့်နောင်ပွဲရုံဝင်းအတွင်း သန့်ရှင်းရေး ဝန်ဆောင်မှုလုပ်ငန်းများအားနည်းနေမှုကို သက်ဆိုင်ရာမှ ရေကြီးရေလျှံမှု မိုးလယ်ကာလတွင် မကြုံတွေ့ရရန် ဦးစားပေးလုပ်ဆောင်ပေးစေလိုကြောင်း ကံ့ကော်လမ်းသွယ် ၅ မှ ကားဂိတ်လုပ်ငန်းလုပ်ကိုင်သူတစ်ဦးက ပြောသည်။

**ခင်ဆိုင်**



# တစ်ကိုယ်ရေသန့်ရှင်းရေးအသိပညာပေး

**ဖလမ်း ဇွန် ၂၁**

ဖလမ်းမြို့၌ တစ်ကိုယ်ရေသန့်ရှင်းရေး သိကောင်းစရာအသိပညာပေးဟောပြောပွဲကို ဇွန် ၁၈ ရက်က ဖလမ်းမြို့ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ပညာအလင်းခန်းမ၌ ကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုညိုလွင်နှင့်အဖွဲ့ဝင်များ၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌက အမှာစကားပြောကြားပြီး ဖလမ်းမြို့ ပြည်သူ့ဆေးရုံကြီးမှ မြို့နယ်ကျန်းမာရေးအရာရှိ ဒေါက်တာဂန်ရှန်မုန်က တစ်ကိုယ်ရေသန့်ရှင်းခြင်းဖြင့် ကျန်းမာရေးအတွက် များစွာအထောက်အကူပြု အကျိုးကျေးဇူးများခံစားရရှိကြောင်း သိကောင်းစရာများကို အကျယ်တဝင့်ဟောပြောဆွေးနွေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# လိုင်စင်မဲ့မော်တော်ယာဉ် ဖမ်းဆီးအရေးယူ

**မုံရွာ ဇွန် ၂၁**

ဇွန် ၁၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၌ တရားမဝင်မှတ်ပုံတင်မဲ့မော်တော်ယာဉ်များအား သက်ဆိုင်ရာက ဖမ်းဆီးအရေးယူဆောင်ရွက်မှုများကို နေ့စဉ်အဆက်မပြတ် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မုံရွာမြို့ အမှတ်(၁၄) ယာဉ်ထိန်းရဲ ဒုတိယတပ်ဖွဲ့ခွဲမှူးရုံးမှ ရဲမှူး ခင်ဇော်မြင့်ထံမှ သိရသည်။

မုံရွာမြို့ ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ်ရှိ ရွှေချိန်ခွင်ကားပစ္စည်းအရောင်းဆိုင်ရှေ့၌ ဇွန် ၁၉ ရက် မွန်းတည့် ၁၂ နာရီခန့်က လိုင်စင်မဲ့ MDY 4B/----MISUBISHI PAJEROယာဉ်ကို ယာဉ်စည်းကမ်းလမ်းစည်းကမ်းပူးပေါင်းအဖွဲ့က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

အဆိုပါ တရားမဝင်မှတ်ပုံတင်လိုင်စင်မဲ့ယာဉ်သည် ဗိုလ်ချုပ်အောင်ဆန်းလမ်းပေါ်တွင် မြောက်ဘက်ဦးတည်၍ စည်းကမ်းမဲ့ရပ်တန့်ထားသော ကျော်ဝင်းထွန်း(၂၉ နှစ်) ရွာမရွာ ယာကြီးအုပ်စု ကနီမြို့နယ်နေသူ မောင်းနှင်လာရာ အဆိုပါလိုင်စင်မဲ့မော်တော်ယာဉ်နှင့်အတူ ဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# ဘားအံတက္ကသိုလ်သုံးထပ်ဆောင်၊ စာကြည့်တိုက်နှင့် ဘောလုံးကွင်းများဖွင့်




**ဘားအံ ဇွန် ၂၁**

ကရင်ပြည်နယ် ဘားအံတက္ကသိုလ် သုံးထပ်ဆောင်၊ နှစ်ထပ်စာကြည့်တိုက်၊ ပါမောက္ခချုပ် နေအိမ်အဆောက်အအုံနှင့် ဘောလုံးကွင်းများဖွင့်ပွဲကို ဇွန် ၁၉ ရက်က ဘားအံတက္ကသိုလ် သုံးထပ်စာသင်ဆောင် ရှေ့၌ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်ဦးဇော်မင်း တက်ရောက် အမှာစကားပြောကြားသည်။

ထို့နောက် ဘားအံတက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာမြတ်ညွန့်က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ဆက်လက်၍ သုံးထပ်စာသင်ဆောင်၊ နှစ်ထပ်စာကြည့်တိုက်၊ ပါမောက္ခချုပ် နေအိမ်အဆောက်အအုံဆိုင်ရာ အချက်အလက်များနှင့် စာရွက်စာတမ်းများကို ဘောလုံးကွင်းတာဝန်ယူတည်ဆောက်သည့် သက်ဆိုင်ရာကုမ္ပဏီများက တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်ရာ ဘားအံတက္ကသိုလ် ပါမောက္ခချုပ်က လက်ခံယူသည်။

ထို့နောက် တာဝန်ရှိသူများနှင့် တက်ရောက်လာကြသူများက အဆောက်အအုံများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**စောမင်းသား(iprd)**

# အင်ဂျင်နီယာကောင်စီအသိအမှတ်ပြု လက်မှတ်များရရှိရေး ဆွေးနွေး

**မန္တလေး ဇွန် ၂၁**

အင်ဂျင်နီယာကောင်စီအသိအမှတ်ပြု မှတ်ပုံတင်အင်ဂျင်နီယာ လက်မှတ်များရရှိနိုင်ရေးနှင့် ပတ်သက်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် အင်ဂျင်နီယာကောင်စီဝင်များ ဆွေးနွေးဟောပြောပွဲအခမ်းအနားကို ဇွန် ၁၈ ရက်က မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ကော်မတီဝင်(၂) ဦးခင်မောင်တင့်က မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့်အကြီးတန်းနှင့် အငယ်တန်းလိုင်စင်ရအင်ဂျင်နီယာများအား ပြက္ခဒိန်နှစ်အလိုက် နှစ်စဉ်စိစစ်ခွင့်ပြုထုတ်ပေးလျက်ရှိသည်။

ကော်မတီ၏ အကြီးတန်းလိုင်စင်ရ အင်ဂျင်နီယာများအနေဖြင့် အထပ်မြင့် ၁၂ ထပ်အထိ ကြီးကြပ်ဆောက်လုပ်ခွင့်ရှိကြောင်း၊ ယခုအခါတွင် မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီဥပဒေ ၃၇ /၂၀၁၃ကို ပြည်ထောင်စုလွှတ်တော်က သတ်မှတ်ပြဋ္ဌာန်းခဲ့ပြီး မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီကို ဖွဲ့စည်းလိုက်ပြီဖြစ်သည့်အတွက် လိုင်စင်ရအင်ဂျင်နီယာများအနေဖြင့် ကော်မတီက ခွင့်ပြုထုတ်ပေးသည့် အင်ဂျင်နီယာလိုင်စင်ရရှိရုံသာမကဘဲ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီအသိအမှတ်ပြုလက်မှတ်များ ရရှိရန်အတွက်လည်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နောင်အခါတွင် အဆောက်အအုံအမြင့် ၂၈ မီတာ၊ ၉၂ ပေနှင့်အထက် အထပ်မြင့်အဆောက်အအုံများ ဆောက်လုပ်သည့်အခါ PE လက်မှတ်ရရှိပြီးမှသာ တာဝန်ယူဆောက်လုပ်ခွင့်ရရှိမည်ဖြစ်ကြောင်း၊ GTI, GTC, TU မန္တလေးနှစ်(၆၀)ပြည့် အင်ဂျင်နီယာပညာရေးခရီးဂုဏ်ပြုပွဲ အခမ်းအနားကို နည်းပညာတက္ကသိုလ်(မန္တလေး)၌ ဇွန် ၂၅ ရက်တွင် စတင်ကျင်းပသွားမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ပထမဦးဆုံး မြို့ပြအင်ဂျင်နီယာတစ်ဦးဖြစ်သည့် ဦးရွှေအိုးကြေးရုပ် ခုနစ်ပေ ခြောက်လက်မကိုလည်း ဇွန် ၃၀ ရက်တွင် စိုက်ထူသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် အင်ဂျင်နီယာကောင်စီဝင်နည်းပညာတက္ကသိုလ် (မန္တလေး) ပါမောက္ခချုပ် ဒေါက်တာဆင့်စိုးက အင်ဂျင်နီယာကောင်စီအသိအမှတ်ပြု မှတ်ပုံတင်အင်ဂျင်နီယာလက်မှတ်များရရှိနိုင်ရေး နည်းလမ်းကိုလည်းကောင်း၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများကိုလည်းကောင်း ရှင်းလင်းပြောကြားသည်။

**တင်မောင်(မန်းကိုယ်ပွား)**

# မင်းတပ်မြို့မီးဘေးသင့် အိမ်ထောင်စုများအား ချီးလူမျိုးစုအသင်းက အလှူငွေလှူဒါန်း

**မင်းတပ် ဇွန် ၂၁**

ချင်းပြည်နယ် မင်းတပ်မြို့၌ ဧပြီ ၁၇ ရက်က မီးလောင်ရာတွင် မီးဘေးသင့်ခံခဲ့ရသော စံပြရပ်ကွက် ကွက်စိပ်(၇) အိမ်ခြောက်လုံးရှိ အိမ်ထောင်စု ၁၂စုအား နိုင်ငံတကာ ချီးလူမျိုးစုအသင်း (CEA)က ငွေကျပ် ၆၅၈၉၄၀၀ ကို ပေးပို့လှူဒါန်းသည်။

အဆိုပါ ပေးပို့လှူဒါန်းငွေပေးအပ်ပွဲကို မင်းတပ်မြို့နယ် ချီးလူမျိုးစုအသင်း (CEA)အသင်းရုံးခန်း၌ ဇွန် ၂၀ ရက်က ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးထန်းတမ်က မီးဘေးသင့်အိမ်ထောင်စုတစ်စုချင်းသို့ ငွေသားများပေးအပ်ပြီး အသင်းအမှုဆောင်များ၊ မီးဘေးသင့်အိမ်ထောင်ဦးစီးများ တက်ရောက်ကြောင်း သိရသည်။ မီးဘေးသင့်မိသားစုများကိုယ်စား ဦးဆာဘေးက "ကျွန်တော် မတူပီက ပြောင်းလာတာသိပ်မကြာသေးပါဘူး၊ အခုလိုမီးဘေးသင့်ခံရတော့ ဝမ်းနည်းမိပါတယ်၊ ဒါပေမယ့် တစ်ဦးချင်းသော်လည်းကောင်း၊ အသင်းအဖွဲ့များကသော်လည်းကောင်း လှူဒါန်းပံ့ပိုးအားပေးကြလို့ ကျေးဇူးတင်ပါတယ်"ဟု ပြောကြားသည်။

**(ခရိုင် ပြန်/ဆက်)**

ကျန်းမာသန့်ရှင်းပြီး
လှပတဲ့အသားအရေကြောင့်
မိမိကိုယ်ကိုယ် ယုံကြည်မှု တိုးစေပါတယ်...



မြင့် အင် ဆန်း အရေပြားနှင့် အလှအပဆေးခန်း

- အရေပြားရောဂါအမျိုးမျိုး
- အလှအပပြဿနာများ
- ဝက်ခြံ၊ ဆားဝက်ခြံ၊ အဆီပြန်ခြင်း၊
- ဝက်ခြံအမာရွတ်၊ အညိုအမည်းကျန်ခြင်း၊ အသားအရောင်မှိန်ခြင်း၊ မှဲ့ခြောက်၊ တင်းတိပ်၊ နေလောင်ကွက်၊
- အရေးအကြောင်းထခြင်း၊ အသားဖြူဆေး၊ ဘိုတောက်စ်ထိုးခြင်း၊ ဖြည့်ဆေးထိုးခြင်း၊ လေဆာစက်များဖြင့် ကုသခြင်းတို့အပြင် အခြားသောအသားအရေထိန်းသိမ်းခြင်းဆိုင်ရာ ကုသမှုအမျိုးမျိုးကို အရေပြားအထူးကုဆရာဝန်ကြီးများကိုယ်တိုင် ကုသဆောင်ရွက်ပေးပါသည်။

နေ့စဉ်ဆေးခန်း ဖွင့်ပါသည်။

အမှတ်-၄၄၄၊ ပထမထပ်၊ ရွှေဘုံသာလမ်း(အထက်)၊
(အမေရိကန်ဝိုင်းရှင်းမျက်မှန်ဆိုင်နှင့်မျက်နှာချင်းဆိုင်)၊ ရန်ကုန်။ ဖုန်း-၃၈၂၂၄၇၊ ၂၅၆၀၄၅

FAME Nephrotec®
For healthy kidney
ကျောက်ကပ်ဆေး
TMR 012139 (0516)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

FAME Rejuvir®
Phytoestrogen supplement
ပျိုမေအားဆေး
TMR 007907 (1214)
၂/၂၀၁၂ တဆထလ/တိုး(၀၆၅၇)
ISO 9001 : 2008
ISO 14001 : 2004
OHSAS 18001 : 2007
GMP Certified
Organic Certified

UK's Top Computing Degree in Yangon

UK မှတိုက်ရိုက်ချီးမြှင့်မည့် ကွန်ပျူတာသိပ္ပံဘွဲ့ အတွက် လျှောက်လွှာခေါ်ယူခြင်း

GUSTO INTERNATIONAL COLLEGE

၁။ တက္ကသိုလ်ဝင်တန်း (သို့) IGCSE အောင်မြင်ထားပြီး ပြည်တွင်းပြည်ပအလုပ်အကိုင်အခွင့်အလမ်း အကောင်းဆုံး ကွန်ပျူတာပညာရှင်ဖြစ်လိုသူများ လျှောက်ထားနိုင်ပါသည်။
၂။ အဆင့်မြင့်ကွန်ပျူတာ နည်းပညာဘာသာရပ်များကို နိုင်ငံတကာတက္ကသိုလ်ကြီးများအတိုင်း Student - Center Learning Approach ဖြင့် စာတွေ့လက်တွေ့သင်ယူရမည်ဖြစ်သည်။
၃။ စာသင်ကာလ၂နှစ်တက်ရောက်ပြီးအောင်မြင်ပါက UK's Edexcel မှချီးမြှင့်သော Higher National Diploma ကိုရရှိမည်ဖြစ်သည်။
၄။ နောက်ဆုံးနှစ်တစ်နှစ်ကို ပြည်တွင်းရှိ GUSTO ၌ဖြစ်စေ၊ UK, USA, Australia, Singapore စသောနိုင်ငံတကာရှိ တက္ကသိုလ်ကြီးများ၌ဖြစ်စေ တက်ရောက်ပြီး B.Sc (Hons) Computing ဘွဲ့ကိုရယူနိုင်ပါသည်။
၅။ ၂၀၁၅ ဇူလိုင်လတွင် တန်းခွဲသစ်တစ်ခု ဖွင့်လှစ်မည်ဖြစ်ပြီး တက်ရောက်လိုသူများအနေဖြင့် ဇွန်လ ၂၉ ရက်နေ့ နောက်ဆုံးထားပြီး လျှောက်ထားနိုင်ပါသည်။

* နယ်မှကျောင်းသား/သူများအတွက် အဆောင်စီစဉ်ပေးသည်။

ခြံအမှတ် ၂၈၉ (အေ)၊ ပြည်လမ်း၊ စမ်းချောင်းမြို့နယ်။ မြေနီကုန်းတံတားအနီး၊ ရန်ကုန်မြို့။
Call Now : 09 862 8806, 09 730 31302, 01 504632

MCC.i

MCC Training Institute

ထူးချွန်သော ကွန်ပျူတာပညာရှင်ဖြစ်ပြီး အလုပ်အကိုင်ပါတစ်ပါတည်း ရရှိလိုသူများအတွက်



ကွန်ပျူတာ ဒီပလိုမာ နှင့် ကွန်ပျူတာ သိပ္ပံဘွဲ့သင်တန်းများ
B.Sc (Hons) Business IT, University of Greenwich, UK
- Full - Time (Mon-Fri)
- Part - Time (Sat-Sun) (Part - Time)

Enroll Now!

www.facebook.com/mcc.institute
Yangon Campus Ph - 01-245762, 249152, 395512
Mandalay Campus Ph - 09-402671562, 02-77930, 09-91034062
Naypyitaw Campus Ph - 09-31354842, 09-254148940
Yatanarpon Campus Ph - 02-5178112, 02-5178113, 02-5178132, 09-43104966

ပညာသင်ဆုနှင့် ပညာသင်ထောက်ပံ့ကြေးအစီအစဉ်များရှိသဖြင့် အမြန်ဆက်သွယ်ပါ။

## အိတ်ဖွင့်တင်ဒါလျှောက်လွှာခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းရှိ ရန်ကုန်ပုံနှိပ်စက်ရုံများမှ ထွက်ရှိသော အသုံးမပြုတော့သည့် ဘေးထွက်ပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ရောင်းချပါမည်။

၂။ တင်ဒါပုံစံလျှောက်လွှာနှင့် စည်းကမ်းချက်များကို ၁၈-၆-၂၀၁၅ ရက်မှ ၂၅-၆-၂၀၁၅ ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၀၀ နာရီအတွင်း ဝယ်ယူနိုင်ပြီး တင်ဒါပိတ်မည့်ရက်နှင့် အချိန်မှာ ၂၅-၆-၂၀၁၅ရက် ၁၆း၀၀ နာရီ ဖြစ်ပါသည်။

၃။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၁-၂၅၁၉၀၈၊ ၀၆၇-၄၁၂၂၀၈ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါခေါ်ယူစိစစ်ရောင်းချရေးအဖွဲ့**
**ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း**
**အမှတ်-၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊**
**ရန်ကုန်မြို့**

---

**ကျန်းမာရေးဝန်ကြီးဌာန**
**စစ်ကိုင်းတိုင်းဒေသကြီး**
**ဆေးဘက်ဆိုင်ရာလူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်**
**စီမံခန့်ခွဲရေးဦးစီးဌာန**
**မုံရွာသူနာပြုနှင့်သားဖွားသင်တန်းကျောင်း**
**အဆောက်အအုံဆောက်လုပ်ရေးအတွက်**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မုံရွာ- သူနာပြုနှင့် သားဖွားသင်တန်းကျောင်းတွင် ဆောက်လုပ်မည့် ဓာတ်လှေကားပါ RC သင်တန်းသူအိပ်ဆောင်နှင့် စာသင်ဆောင်ငါးထပ်ဆောက်လုပ်ခြင်း
(၁၆၀'×၄၀'×၅၅')

၂။ **တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၃-၇-၂၀၁၅ရက် (၁၆း၀၀)နာရီ

၃။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာ-သူနာပြုနှင့် သားဖွားသင်တန်းကျောင်း၊ ကျောင်းအုပ်ရုံးခန်း၊ ဖုန်း-၀၇၁-၂၂၄၂၇ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**မုံရွာသူနာပြုနှင့်သားဖွားသင်တန်းကျောင်း**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မန္တလေးတိုင်းဒေသကြီး၊ သမဝါယမဦးစီးဌာနအောက်ရှိ မြို့နယ်ဌာနများတွင် အသုံးပြုရန် အောက်ဖော်ပြပါ မိတ္တူကူးစက်များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

**မိတ္တူကူးစက် (Canon)** - ၁၅ လုံး

၂။ အိတ်ဖွင့်တင်ဒါ ပေးသွင်းမည့် ကုမ္ပဏီ/မိတ္တူကူးစက် အရောင်းဆိုင်များအနေဖြင့် အဆိုပြုလွှာပုံစံများကို ၂၄-၆-၂၀၁၅ရက်မှ ၂၆-၆-၂၀၁၅ ရက်အထိ ရုံးချိန်အတွင်း မန္တလေးတိုင်းဒေသကြီး သမဝါယမဦးစီးဌာန၊ ရုံးကြီးဝင်း (၆၈×၃၀)လမ်းထောင့်တွင် ထုတ်ယူနိုင်ပါသည်။

၃။ အဆိုပြုလွှာပုံစံများကို ၂၆-၆-၂၀၁၅ ရက် ရုံးချိန်အတွင်း လာရောက်ပေးသွင်းရန် ဖြစ်ပါသည်။

**ရုံးသုံးပစ္စည်းဝယ်ယူရေးအဖွဲ့**
**တိုင်းဒေသကြီးသမဝါယမဦးစီးဌာန**
**မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့**
**ဖုန်း-၀၂-၃၉၁၄၇၊ ၀၂-၂၁၀၇၀**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

ပို့ဆောင်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ (၆)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၏ မီးဘေးနှင့် သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများအတွက် လုပ်ငန်းဆောင်ရွက်ရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | လုပ်ငန်းအမည် |
|---|---|
| ၁။ | ကလေးဝမြို့၊ ရွှေမုဋ္ဌောဘုရားအနီး ကမ်းထိန်းလုပ်ငန်း |
| ၂။ | ကနီမြို့နယ်၊ ကင်းကျေးရွာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း |
| ၃။ | မော်လိုက်မြို့၊ မော်လိုက်ဆိပ်ကမ်းစွမ်းအားမြှင့်ပြုပြင်ခြင်းလုပ်ငန်း |
| ၄။ | မော်လိုက်မြို့နယ်၊ တပ်ကုန်းကျေးရွာ ကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်း |

**တင်ဒါပုံစံရယူရမည့်နေရာ** - ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒေသ(၆)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး၊ မုံရွာမြို့။
**တင်ဒါပုံစံယူရမည့်ရက်** - ၁၉-၅-၂၀၁၅ရက်မှ ၂၉-၆-၂၀၁၅ရက်အထိ (ရုံးချိန်အတွင်း)
**တင်ဒါလျှောက်လွှာပိတ်မည့်ရက်/အချိန်** - ၂၉-၆-၂၀၁၅ရက် (တနင်္လာနေ့) ၁၆း၃၀နာရီ
**တင်ဒါဖွင့်လှစ်မည့်ရက်/အချိန်** - ၆-၇-၂၀၁၅ရက်(တနင်္လာနေ့) ၁၀း၀၀နာရီ
**တင်ဒါဖွင့်လှစ်မည့်နေရာ** - သစ်တောလမ်း၊ ဒေသ (၆)၊ တိုင်းဒေသကြီး ရေမြစ်ဖြိုးဦးစီးဌာနရုံး

အိတ်ဖွင့်တင်ဒါပုံစံ၊ တင်ဒါစည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဒေသ (၆)၊ စစ်ကိုင်းတိုင်းဒေသကြီးရုံး ဖုန်း-၀၇၁-၂၀၁၆၂၊ ၂၃၂၄၉သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

---

**စက်မှုဝန်ကြီးဌာန**
**အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စက်မှုဝန်ကြီးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း ကြီးကြပ်မှုအောက်ရှိ စက်ရုံများအတွက် လိုအပ်သော အောက်ဖော်ပြပါစက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

| စဉ် | စက်ပစ္စည်းအမည် | အရေအတွက် | |
|---|---|---|---|
| (က) | Spare Parts for Shuttle Kiln | 6 Items | HI-33(Refractory Brick) |
| (ခ) | Laboratory Apparatus | 5Items | DCCT |

၂။ တင်ဒါပိတ်ရက်မှာ ၂၂-၇-၂၀၁၅ ရက် (၁၅း၀၀)နာရီ ဖြစ်ပါသည်။ အသေးစိတ်သိရှိလိုပါက နည်းပညာဖွံ့ဖြိုးရေးဌာန၊ အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း၊ စက်မှုဝန်ကြီးဌာန၊ ရုံးအမှတ်(၄၁)၊နေပြည်တော် ဖုန်း-၀၆၇-၄၀၈၁၆၀၊ ၀၆၇-၄၀၈၂၀၈ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

---

**စက်မှုဝန်ကြီးဌာန**
**အမှတ် (၁)အကြီးစားစက်မှုလုပ်ငန်း**
**အမှတ် (၁၂)အကြီးစားစက်ရုံ(ထုံးဘို)**

စက်မှုဝန်ကြီးဌာန၊ အမှတ်(၁)အကြီးစားစက်မှုလုပ်ငန်း၊ အမှတ် (၁၂)အကြီးစားစက်ရုံ (ထုံးဘို)၏ ၁၀-၅-၂၀၁၅ရက် မြန်မာ့အလင်းသတင်းစာ၌ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်းတွင် တင်ဒါတင်သွင်းမည့်ရက် ၂၇-၅-၂၀၁၅ရက်အစား ၂၅-၆-၂၀၁၅ သို့ ထပ်မံသက်တမ်းတိုး သတ်မှတ်လိုက်ကြောင်း အကြောင်းကြားအပ်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**အမှတ် (၁၂)အကြီးစားစက်ရုံ(ထုံးဘို)**
**ဖုန်း-၀၉-၂၅၃၉၄၄၇၅၈၊၀၉-၄၂၃၇၀၈၉၁၃၊၀၉-၂၅၀၃၀၇၈၀၇၊**
**၀၉-၂၅၀၄၀၀၉၄၅၊ စက်မှုဝန်ကြီးဌာန**

---

**ကျန်းမာရေးဝန်ကြီးဌာန**
**ကုသရေးဦးစီးဌာန**
**ပဲခူးတိုင်းဒေသကြီးကုသရေးဦးစီးဌာန**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပဲခူးတိုင်းဒေသကြီးအတွင်း ဆေးရုံအဆောက်အအုံများ ဆောက်လုပ်ရန်အတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များအား အိတ်ဖွင့်တင်ဒါတင်သွင်းကြပါရန် ဖိတ်ခေါ်အပ်ပါသည်။

**တင်ဒါလျှောက်လွှာစတင်ရောင်းချမည့်ရက်** - ၂၂-၆-၂၀၁၅ရက်
**တင်ဒါလျှောက်လွှာပုံစံနောက်ဆုံးရောင်းချမည့်ရက်** - ၁၇-၇-၂၀၁၅ရက်
**တင်ဒါလျှောက်လွှာပိတ်ရက်** - ၂၁-၇-၂၀၁၅ရက်၊ ညနေ ၄း၀၀နာရီ

၂။ အိတ်ဖွင့်တင်ဒါလျှောက်လွှာပုံစံ၊ စည်းမျဉ်းစည်းကမ်းများနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ပဲခူးတိုင်းဒေသကြီး၊ ကုသရေးဦးစီးဌာန ဖုန်း-၀၅၂- ၂၂၂၁၀၂၈၊ ၂၂၂၃၂၀၁သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်းနိုင်ပါသည်။ **အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ**

---

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ကယားပြည်နယ်၊ ဖားဆောင်း-မယ်စဲ့ ၃၃ ကေဗွီ ဓာတ်အားလိုင်း (၃၈)မိုင် တည်ဆောက်ခြင်းလုပ်ငန်းအတွက် လိုအပ်သောဓာတ်အားလိုင်းပစ္စည်းများ၊ သံတိုင်နှင့် ကွန်ကရစ်တိုင်များကို မြန်မာကျပ်ငွေ (Kyat) ဖြင့် ဝယ်ယူလိုပါသည်။

**တင်ဒါစတင်ရောင်းချမည့်ရက်** - ၂၉-၆-၂၀၁၅ရက်
**တင်ဒါပိတ်မည့်ရက်** - ၁၇-၇-၂၀၁၅ရက်
**တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ တင်ဒါကြီးကြပ်ရေးအဖွဲ့**
**လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၉-၂၅၃၅၃၅၂၅၁၊ ၀၉-၂၅၀၀၉၉၀၀၄၊ ၀၉-၂၆၀၀၀၉၀၉၁**

---

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန် စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာ အသီးသီးသို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ **တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်** - ၂၂-၆-၂၀၁၅ရက်
၃။ **တင်ဒါပိတ်မည့်ရက်** - ၂၅-၆-၂၀၁၅ရက်
၄။ **တင်ဒါပိတ်မည့်အချိန်** - ၁၂း၀၀နာရီ
၅။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ် (၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**

---

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းလက်အောက်ရှိ မြို့နယ်ရုံးများတွင် ဓာတ်အားခတောင်းခံလွှာများကို ကွန်ပျူတာစနစ်ဖြင့် ပြုစုထုတ်ပြန်ရေးနှင့် မြို့နယ်ရုံးများရှိ ငွေကောက်ကောင်တာများတွင် ဓာတ်အားခငွေကောက်ခံခြင်းလုပ်ငန်း ဆောင်ရွက်လုပ်ကိုင်လိုသော လုပ်ငန်းရှင်များအနေဖြင့် မြန်မာကျပ်ငွေဖြင့် တင်ဒါများ တင်သွင်းကြရန် ဖိတ်ခေါ်အပ်ပါသည်-

(က) **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၂-၆-၂၀၁၅ရက်
(ခ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၉-၆-၂၀၁၅ရက်၊ ၁၃း၀၀နာရီ
(ဂ) **တင်ဒါဖွင့်မည့်ရက်** - ၂-၇-၂၀၁၅ရက်

၂။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန တင်ဒါကြီးကြပ်ရေးအဖွဲ့**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း၊ ဘဏ္ဍာရေးဌာန**
**အမှတ် (၁၉၇/၁၉၉)၊ အောက်ကြည့်မြင်တိုင်လမ်း၊ ရန်ကုန်**
**ဖုန်း- ၀၁-၂၁၄၆၅၁၊ ၂၃၀၁၈၇၃**

---

**အစိုးရနည်းပညာအထက်တန်းကျောင်း(နေပြည်တော်)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပညာရေးဝန်ကြီးဌာန၊ စက်မှုနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ အစိုးရနည်းပညာအထက်တန်းကျောင်း(နေပြည်တော်)အတွက် အောက်ဖော်ပြပါ ပရိဘောဂပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| ၁။ | Computer Table | 30 |
| ၂။ | Cupboard (Steel, glass door) (6'x3'x1.5') | 4 |

၂။ အိတ်ဖွင့်တင်ဒါပုံစံများနှင့် စည်းကမ်းချက်များကို ကြော်ငြာသည့်ရက်မှစ၍ ရုံးချိန်အတွင်း အစိုးရနည်းပညာအထက်တန်းကျောင်း(နေပြည်တော်)တွင် လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၁၅-၇-၂၀၁၅ရက် ၁၂း၀၀နာရီတွင် နောက်ဆုံးထား၍ အစိုးရနည်းပညာအထက်တန်းကျောင်း(နေပြည်တော်)သို့ လာရောက်တင်သွင်းရန်ဖြစ်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**အစိုးရနည်းပညာအထက်တန်းကျောင်း(နေပြည်တော်)**
**ဖုန်း-၀၉-၄၄၈၅၃၆၂၀၀၊ ၀၆၇-၄၀၁၄၂၅**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ ရွှေပြည်သာစက်မှုဇုန်အပိုင်း(၁)အတွင်းရှိ စက်မှုဇုန်ပိုင် လမ်းများပေါ်တွင် ဖြတ်သန်းသွားလာသောကားများ၊ ရပ်တန့်ထားသောကားများနှင့် ညအိပ်သောကားများအား မြန်မာကျပ်ငွေဖြင့် အခွန်ကောက်ခံရန် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံ လုပ်ငန်းအပ်နှံလိုပါသည်။

၂။ တင်ဒါပုံစံများကို ၂၄-၆-၂၀၁၅ရက်တွင် စတင်ရောင်းချ၍ ၂၉-၆-၂၀၁၅ရက် ညနေ ၃ နာရီတွင် တင်ဒါပိတ်ပါမည်။

၃။ အထက်ပါလုပ်ငန်းနှင့် ပတ်သက်သော အသေးစိတ်စည်းကမ်းချက်များနှင့် လိုအပ်ချက်များကို အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းနိုင်ပါသည်။

**မှတ်ချက်။** ။ စုံစမ်းလေ့လာမှုကို သတင်းစာကြော်ငြာပါသည့်ရက်မှစ၍ စုံစမ်းနိုင်ပါသည်။

**လိပ်စာ- စီမံခန့်ခွဲရေးကော်မတီ**
**ရွှေပြည်သာစက်မှုဇုန်အပိုင်း(၁)၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၁-၆၁၀၇၁၂၊ ၆၁၂၅၆၂၊ ၆၁၂၅၆၃**

---

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ခုတင်(၅၀၀)ဆံ့ ဆေးရုံကြီးတည်ဆောက်ခြင်းလုပ်ငန်းအတွက် ရေ/သန့်ပစ္စည်းနှင့် လျှပ်စစ်ပစ္စည်းများ ဝယ်ယူရန်ရှိပါသဖြင့် လိုအပ်သောပစ္စည်းများအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

(က) **ရေ/သန့်လုပ်ငန်း**
Lot(1)-အတွင်းရေ/သန့်လုပ်ငန်းအတွက် လိုအပ်သောပစ္စည်းများ
Lot(2)- Distribution Main, External Sewer Line နှင့် Overhead Tankအတွက် လိုအပ်သောပိုက်နှင့်ပိုက်ဆက်ပစ္စည်းများ
Lot(3)- Pumping Main နှင့် Pump Installation အတွက် လိုအပ်သောပစ္စည်းများ

(ခ) **လျှပ်စစ်လုပ်ငန်း**
Lot(1)-အတွင်းလျှပ်စစ်မီးနှင့် မိုးကြိုးလွှဲတပ်ဆင်ခြင်းအတွက် လိုအပ်သောပစ္စည်းများ
Lot(2)- Air Condition နှင့် Telephone System တပ်ဆင်ခြင်းအတွက် **လိုအပ်သောပစ္စည်းများ**
Lot(3)- 1000 KVA Transformer တစ်လုံးနှင့် External Electrical Installation အတွက် လိုအပ်သောပစ္စည်းများ

၂။ အိတ်ဖွင့်တင်ဒါများကို အောက်ပါအစီအစဉ်အတိုင်း တင်သွင်းရန်ဖြစ်ပါသည်။
(က) **တင်ဒါလျှောက်လွှာရယူရန်** - ၂၂-၆-၂၀၁၅ ရက်မှ ၅-၇-၂၀၁၅ရက်အထိ
(ခ) **တင်ဒါတင်သွင်းရန်** - ၆-၇-၂၀၁၅ရက် ၁၆း၀၀ နာရီအထိ
(ဂ) **တင်ဒါလျှောက်လွှာရယူရန်နေရာ** - ခုတင်(၅၀၀)ဆံ့ဆေးရုံကြီးတည်ဆောက်ရေးကော်မတီရုံး၊ မုံရွာပြည်သူ့ဆေးရုံကြီး၊ မုံရွာမြို့။

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ခုတင်(၅၀၀)ဆံ့ဆေးရုံကြီး တည်ဆောက်ရေးကော်မတီရုံး၊ မုံရွာမြို့၊ ဖုန်း-၀၉-၄၅၈၀၄၁၄၃၅ နှင့် ၀၉-၂၁၃၂၄၂၇ ထံသို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**

---

**စက်မှုနည်းပညာမြှင့်တင်ရေးနှင့်**
**ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာန**
**ကွန်ပျူတာတက္ကသိုလ်(မန္တလေး)**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကွန်ပျူတာတက္ကသိုလ်(မန္တလေး)အတွက် လိုအပ်သောအောက်ဖော်ပြပါ ပရိဘောဂနှင့်စက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| စဉ် | ပစ္စည်းအမည် | အရေအတွက် |
|---|---|---|
| 1. | Computer Table ကျွန်း | 80 |
| 2. | ရေသန့်စက် (RO 400 GPD) (Reverse Osmosis Drinking Water System) | 1 set |
| 3. | Crimping Tools | 5 |
| 4. | UBIQUITI Nano Station LOCO M2 Access Point | 6 |
| 5. | Desktop Computer Dell (Memory 4 GB; HDD 50 GB; Processor Intel Core i7) | 47 |
| 6. | Laptop Core i7 (Acer) | 12 |
| 7. | Digital White Board | 2 |
| 8. | Stabilizer (75 KVA, 3 Phase, made in Vietnam) | 1 |
| 9. | Cyber Power (3.5 KVA, 2x 100 AH Dry Cell Battery) | 1 |
| 10. | Cloud Core Router CRS (1 U Rackmount) | 1 |
| 11. | E1 to Ethernet Converter | 1 |

၂။ Open Tender ပုံစံများကို ကြော်ငြာပါသည့်ရက်မှစ၍ ရုံးချိန်အတွင်း ကွန်ပျူတာတက္ကသိုလ် (မန္တလေး)တွင် ထုတ်ယူနိုင်ပြီး ၂၂-၇-၂၀၁၅ရက် ၁၆း၀၀ နာရီ နောက်ဆုံးထား တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို ဖုန်း-၀၉-၆၅၂၅၃၀၄၊ ၀၉-၆၅၀၅၃၆၆၊ ၀၉-၇၉၇၅၉၈၂၆၉ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးအဖွဲ့**
**ကွန်ပျူတာတက္ကသိုလ်(မန္တလေး)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## သတ္တုတွင်းဝန်ကြီးဌာန
## မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း
## မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ နေပြည်တော်
## Tel; 067-414184, 414223

# ပုလဲရောင်းချပွဲ

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့် ရောင်းဝယ်ရေးလုပ်ငန်းသည် Myanmar Pearl Auction (July -2015) ပုလဲများရောင်းချပွဲကို EURO စနစ်ဖြင့် ၂၀၁၅ခုနှစ် ဇူလိုင် ၂၂ရက်မှ ၂၄ရက်အထိ မဏိရတနာကျောက်စိမ်းခန်းမ၊ နေပြည်တော်တွင် ရောင်းချပါမည်။

၂။ မည်သည့်နိုင်ငံသားမဆို တက်ရောက်နိုင်ပါသည်။ ရောင်းချပွဲအစီအစဉ်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**၂၀၁၅ ခုနှစ် ဇူလိုင် ၂၂ ရက် (ဗုဒ္ဓဟူးနေ့)**
(၀၉း၀၀-၁၆း၃၀) နာရီ — ပုလဲတွဲများပြသကြည့်ရှုခြင်း။

**၂၀၁၅ ခုနှစ် ဇူလိုင် ၂၃ ရက် (ကြာသပတေးနေ့)**
(၀၉း၀၀-၁၆း၃၀) နာရီ၊ — ပုလဲတွဲများပြသကြည့်ရှုခြင်း၊
(၁၅း၀၀) နာရီ — တင်ဒါအမှတ် (၁)ပိတ်သိမ်းခြင်း၊
(၁၆း၀၀) နာရီ — တင်ဒါအမှတ် (၁)ကြေညာခြင်း။

**၂၀၁၅ ခုနှစ် ဇူလိုင် ၂၄ ရက် (သောကြာနေ့)**
(၀၉း၀၀-၁၅း၀၀) နာရီ — ပုလဲတွဲများပြသကြည့်ရှုခြင်း၊
(၁၁း၀၀) နာရီ — တင်ဒါအမှတ် (၂)ပိတ်သိမ်းခြင်း၊
(၁၂း၀၀) နာရီ — တင်ဒါအမှတ် (၂)ကြေညာခြင်း၊
(၁၅း၀၀) နာရီ — တင်ဒါအမှတ် (၃)ပိတ်သိမ်းခြင်း၊
(၁၆း၀၀) နာရီ — တင်ဒါအမှတ် (၃)ကြေညာခြင်း၊

**မြန်မာ့ပုလဲထုတ်လုပ်ရေးနှင့်ရောင်းဝယ်ရေးလုပ်ငန်း**

# ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1 I / 6285 အမည်ပေါက်သူ ဦးကံစိန် ၁၄/ခနဖ(နိုင်)၀၀၈၂၄၉ က (ကမ-၃) ပျောက်ဆုံးမိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မအူပင်မြို့)**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## မန္တလေးခရိုင်တရားရုံးတော်
## ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၁၂၁

ဗိုလ်မှူးကြီးသန်းမောင်(ငြိမ်း) **နှင့်** ၁။ ဦးသိန်းဇော်
၂။ ဒေါ်မာမာဝင်း
(အတူနေလင်မယား)

**တရားလို** **တရားပြိုင်များ**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်(ပပ-၅၆)၊ ဦးပိုင်အမှတ် (၅၆)၊ မြို့ကွက်သစ်စက်မှု(၁)ရပ်နေ တရားပြိုင် ဦးသိန်းဇော်နှင့် ဒေါ်မာမာဝင်းတို့ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက တရားလိုပိုင်မြေကွက်ပေါ်သို့ ကျူးကျော်ဝင်ရောက် နေထိုင်သူများကို ဖယ်ရှားနှင်ထုတ်၍ လက်ရောက်ရလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်ကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇူလိုင် ၁၇ရက် (၁၃၇၇ခုနှစ် ဒုတိယဝါဆိုလဆန်း ၁ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်တို့ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇွန် ၁၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**ဇေယျာတင့်ညို**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**မန္တလေးခရိုင်တရားရုံး**

# ဦးဝင်းစန်းထွန်း ၉/ရမသ(နိုင်)၀၈၇၉၂၅
## ပန်းအိဖြူ ဆောက်လုပ်ရေးကုမ္ပဏီနှင့်
## အများသိစေရန်ကြေညာချက်

နမ့်ခမ်းမြို့၊ မိုးခမ်းရပ်၊ လမ်းမတော်လမ်း၊ အိမ်အမှတ် ၂၅ တွင် နေထိုင်သူ ဦးစိုင်းမြင့်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ ဦးဝင်းစန်းထွန်းနှင့် အများသိစေရန် အောက်ပါအတိုင်းကြေညာအပ်ပါသည်။

ဦးဝင်းစန်းထွန်းသည် ကျွန်ုပ်၏မိတ်ဆွေ ဦးစိုင်းမြင့်ဝင်းထံမှ Volvo စက်သုံးစီးအား ၂၁-၆-၂၀၁၄ ရက်မှစတင်၍ ငှားရမ်းအသုံးပြုခဲ့ရာ တစ်လလျှင် (၂၅)ဂျူတီပြည့်အောင် သုံးစွဲမည်ဖြစ်ပြီး ၈ နာရီလျှင် ၁ ဂျူတီသတ်မှတ်၍ ၁ ဂျူတီလျှင် ၃၈၀၀၀၀/-နှုန်း သတ်မှတ်၍ ငှားရမ်းအသုံးပြုခဲ့ပါသည်။

စက်ငှားရမ်းသူ ဦးဝင်းစန်းထွန်းမှ ၂၄-၁၂-၂၀၁၄ ရက်တွင် စက်များအား ဆက်လက်ငှားရမ်းမှု မပြုတော့ဘဲ စက်ပိုင်ရှင် ဦးစိုင်းမြင့်ဝင်းထံသို့ လက်ရောက်ပြန်လည်ပေးအပ်ခဲ့ပြီး စက်ငှားရမ်းခကျန်ငွေ ၈၅၁၁၆၈၇၅/-ကျပ်ထဲမှ ၃၀-၁၂-၂၀၁၄ရက်တွင် ငွေကျပ်သိန်း ၃၀၀ ပေးဆပ်မည်ဖြစ်ကြောင်း၊ ကျန်ငွေကို ၁-၄-၂၀၁၅ ရက် နောက်ဆုံးထား၍ ပြန်လည်ပေးဆပ်မည်ဖြစ်ပြီး ၁-၄-၂၀၁၅ ရက်တွင် စက်ငှားရမ်းခငွေများ ပြန်လည်ပေးဆပ်နိုင်မှုမရှိပါက စက်ပိုင်ရှင် ဦးစိုင်းမြင့်ဝင်းအား နစ်နာကြေးအဖြစ် ငွေကျပ်သိန်း ၁၀၀ နှင့် စက်ငှားရမ်းခကျန်ငွေ ၈၅၁၁၆၈၇၅/-၊ စုစုပေါင်း ၉၅၁၁၆၈၇၅/-ကျပ်အား ပြန်လည်ပေးဆပ်ပါမည်ဟု ၂၄-၁၂-၂၀၁၄ ရက်စွဲပါ နှစ်ဦးသဘောတူ ကတိစာချုပ်ပြုလုပ်၍ သက်သေများရှေ့တွင်ချုပ်ဆိုခဲ့ကြပါသည်။ သို့သော်လည်း လူကြီးမင်းမှ နှစ်ဦးသဘောတူစာချုပ်ပါအတိုင်း ပေးဆပ်မှုမရှိဘဲ ပျက်ကွက်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ ၂၄-၁၂-၂၀၁၄ ရက်စွဲပါ ကတိစာချုပ်အတိုင်း စက်ငှားရမ်းခငွေများနှင့် နှစ်ဦးနှစ်ဖက် သဘောတူထားသော နစ်နာမှုငွေကြေးများ သတင်းစာကြော်ငြာပါသည့်ရက်မှ ၁၅ ရက်အတွင်း ဦးဝင်းစန်းထွန်းအနေဖြင့် ဦးစိုင်းမြင့်ဝင်းထံသို့ မပျက်မကွက် လာရောက်ပေးဆပ်ပါရန် တောင်းဆိုလိုက်ပါသည်။

အကယ်၍ သတ်မှတ်တောင်းဆိုထားသည့်နေ့ရက်အတွင်း လာရောက်ပေးဆပ်ခြင်းမရှိ ပျက်ကွက်ခဲ့ပါက သက်ဆိုင်ရာတရားရုံးတွင် တရားတစ်ထုံးဖွဲ့ဆို အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ-**
**ဦးစိုင်းမြင့်ဝင်း**
**၁၃/နခန(နိုင်)၀၀၃၂၉၂**

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်မင်းထွန်း LL.B (စဉ်-၃၈၄၃၁)**
**အထက်တန်းရှေ့နေ**

# အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် ၂၀၁၅-၂၀၁၆ဘဏ္ဍာနှစ်တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများအား ဆောင်ရွက်မည်ဖြစ်ပါ၍ သက်ဆိုင်ရာ မြန်မာနိုင်ငံသားပိုင် ဆောက်လုပ်ရေးလိုင်စင်ရ ကုမ္ပဏီအသင်းအဖွဲ့များထံမှ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်-

| စဉ် | တည်နေရာ | ဆောင်ရွက်မည့်လုပ်ငန်း | |
|---|---|---|---|
| ၁ | ကချင်ပြည်နယ်၊မြစ်ကြီးနား ပြည်သူ့ဆေးရုံ | (၁) | တိုးချဲ့(၂)ထပ် လူနာဆောင် ဆောက်လုပ်ခြင်း |
| ၂ | ကရင်ပြည်နယ်၊ ဘားအံပြည်သူ့ဆေးရုံ | (၂) | (၂)ထပ်လူနာဆောင် (၂)ဆောင် ဆောက်လုပ်ခြင်း |
| ၃ | တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းပြည်သူ့ဆေးရုံ | (၃) | (၆)ခန်းတွဲ (၃)ထပ်ဆရာဝန်အိမ်ရာ ဆောက်လုပ်ခြင်း |
| ၄ | ပဲခူးတိုင်းဒေသကြီး၊ နတ္တလင်းမြို့နယ် ချဉ်ယုတ်ကွင်းတိုက်နယ်ဆေးရုံ | (၄) | တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်းနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း |
| ၅ | ပဲခူးမြို့နယ်၊ ထန်းတောကြီးတိုက်နယ် ဆေးရုံ | (၅) | တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်း နှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း |
| ၆ | ပဲခူးတိုင်းဒေသကြီး၊ ဖြူးမြို့နယ်၊ ကျော်လှတိုက်နယ်ဆေးရုံ | (၆) | တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်း နှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း |
| ၇ | ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ ကွင်းဆိပ်တိုက်နယ်ဆေးရုံ | (၇) | တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်း နှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း |
| ၈ | ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုပြည်သူ့ ဆေးရုံ | (၈) | (၂)ထပ်လူနာဆောင်နှင့် (၆)ခန်းတွဲ (၄)ထပ် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း |
| ၉ | မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ် ပြည်သူ့ဆေးရုံ | (၉) | (၂)ထပ်လူနာဆောင်နှင့် (၆)ခန်းတွဲ(၄)ထပ် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း |
| ၁၀ | မကွေးတိုင်းဒေသကြီး၊ ဆိပ်ဖြူမြို့နယ် အင်းကန်တိုက်နယ်ဆေးရုံ | (၁၀) | တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်း နှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း |
| ၁၁ | မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ် ကိုင်းတောမတိုက်နယ်ဆေးရုံ | (၁၁) | တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်း နှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း |
| ၁၂ | မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နယ် ပြည်သူ့ဆေးရုံ | (၁၂) | (၂)ထပ်လူနာဆောင်နှင့် (၆)ခန်းတွဲ (၄)ထပ် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း |
| ၁၃ | မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ် ပြည်သူ့ဆေးရုံ | (၁၃) | တိုးချဲ့လူနာဆောင်နှင့် ဆေးရုံအုပ်ကြီးရုံး အဆောင်ဆောက်လုပ်ခြင်း |
| ၁၄ | မကွေးတိုင်းဒေသကြီး၊ဆင်ပေါင်ဝဲမြို့နယ်၊ ဆင်မတောင် တိုက်နယ်ဆေးရုံ | (၁၄) | တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်းနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း |
| ၁၅ | မကွေးတိုင်းဒေသကြီး၊ ဆင်ဖြူကျွန်းမြို့ ပြည်သူ့ဆေးရုံ | (၁၅) | (၂)ထပ်လူနာဆောင်(၁)ဆောင်၊ ဆေးရုံအုပ် နေအိမ်(၁)လုံးနှင့် လက်ထောက်ဆရာဝန်နေအိမ် (၁)လုံး ဆောက်လုပ်ခြင်း |
| ၁၆ | မန္တလေးတိုင်းဒေသကြီး၊ မန္တလေး ပြည်သူ့ဆေးရုံကြီး | (၁၆) | (၆)ခန်းတွဲ(၆)ထပ် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း |
| ၁၇ | မန္တလေးတိုင်းဒေသကြီး၊ မန္တလေး ပြည်သူ့ဆေးရုံကြီး | (၁၇) | ကင်ဆာကုသဌာနမှ ဓာတ်ရောင်ခြည်အခန်း ပြင်ဆင်တိုးချဲ့ဆောက်လုပ်ခြင်း |
| ၁၈ | မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့နယ် ယုန်တိုးတိုက်နယ်ဆေးရုံ | (၁၈) | တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်းနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း |
| ၁၉ | မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင် ပြည်သူ့ဆေးရုံ | (၁၉) | အထူးကြပ်မတ်ကုသဆောင် (၂)ထပ်ဆောင် ဆောက်လုပ်ခြင်း |
| ၂၀ | မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင် ပြည်သူ့ဆေးရုံ | (၂၀) | သားဖွားမီးယပ်ကုသဆောင် (၂)ထပ်ဆောင် ဆောက်လုပ်ခြင်း |
| ၂၁ | မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင် ပြည်သူ့ဆေးရုံ | (၂၁) | အကြောအဆစ်ကုသဆောင် (၂)ထပ်ဆောင် ဆောက်လုပ်ခြင်း |
| ၂၂ | မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်း မြို့နယ်၊ ကြာညှပ်တိုက်နယ်ဆေးရုံ | (၂၂) | တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်းနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း |
| ၂၃ | မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ကင်ပွန်းချောင်းတိုက်နယ်ဆေးရုံ | (၂၃) | တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်းနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း |
| ၂၄ | မွန်ပြည်နယ်၊ ကျိုက်ထိုမြို့နယ်၊ ပြည်သူ့ဆေးရုံ | (၂၄) | (၂)ထပ်လူနာဆောင်နှင့် (၆)ခန်းတွဲ (၄)ထပ် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း |
| ၂၅ | မွန်ပြည်နယ်၊ ပေါင်မြို့နယ်၊ ပြည်သူ့ဆေးရုံ | (၂၅) | (၂)ထပ်လူနာဆောင်နှင့် (၆)ခန်းတွဲ (၄)ထပ် ဝန်ထမ်းအိမ်ရာဆောင်လုပ်ခြင်း |
| ၂၆ | ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီး | (၂၆) | (၄)ခန်းတွဲ (၁၀)ထပ် အရာရှိကြီးအိမ်ရာဆောက်လုပ်ခြင်း |
| ၂၇ | ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်း မြို့နယ်၊ မင်းဂလွန်းတိုက်နယ်ဆေးရုံ | (၂၇) | တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်းနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း |
| ၂၈ | ရန်ကုန်တိုင်းဒေသကြီး၊ သာကေတ ပြည်သူ့ဆေးရုံ | (၂၈) | (၂)ထပ် လူနာဆောင်(၁)ဆောင် ဆောက်လုပ်ခြင်း |
| ၂၉ | ရန်ကုန်တိုင်းဒေသကြီး၊ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး | (၂၉) | ပြင်ပလူနာဌာန အဆင့်မြင့် (၅)ထပ်ဆောင်နှင့် (၂)ခန်းတွဲ(၄)ထပ် အထူးကုဆရာဝန်ကြီး နေအိမ်နှင့် ဆရာဝန် နေအိမ်ကွန်ဒိုပုံစံဆောက်လုပ်ခြင်း |
| ၃၀ | ရန်ကုန်တိုင်းဒေသကြီး၊ အနောက်ပိုင်း ပြည်သူ့ဆေးရုံ | (၃၀) | အဆင့်မြင့် (၅)ထပ် အဆောက်အအုံ ဆောက်လုပ်ခြင်း |
| ၃၁ | ရန်ကုန်တိုင်းဒေသကြီး၊ ဝေဘာဂီကူးစက်၊ ရောဂါကုဆေးရုံကြီး | (၃၁) | ဆေးစတိုတိုးချဲ့ဆောက်လုပ်ခြင်း (၂)ထပ်တိုးချဲ့လူနာဆောင် ဆောက်လုပ်ခြင်း |
| ၃၂ | ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပ အမျိုးသမီးနှင့်ကလေးဆေးရုံ | (၃၂) | ဆေးစတိုဆောက်လုပ်ခြင်း၊ ဂါလန်(၈၀၀) ဆံ့ သံရေစင်၊ ၂"အဝီစိတွင်း၊ (၃၂၀၀) ဂါလန်ဆံ့ ရေလှောင်ကန် ၁ လုံး၊ မော်တာနှင့် ရေစက်ရုံ |
| ၃၃ | ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ် ခုတင်(၅၀)ဆံ့ ပြည်သူ့ဆေးရုံ ဝနက်ချောင်းတိုက်နယ်ဆေးရုံ | (၃၃) | (၄)ခန်းတွဲ (၃)ထပ် ဝန်ထမ်းနေအိမ်ဆောက်လုပ်ခြင်း လူနာဆောင်ပြုပြင်ခြင်းနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်ခြင်း |
| ၃၄ | ရခိုင်ပြည်နယ်၊ ပေါက်တော ပြည်သူ့ဆေးရုံ | (၃၄) | ဆေးစတိုအဆောက်အအုံဆောက်လုပ်ခြင်း တိုးချဲ့လူနာဆောင်ဆောက်လုပ်ခြင်း |
| ၃၅ | ရှမ်းပြည်နယ်၊ လားရှိုးမြို့နယ်၊ နောင်မွန်း တိုက်နယ်ဆေးရုံ | (၃၅) | တိုက်နယ်ဆေးရုံဆောက်လုပ်ခြင်းနှင့် ဝန်ထမ်းအိမ်ရာဆောက်လုပ်ခြင်း |

၂။ အိတ်ဖွင့်တင်ဒါစည်းမျဉ်းစည်းကမ်းအသေးစိတ်နှင့် ပတ်သက်၍လည်းကောင်း၊ ဆောက်လုပ်မည့် အဆောက်အအုံများ၏ ဆောင်ရွက်မည့်အတိုင်းအတာ၊ အသေးစိတ်အချက်အလက်များ၊ မီငြမ်းပြုပုံစံများနှင့် ပတ်သက်၍ သိရှိလိုပါက ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန၊ အင်ဂျင်နီယာဌာနခွဲ(နေပြည်တော်) သို့ လူကိုယ်တိုင်လာရောက်၍ဖြစ်စေ ဖုန်း-၀၆၇-၄၁၁၅၁၁သို့ ဆက်သွယ်၍ဖြစ်စေ မေးမြန်းစုံစမ်းနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများအား အောက်ပါအတိုင်းရောင်းချသွားမည်ဖြစ်ပါသည်။

**အိတ်ဖွင့်တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၉-၆-၂၀၁၅ ရက် (သောကြာနေ့)မှ ၃-၇-၂၀၁၅ ရက် (သောကြာနေ့)အထိ

**အိတ်ဖွင့်တင်ဒါလက်ခံမည့်ရက်** - ၂၆-၆-၂၀၁၅ ရက် (သောကြာနေ့)မှ ၁၅-၇-၂၀၁၅ ရက် (ဗုဒ္ဓဟူးနေ့) ရုံးချိန်အတွင်း နံနက် ၉း၃၀နာရီမှ ၁၆း၃၀နာရီအထိ

**တင်ဒါပုံစံတန်ဖိုး** - တင်ဒါပုံစံဈေးနှုန်းများသည် လုပ်ငန်းတန်ဖိုးအလိုက် သတ်မှတ်ထားသောဈေးနှုန်းများအတိုင်း ဖြစ်ပါသည်။

**အိတ်ဖွင့်တင်ဒါရောင်းချမည့်နေရာ** - အင်ဂျင်နီယာဌာနခွဲ ကုသရေးဦးစီးဌာန၊ ရုံးအမှတ် ၄၊ နေပြည်တော်။

**အိတ်ဖွင့်တင်ဒါလက်ခံမည့်နေရာ** - အင်ဂျင်နီယာဌာနခွဲ ကုသရေးဦးစီးဌာန၊ ရုံးအမှတ်(၄)၊ နေပြည်တော်။

**တင်ဒါစိစစ်ရွေးချယ်ရေးအဖွဲ့**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**
**နေပြည်တော်**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
## ရန်ကုန်အရှေ့ပိုင်းခရိုင် တရားရုံးတော်
## ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၄၈

ဒေါ်ကြည်ကြည်ဝင်း **နှင့်** ၁။ ဦးတင်ကျော်ခိုင်
၂။ ဦးသန့်ဇင်ကျော်
၃။ ဦးသူရအောင်
၄။ ဦးသန်းထိုက်သူ
၅။ ဒေါ်မြမြဦး

**တရားလို** **တရားပြိုင်များ**

တရားပြိုင်များဖြစ်ကြသော ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ဦးဟိုးစိန်လမ်း၊ ဗိုလ်ချို(၂)ရပ်ကွက်၊ အမှတ် ၆၇/ကနေ ဦးတင်ကျော်ခိုင် (ယခုနေရပ်လိပ်စာမသိ) နှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ကျန်စစ်သားလမ်း၊ (၂)ရပ်ကွက်၊ အမှတ် (၄၆၉) နေ (၃)တရားပြိုင် ဦးသူရအောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ပဋိညာဉ်အတိုင်း အရောင်းအဝယ်စာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ ခုနှစ် ဇူလိုင် ၈ရက် (၁၃၇၇ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၇ ရက်) နံနက် ၁၀း၀၀နာရီတွင် အထက်အမည်ပါ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများ၊ ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာ တင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၅ ခုနှစ် ဇွန် ၁၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးပေး လိုက်သည်။

**(မေမီဝင်းရွှေ)**
**ဒုတိယခရိုင်တရားသူကြီး(၂)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

# ကြော်ငြာစာ
## အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၀၇
## ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး
## ၂၀၁၅ ခုနှစ် တရားမအသေးအဖွဲ့မှုအမှတ်- ၉၀

ကွယ်လွန်သူ (ဦးပြုံး၊ ဦးလုံး၊ ဒေါ်ဒွန်း၊ ဒေါ်ရွှေအု)တို့၏ ကျန်ရှိရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု

အမှတ် (ည/၅၂၉)၊ ပြွန်လမ်း၊ ဧ/တောင်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်နေထိုင်ခဲ့သော ကွယ်လွန်သူ (ဦးပြုံး၊ ဦးလုံး၊ ဒေါ်ဒွန်း၊ ဒေါ်ရွှေအု)တို့ ကျန်ရှိရစ်သော ပစ္စည်းနှင့်စပ်လျဉ်း၍ အမွေထိန်းလက်မှတ်စာရရှိထားသူ ဒေါ်သန်းသန်းအေးက ၎င်းအမွေထိန်းလက်မှတ်စာရရှိထားသည့် (ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန မြေစာရင်းရှိ) သဃ်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၀၊ မြေကွက်အမှတ် ၃၆၊ ဧရိယာ ၀ ဒသမ ၁၆၆ဧကရှိ မြေပိုင်မြေနှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ် ည/၅၂၉၊ ပြွန်လမ်း၊ ဧ/တောင်ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟု ခေါ်တွင်သည့် အဆောက်အအုံတို့နှင့်ပတ်သက်၍ စီမံခန့်ခွဲခွင့် အမိန့်ချမှတ်ပေးပါရန် အမွေဆက်ခံခွင့် အက်ဥပဒေပုဒ်မ ၃၀၇အရ လျှောက်ထားလာသည်ဖြစ်၍ ဤအမှုကို ၂၀၁၅ ခုနှစ် ဇူလိုင် ၉ ရက် (၁၃၇၇ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၈ ရက်) နံနက် ၁၀ နာရီတွင် ကြားနာရန်ချိန်းဆိုထားသဖြင့် ထိုကွယ်လွန်သူ (ဦးပြုံး၊ ဦးလုံး၊ ဒေါ်ဒွန်း၊ ဒေါ်ရွှေအုတို့၏) ကျန်ရှိရစ်သောပစ္စည်းများတွင် အကျိုးစီးပွားတစ်စုံတစ်ရာ သက်ဆိုင်သည်ဟုအဆိုရှိသူ မည်သူမဆို လာရောက်အမှုဆိုင်လိုပါက အထက်ပါချိန်းဆိုထားသောနေ့ရက်တွင် မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့နည်းလမ်းတကျလွှဲအပ်ထားသော ကိုယ်စားလှယ်တစ်ဦးဖြင့်သော်လည်းကောင်း၊ အမှုဆိုင်နိုင်ရန်နှင့် ယင်းသို့ခွင့်ပြုမိန့်ထုတ်ပေးခြင်းမပြုမီ သက်ဆိုင်ရာအမှုတွဲကို ကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၃၀၇နှင့်အညီဆင့်ဆိုလိုက်သည်။ ယင်းသို့ လာရောက်ရန်ပျက်ကွက်ခဲ့လျှင် ရုံးတော်ကလျှောက်ထားသူ ဒေါ်သန်းသန်းအေး၏ လျှောက်ထားလွှာအားကြားနာ၍ စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၁၅ ခုနှစ် ဇွန် ၁၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ယုအောင်)**
**ဒုတိယခရိုင်တရားသူကြီး(၃)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

# အမွေဆက်ခံရန်သက်သေခံလက်မှတ်ရစေခြင်းငှာ
## လျှောက်ထားကြောင်းအကြောင်းကြားစာ
## (အမွေဆက်ခံရန်သက်သေခံလက်မှတ်စာအက်ဥပဒေပုဒ်မ-၃၇၃)
## ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး
## ၂၀၁၅ ခုနှစ် တရားမအထွေထွေမှုအမှတ်-၁၀၀
## ကွယ်လွန်သူ ဒေါ်သိန်းသိန်းငွေ ကျန်ရစ်သောပစ္စည်းများအကြောင်း

ဒေါ်ခင်စောထွေး **လျှောက်ထားသူ**
အမှတ် ၁၁၈၊ အနော်ရထာလမ်း၊
(၄)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး

၁။ အထက်ဖော်ပြပါ နေရပ်လိပ်စာနေ ဒေါ်ခင်စောထွေး (ကွယ်လွန်သူ ဒေါ်သိန်းသိန်းငွေ၏ ညီမ) ဖြစ်သည်ဟူ၍ အထက်ဖော်ပြပါလိပ်စာနေ ကွယ်လွန်သူ ဒေါ်သိန်းသိန်းငွေ၏ ကျန်ရှိရစ်သောပစ္စည်း၊ ငွေကြေးရရန်ရှိသောကြွေးမြီများကို ကောက်ခံရန်၊ အမွေဆက်ခံခွင့် သက်သေခံလက်မှတ်စာအက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံးသို့ လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့လျှောက်ထားကြောင်းကို အများသူတို့သိစေခြင်းမှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်သိန်းသိန်းငွေ ကျန်ရစ်သောငွေများအပေါ် ရရန်ရှိသူလူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၅ခုနှစ် ဇူလိုင်၉ရက် (၁၃၇၇ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၈ရက်) နံနက် ၁၀နာရီတွင် ဤရုံးတော်သို့လာရောက်ကြရမည်။ ၎င်းရက်တွင် လျှောက်သူ ဒေါ်ခင်စောထွေး၏ လျှောက်ထားချက်ကိုနာကြား၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၅ ခုနှစ် ဇွန် ၁၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(စိုးသန့်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## ပြင်ဆင်ဖတ်ရှုပါရန်

၂-၅-၂၀၁၅ရက်နေ့ မြန်မာ့အလင်းသတင်းစာ၏ ကြော်ငြာကဏ္ဍ (ဃ)ပါ ကန့်ကွက်ခိုင်းကြောင်း ကြော်ငြာအမှတ်စဉ် (၁၂)တွင် လျှောက်ထားသူ ဒေါ်သန်းမြင့်၏ မှတ်ပုံတင်အမှတ် (၁၃/လရန(နိုင်)၁၆၅၀၈၀)အစား (၁၃/လရန(နိုင်)၀၆၅၀၈၀)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

၁၇-၆-၂၀၁၅ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၊ ကြော်ငြာစာမျက်နှာ (၂၇)ပါ သက်ဆိုင်သူများနှင့်အများသိစေရန်သတိပေး ဘားမြစ်ခြင်းကြော်ငြာတွင် (၁၇-၅-၁၃)အစား (၁၇-၅-၁၉၉၃)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်နီနီ အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ငွေဝတ်မှုန်ရိပ်သာ၊ အမှတ် ၇၀(န)နေ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းကြည်(ငြိမ်း)၏ချစ်လှစွာသောဇနီး၊ ဒေါက်တာသန့်လွင်မောင်-ဒေါ်အေးမြင့်ကြည်၊ ဦးသွင်မြင့်မောင်-ဒေါ်သီသီထွန်း၊ ဒေါ်ကြည်ကြည်ခိုင်၊ ဒေါ်အေးစုကြည်တို့၏မိခင်ကြီး၊ မောင်မြတ်သန့်ထွန်း၊ မောင်စိုးသွင်ထွန်း-မလဲ့ရည်စိုး၊ မောင်ထွန်းထက်အောင်-မဇွန်ကေခိုင်၊ မောင်ထွန်းအာကာကျော်-မအေးသွဲ့သွဲ့ငြိမ်း၊ မောင်ကျော်ဇာနီထွန်း-မစုကျော်မြင့်၊ မောင်သာထက်အောင်၊ မောင်ကျော်ဝေယံထွန်း၊ မောင်ထွန်းအုပ်စိုးကျော်၊ မောင်ထွန်းအဂ္ဂကျော်တို့၏အဘွား၊ မောင်ထွန်းမြတ်သာ၊ မောင်သြရသထွန်း၊ မောင်ထက်မြတ်သာတို့၏ဘွားဘွားကြီးသည် ၂၁-၆-၂၀၁၅ရက်(တနင်္ဂနွေနေ့)စင်ကာပူစံတော်ချိန် နံနက်၄နာရီတွင် စင်ကာပူနိုင်ငံ Mount Elizabeth ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် စင်ကာပူနိုင်ငံ၌ သင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၇-၆-၂၀၁၅ရက်(စနေနေ့) နံနက်တွင် ရန်ကုန်မြို့၊ ငွေဝတ်မှုန်ရိပ်သာ၊ အမှတ် ၇၀(န) နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း
## ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်နီနီ
## အသက်(၈၃)နှစ်

ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်(ငြိမ်း)၏ဇနီး ဒေါ်နီနီ အသက်(၈၃)နှစ်သည် ၂၁-၆-၂၀၁၅ရက် စင်ကာပူစံတော်ချိန် နံနက် ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်-ဒေါ်နုနုဆွေမိသားစု**
**မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး ဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်နီနီ
## အသက်(၈၃)နှစ်

ဒုတိယဗိုလ်ချုပ်ကြီးထွန်းကြည်(ငြိမ်း)၏ဇနီး ဒေါ်နီနီ အသက်(၈၃)နှစ်သည် ၂၁-၆-၂၀၁၅ရက် နံနက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးခင်မောင်စိုး-ဒေါ်နီနီ မိသားစု**
**ပြည်ထောင်စုဝန်ကြီး**
**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရား၊ သိမ်၊ ကျောင်း ဒါယကာကြီး
## ဦးစိုင်းမြင့်အေး (ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်)
## အသက်(၆၇)နှစ်

အမှတ်(၈)အခြေခံပညာအလယ်တန်းကျောင်း၊ လားရှိုးမြို့ ကျောင်းအကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးဇော်မြင့်ထွေး-ဒေါ်နန်းခမ်းယဉ်(Royal Heart သောက်ရေသန့်)တို့၏ ဖခင်ဦးစိုင်းမြင့်အေးသည် ၁၈-၆-၂၀၁၅ရက်(ကြာသပတေးနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါကြောင်း။

**အ.လ.က(၈)မိသားစု**
**လားရှိုးမြို့**

## ဝမ်းနည်းကြေကွဲခြင်း
## ဦးအောင်နိုင်စိုး
## အသက်(၄၂)နှစ်

နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ဈေးများဌာနမှ ဦးမင်းလွင်စိုး (ဒုတိယညွှန်ကြားရေးမှူးချုပ်)-ဒေါ်စုမြတ်နှင်း (လက်ထောက်ညွှန်ကြားရေးမှူး၊ ကညန)တို့၏ညီဖြစ်သူ ဦးအောင်နိုင်စိုးသည် ၁၉-၆-၂၀၁၅ရက် နံနက် ၉း၀၅ နာရီတွင် ရန်ကုန်မြို့ အသည်းဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်ကုန်းမြို့မဈေး**
**ဝန်ထမ်းမိသားစုနှင့်ဈေးမိဈေးဖများ**

## မောင်ဝေယံရဲရင့်
## အသက်(၁၇)နှစ်

တောင်တွင်းကြီးမြို့၊ အောင်သပြေလမ်းနေ (ဦးအောင်ညွှန့်)-ဒေါ်ခင်အုန်းမြင့်၊ ဦးလှသောင်း-ဒေါ်စန်းစန်းမြင့်တို့၏မြေးဦး၊ ဦးကျော်မင်းညွှန့်-ဒေါ်ခင်မာဦးတို့၏သားကြီး၊ ကိုလွင်မောင်ဦး၊ မခင်မာလွင်၊ မခင်မာညို၊ ကိုစိုးလွင်ဦး၊ မခင်သီတာဝင်းတို့၏တူ၊ မဖွေးဖွေးအလိမ္မာ၏အစ်ကိုသည် ၂၀-၆-၂၀၁၅ရက်တွင် ကွယ်လွန်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**သင့်သွေးဖြင့် အသက်ကယ်ပါ**

## ဦးကျော်ကျော်ဦး(ခ)
## တိုရှီဘာ
## အသက်(၅၁)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၄)ရပ်ကွက်၊ တိုက် ၂၁၁၊ အခန်း ၁၀နေ ဦးကျော်ဝင်းမော်-ဒေါ်မြင့်မြင့်ဦးတို့၏သား၊ ဦးဝင်းမြင့်မိုး-ဒေါ်ခင်သူဇာမော်တို့၏အစ်ကို၊ မောင်အောင်မော်ဦး၏ဘဘသည် ၂၁-၆-၂၀၁၅ရက် (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါ၍ ၂၃-၆-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၉း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## သတိပေးနှိုးဆော်ချက်

ယာဉ်မတော်တဆ ဖြစ်ပွားမှုများအား လေ့လာရာတွင် ယာဉ်မောင်းသူတို့၏ပေါ့ဆမှုတို့ကြောင့် ဖြစ်ပွားသကဲ့သို့ လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များ၏ စည်းကမ်းမလိုက်နာမှုများကြောင့်လည်း ဖြစ်ပွားခဲ့သည်ကို တွေ့ရှိရပါသည်။

လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူးမျဉ်းကျားတို့တွင် ယာဉ်များအတွက် မီးစိမ်းထားချိန်တွင် လမ်းသွားလမ်းလာများအနေဖြင့် လမ်းဖြတ်ကူးခြင်း မပြုဘဲ စောင့်ဆိုင်းရန်နှင့် ယာဉ်များမှလည်း လမ်းဆုံ၊ မီးပွိုင့်နှင့် လူကူး မျဉ်းကျားတို့တွင် အရှိန်လျှော့မောင်းနှင်ရန် လိုအပ်ပါသည်။

လမ်းအသုံးပြုသူ (ခြေကျင်သွားလာသူ)များအနေဖြင့်လည်း လူကူးမျဉ်းကျားမှသာ အချက်ပြထိန်းသိမ်းမှုအတိုင်း စနစ်တကျ လမ်းဖြတ်ကူးကြရန်နှင့် အချက်ပြ ထိန်းသိမ်းမှုမရှိသော နေရာများမှ လမ်းကူးပါက **"ဘယ်ကြည့်၊ ညာကြည့်၊ ဘယ်ပြန်ကြည့်၊ ညာပြန်ကြည့် လမ်းရှင်းမှကူး"** စနစ်ဖြင့် သွားလာကြပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**ယာဉ်စည်းကမ်းထိန်းသိမ်းရေးကြီးကြပ်မှုကော်မတီ**

## ခရစ်တော်၌အိပ်ပျော်ခြင်း
## ဒေါ်လှစိန်
## အသက်(၉၁)နှစ်

(ဦးစိုးဖေ-ဒေါ်ဖြူ)တို့၏သမီးကြီး၊ ဦးစိန်လင်း(ဗိုလ်မှူးကြီး၊ ငြိမ်း)၊ (ညွှန်ကြားရေးမှူးချုပ်၊ ငြိမ်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန)၏ချစ်လှစွာသောဇနီး၊ ဦးသိန်းစိုး-ဒေါ်စွမ်တီ၊ ဦးစိုးအောင်-ဒေါ်လီလီဟန်၊ ဒေါက်တာကျော်သိန်း၊ ဒေါက်တာဥမ္မာမိုးမြင့်-ဦးမိုးမြင့်တို့၏မိခင်၊ မစန္ဒီစိုး၊ မစောမာလာစိုး၊ ဒေါက်တာစုမြတ်စိုး၊ မဆုပြည့်စုံစိုး၊ မောင်အောင်ဇော်လင်း၊ မယုလဲ့အောင်၊ မောင်စည်သူမိုးမြင့်၊ မောင်ဖုန်းကျော်မိုးမြင့်တို့၏အဘွား၊ မြစ်ငါးယောက်တို့၏အဘွားသည် ၂၀-၆-၂၀၁၅ရက်(စနေနေ့) နံနက် ၂း၄၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၁-၆-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၈နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်တင်လှ (ကျောက်ဖြူမြို့)
## အသက်(၈၅)နှစ်

ကျောက်ဖြူမြို့နေ (ဦးဘတူ-ဒေါ်မအောင်)တို့၏သမီး၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ စပွာယ်ရုံလမ်း၊ အမှတ် ၆နေ (သူရဦးကျော်ဝင်း)၏ဇနီး၊ ဦးနေဝင်း-ဒေါ်ခင်ဝင်းလှ၊ ဦးဌေးဝင်း-ဒေါက်တာလှရှမ်းဖြူ၊ ဦးသိန်းဝင်းလှိုင်-ဒေါ်ခင်ဝင်းမူ၊ ဒေါ်ခင်ဝင်းချို၊ ဦးငြိမ်းမင်း-ဒေါ်ခင်ဝင်းစုတို့၏ချစ်လှစွာသောမိခင်၊ မောင်မျိုးခိုင်ဝင်း၊ မောင်မြတ်ခိုင်ဝင်း၊ မရင်ရင်ခိုင်ဝင်း၊ မခိုင်ဖြူစံ၊ မောင်ဇံရဲနိုင်၊ မောင်စိုပြေလှိုင်၊ မဖြူသန့်လှိုင်ခင်၊ မောင်ဝဏ္ဏမင်း၊ မောင်ပုညမင်းတို့၏အဘွားသည် ၂၁-၆-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၃နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၅ရက်(အင်္ဂါနေ့)နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၆-၂၀၁၅ရက်(စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်ခင်စီ (Shiela Khee)
## စက္ကူနှင့်စာရေးကိရိယာ(ငြိမ်း)၊ (ကုန်သွယ်ရေး)
## အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်နေ (ဦးအစီ-ဒေါ်ကျင်ခင်)တို့၏သမီး၊ (ဒေါ်ကျင်ခ)၊ (ဒေါ်သန်းသန်း)တို့၏ညီမ၊ (ဒေါက်တာဦးသန်းဆွေ)-ဒေါက်တာဒေါ်ခင်ခင်အုန်း၊ ဦးဝင်းမောင်-ဒေါ်သီတာဝင်း၊(ဦးမောင်မောင်ကြီး)-ဒေါက်တာဒေါ်ခင်အေးပွင့်၊ ဦးတင်အောင်ဝင်း-ဒေါ်အေးအေးမူ၊ ဦးကိုကို- ဒေါ်ထွေးထွေးရီတို့၏အစ်မ၊ တူ၊တူမ ၁၂ယောက်တို့၏ကြီးကြီးသည် ၂၀-၆-၂၀၁၅ရက် (စနေနေ့) နံနက် ၃နာရီတွင် ကမ္ဘဋ္ဌာနိကဇောတိကုန်းကျောင်းတိုက်၊ အရှေ့ကြို့ကုန်း၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၆-၂၀၁၅ရက် (သောကြာနေ့)တွင် ကမ္ဘဋ္ဌာနိက ဇောတိကုန်းကျောင်းတိုက်၊ အရှေ့ကြို့ကုန်းသို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်လှလှရီ(ခ)မနိုင်အင်း
## အသက်(၆၁)နှစ်

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ အမှတ် ၁၈၂နေ(ဦးမောင်ခင်-ဒေါ်စက်မေ)တို့၏သမီး၊ ဦးအေးဟန်-ဒေါ်မွေးရင်တို့၏ညီမ၊ ဦးမောင်မောင်စိန်-ဒေါ်သန်းသန်းရီ၊ ဦးရွှေတိုး၊ ဦးငွေတိုး-ဒေါ်မြတ်မြတ်ဦး၊ ဦးစိန်တိုး-ဒေါ်ဝါဝါလွင်တို့၏အစ်မ၊ တူ၊တူမ ရှစ်ယောက်၊ မြေးလေးယောက်တို့၏ အဘွားလေးသည် ၂၁-၆-၂၀၁၅ရက်(တနင်္ဂနွေနေ့) နံနက် ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၄၅နာရီတွင်ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၆-၂၀၁၅ရက် (စနေနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးဖေကြိုင်(တရုတ်)
## (မော်လမြိုင်)
## အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၄/မြောက်)ရပ်ကွက်၊ အောင်ရတနာလမ်းနှင့် ၁၃လမ်းထောင့်၊ အမှတ် (၈၁/ခ)နေ (ဦးသိန်း-ဒေါ်ညို)တို့၏သား၊ ဒေါ်အေးလှ၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးကြည်စိုး)၊ (ဦးဝင်းနိုင်)၊ ဦးသန်းစိုး (လူမှုဝန်ထမ်းဦးစီးဌာန)-ဒေါ်သန်းသန်းဦး၊ ဦးအောင်ကြိုင်-ဒေါ်နီနီဝင်း၊ ဦးအောင်ဆန်း-ဒေါ်နန်းလွင်လွင်ဦး၊ ဦးစိန်သန်းဦး(မထသ)-ဒေါ်သီတာဝင်း(စာကလေး) (ဦးစီးအရာရှိ၊ အား/ကာ၊ မြားပစ်အဖွဲ့ချုပ်)၊ ဦးကိုကိုလေး-ဒေါ်နုနုအေး (မြို့တော်စည်ပင်)တို့၏ဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုးသည် ၂၀-၆-၂၀၁၅ရက် (စနေနေ့) ညနေ ၅း၅၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၁၅ရက် (တနင်္လာနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။(နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင်ထွက်ခွာပါမည်။)[ကွယ်လွန်သူအားရည်စူး၍ ၂၆-၆-၂၀၁၅ရက် (သောကြာနေ့)နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်မာမာစိုး
## အထက(၂)ဒဂုံ (မြို့မ)
## ကျောင်းသူဟောင်း
## အသက်(၄၃)နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (၁၆/၁)ရပ်ကွက်၊ ဇောတိကလမ်း၊ အမှတ် (၇၃၂/ခ)နေ ဦးခင်မောင်ဝင်း (မြန်မာ့ရေနံ၊ ဈေးဝေါလ်၊ငြိမ်း)-(ဒေါ်ခင်ဝင်း) ပြည်တွင်းအခွန်တို့၏သမီး၊ ဦးကျော်မြင့်-(ဒေါ်ခင်ချစ်)တို့၏သမီးချွေးမ၊ (ဦးမျိုးမြင့်) - ဒေါ်ခင်ဆွေ၊ ဦးအုန်းမြင့်-ဒေါ်အေးသန်းတို့၏ တူမ၊ ဦးစိုးသန့်-ဒေါ်ပွင့်သက်ပိုင်ထွန်း၊ဦးလှမျိုး - ဒေါ်နွယ်နွယ်ထွန်းတို့၏ အစ်မ၊ ဦးထွန်းထွန်းဦး၏ဇနီး၊ မောင်အောင်ငြိမ်းမင်း(ထ-၂၊ သဃ်္ဃန်းကျွန်း)၊ မောင်မြတ်မင်းခန့် (အမက-၂၉၊ သဃ်္ဃန်းကျွန်း)၊မအိမ့်အေးချမ်းအောင်(အမက-၂၉၊ သဃ်္ဃန်းကျွန်း)တို့၏မိခင်၊ တူ၊တူမ လေးယောက်တို့၏ အဒေါ်သည် ၂၁-၆-၂၀၁၅ရက်(တနင်္ဂနွေနေ့)နံနက် ၄နာရီတွင် အောင်ရတနာဆေးရုံ၌ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၅ရက် (အင်္ဂါနေ့)မွန်းတည့်၁၂နာရီတွင်ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အကြောင်းကြားအပ်ပါသည်။(အထက်ပါနေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၆-၂၀၁၅ရက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်အုန်း
## အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ အမှတ် ၁၀၊ သိန္ဒီလမ်း၊ သီတာရပ်ကွက်၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးလှသောင်း၏ဇနီး၊ ဦးကျော်ဌေး (ကျော်ဆေးကမ္ဘာဆေးဆိုင်)၊ ဦးသန်းဦး - ဒေါ်ခင်သန်းနု (ကောင်းဆက်ရသာမွန်စားသောက်ဆိုင်၊ ရွှေပြည့်စုံဈေး)၊ ဒေါ်စိန်အေးတို့၏မိခင်၊ ကိုဟိန်းထက်၊ မအေးမြတ်မွန်တို့၏ အဘွားသည် ၂၀-၆-၂၀၁၅ရက် (စနေနေ့) ညနေ ၅နာရီတွင် အကယ်ဒမီဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၃-၆-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၂၆-၆-၂၀၁၅ရက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်တင်လှ (ကျောက်ဖြူမြို့)
## အသက်(၈၅)နှစ်

ကျောက်ဖြူမြို့နေ (ဦးဘတူ-ဒေါ်မအောင်)တို့၏သမီး၊ ရန်ကင်းမြို့နယ်၊ ပါရမီရိပ်သာ၊ စပွာယ်ရုံလမ်း၊ အမှတ် ၆နေ(သူရဦးကျော်ဝင်း)၏ဇနီး၊ ဦးထွန်းဝင်း-ဒေါ်ညွှန့်ညွှန့်၊ (ဒေါ်တင်မြ)၊ (ဦးအောင်မြင့်)-ဒေါ်တင်မြိုင်၊ (ဦးတင်သန်း)-ဒေါ်အေးယဉ်ဖြူ၊ [ဦးစံအောင် (အင်ဂျင်နီယာ)] - ဒေါ်တင်တင်မြင့်၊ (ဦးတင်သိန်း-ဒေါ်သန်းမြင့်)၊ (ဦးတင်အောင်)-ဒေါ်တင်ညွှန့်၊ (ဦးတင်အောင်)၊ ဦးတင်ထူး-ဒေါ်ခင်မြင့်ဝေ၊ ဦးတင်ထွေးတို့၏ ညီမ/အစ်မ၊ ဒေါက်တာတင်နွဲ့ဝင်း (မော်လမြိုင်ဆေးရုံကြီး)၊ ဦးတင်မျိုးအောင်-ဒေါ်အေးမြင့်၊ ဦးတင်အောင်သက်-ဒေါ်သီတာ၊ ဒေါ်အေးသန်းစု၊ ဒေါက်တာဝင်းဆန်း - ဒေါက်တာတင်ရတနာအောင်၊ ဦးရာဇာအောင်-ဒေါ်စန္ဒာဝင်း၊ ဦးတင်မင်းအောင်၊ ဦးတင်အောင်ထွန်း-ဒေါ်ခင်ကလျာအောင်၊ ဒေါ်စိုးစိုးသိန်း၊ ဦးတင်ထွန်းအောင်၊ ဦးတင်ဝင်းအောင်၊ ဦးတင်မျိုးအောင်၊ ဦးကျော်ဦးမောင်-ဒေါ်အိဏ်စိုးခိုင်၊ ဦးဇာနည်တင်ထူး-ဒေါ်ချိုရီတို့၏အဒေါ်၊ မြေး ၁၀ယောက်၊ မြစ်သုံးယောက်တို့၏ အဘွားသည် ၂၁-၆-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၃နာရီတွင် SSC ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၃-၆-၂၀၁၅ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်စိန်ရင် (ဇလွန်)
## မိုးကုတ်ယောဂီ
## အသက်(၈၄)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဇလွန်မြို့နေ (ဦးဘိုးကျွန်း-ဒေါ်မယ်ဟန်)တို့၏သမီး၊ မုံရွာမြို့နေ (ဦးငြိမ့်-ဒေါ်တာပု)တို့၏ချွေးမ၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ၁၂၃လမ်း၊ အမှတ် ၆၉နေ (ဦးချစ်အေး)၏ဇနီး၊ ဦးတင်ထွဋ်-ဒေါ်မြင့်မြင့်အေး၊ ဦးသန်းဆွေ(ခ)သဲသဲ (M.P.E)-ဒေါ်သန်းသန်းညွှန့် (ထ/၄၊ ဗိုလ်တထောင်)၊ [ဦးဝင်းကို-ဒေါ်ဝင်းဝင်းကြည်(ခ)အညို]၊ ဦးထွန်းနိုင်(ခ)တင့်ဝေ (M.P.E) - ဒေါ်ခင်သန္တာဦး (သီရိသန္တာလှရိပ်မြုံ)၊ ဦးသန့်ဇင်-ဒေါ်နိုင်မာလှိုင်၊ (မောင်ခင်ဆွေ)တို့၏မိခင်၊ မြေး ရှစ်ယောက်တို့၏ အဘွားသည် ၂၀-၆-၂၀၁၅ရက် (စနေနေ့) ညနေ ၆း၂၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၂-၆-၂၀၁၅ရက်(တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။(နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးမိုးဦး
## MD (Yangon Airport Group Co.,Ltd.)
## အသက်(၅၂)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၁၄၆၊ သီရိမင်္ဂလာလမ်းနေ ဦးထွေးမြင့် (ညွှန်ကြားရေးမှူး၊ ငြိမ်း၊ ဆည်မြောင်း) - (ဒေါ်ခင်မေခင်)တို့၏သား၊ (ဦးတင်ဦး၊ ရဲဝန်ထောက်၊ ငြိမ်း၊ အင်းစိန် CID - ဒေါ်လှလှတင်)တို့၏သားသမက်၊ (ဦးညွှန့်ဦး)-ဒေါ်ဝါဝါလွင်၊ ဦးဝင်းမြင့်-ဒေါ်မိုမို၊ ဒေါ်မေကျော့နိုင်၊ ဒေါ်မေချိုအေးတို့၏မောင်၊ ဦးမိုးလတ်ထွေး (Senioe Marine Superintendent, MTM Ship Management pte.,Ltd.)-ဒေါ်စန်းစန်းဌေးတို့၏အစ်ကို၊ ဒေါ်လှလှဦး၏ ချစ်လှစွာသောခင်ပွန်း၊ မမိုးဦးသဲသဲ (Teacher, MISY)၊ မောင်မိုးဦးသုခ (Stamford University ,Bangkok) တို့၏ဖခင်သည် ၂၁-၆-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁၁း၅၂နာရီတွင် Singapore နိုင်ငံ Mount Elizabeth ဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၂-၆-၂၀၁၅ရက်(တနင်္လာနေ့) ည ၇း၃၀နာရီတွင် Mandai Crematorium သုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။[ကွယ်လွန်သူအားရည်စူး၍ ၂၇-၆-၂၀၁၅ ရက် နံနက် ၉နာရီမှ ၁၂နာရီအထိ ရှစ်မိုင်၊မစိုးရိမ်ကျောင်းတိုက်သို့ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဦးသာဇံအောင် (စစ်တွေ)
## လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)၊ ဗဟိုစာရင်းရုံး
## အသက်(၉၀)

စစ်တွေ အမျိုးသားကျောင်းအုပ်ကြီး (ဦးထွန်းအောင်-ဒေါ်စံဝင်းဖြူ)တို့၏သား၊ (ဦးမြထွန်းဦး-ဒေါ်သာနု)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အရှေ့ရန်ကင်း၊ တိုက် ၂၆၀၊ အခန်း ၄နေ ဒေါ်လှမေ၏ခင်ပွန်း၊ (ဦးစောသာ)၊ (ဦးသာဒိုးအောင်)၊ (ဒေါ်သာနု)၊ (ဦးဖသထော်)၊ (ဒေါ်မေခါ)တို့၏မောင်၊ (ဒေါ်ကြာခိုင်)၏အစ်ကို၊ ဒေါက်တာဒေါ်ညိုညိုအောင်-ဦးမင်းဇံ(ဒု-အင်ဂျင်နီယာမှူးကြီး၊ငြိမ်း)၊ ဦးကျော်ဇောအောင်(AA Medical Products Ltd.)-ဒေါ်မြသန္တာ(အထက-၂၊ တာမွေ)၊ ဒေါက်တာဦးကျော်ကျော်အောင်(အောင်ဆေးကုခန်း)-ဒေါ်မိမိခိုင်၊ ဦးမြထွန်းအောင်တို့၏ဖခင်၊ မောင်မင်းစိုးဇံ၊ မောင်အေးထွန်းဇံ၊ မခိုင်ဆုစန္ဒီ၊ မမြဆုဇာလီအောင်တို့၏အဘိုးရှင်သည် ၂၁-၆-၂၀၁၅ရက် မွန်းလွဲ ၂း၅၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၅ရက် မွန်းလွဲ ၂နာရီတွင်ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဗိုလ်မှူးချုပ်တင်ထွတ် (ငြိမ်း)
## ကကလျှပ်/ကကထုတ် ညွှန်ကြားရေးမှူး(ငြိမ်း)
## အသက်(၈၄)နှစ်

ဒေါ်နီနီ၏ခင်ပွန်းဖြစ်သူ မိဘသဖွယ် ရှိသေလေးစား အားကိုးရပါသော ဗိုလ်မှူးချုပ်တင်ထွတ်(ငြိမ်း)သည် ၁၈-၆-၂၀၁၅ရက်(ကြာသပတေးနေ့)နံနက် ၂း၃၀နာရီတွင် အမှတ်(၂)တပ်မတော်ဆေးရုံ (ခုတင်-၅၀၀)၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဗိုလ်မှူးကြီးမျိုးချို(ငြိမ်း)နှင့်ဇနီး ဒေါ်ခင်မာညို**

## ဦးဖေသန်း အသက်(၇၈)နှစ်
## (လ/ထ ညွှန်ကြားရေးမှူး၊ စီမံကိန်းရေးဆွဲရေးဌာန၊ ငြိမ်း)

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ မြောင်းကြီးလမ်း၊ အမှတ် ၆၆နေ (ဦးခင်မောင်လေး-ဒေါ်သန်း)တို့၏သား၊ (ဦးစိမ်းမောင်-ဒေါ်ကြီးညွှန့်)တို့၏သားသမက်၊ ဒေါ်လှကြည်(အထက်တန်းပြ၊ အထက-၄၊ ပုဇွန်တောင်၊ ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမင်းဇော်(CSL.Pte Ltd.)-ဒေါ်မင်းမင်းသန်း (ဗဟိုစာရင်းအင်းအဖွဲ့) ၊ ရန်ကုန်တိုင်းဒေသကြီး(ရုံးခွဲ)၊ ဒေါ်သင်းသင်းသန်း (UCF Co.,Ltd.)၊ ဦးအောင်လင်းထွန်း(Royal Nadi Resort ညောင်ရွှေ)- မဥမ္မာသန်း၊ ဦးအောင်သူထိုက်(Best Mix Concrete)-ဒေါ်သီဂီသန်း (Family Entertainment Group-5 Ne-twork)၊ Mr.Jeffery K Hill (ISM)- ဒေါ်ကလျာသန်း(UNESCO)တို့၏ဖခင်၊ မဖူးပွင့်ရတီခိုင်၊မသက်ထားစံတို့၏ဘိုးဘိုးကြီးသည် ၂၁-၆-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၇း၅၀နာရီတွင် ရန်ကုန်ဆေးရုံကြီး အထူးကြပ်မတ်ကုသဆောင်၌ ကွယ်လွန်သွားပါ၍ ၂၃-၆-၂၀၁၅ရက် (အင်္ဂါနေ့)ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်သိန်းသိန်းဆွေ (ဖြူး/ပွဲတန်းဆာ)
## ဒု-လက်ထောက်ညွှန်ကြားရေးမှူး(ငြိမ်း)
## မြန်မာ့တာယာနှင့်ရော်ဘာပစ္စည်းလုပ်ငန်း၊အမှတ်(၂)စက်မှုဝန်ကြီးဌာန
## အသက်(၇၅)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ ပင်လုံလမ်း၊ အမှတ် ၈၉၇၊ အဆင့်မြင့်အိမ်ရာနေ ဒုတိယဗိုလ်မှူးကြီးမြင့်သိန်းလွင်(ငြိမ်း) [ဦးဆောင်ညွှန်ကြားရေးမှူး၊ငြိမ်း၊ မြန်မာ့အကြီးစားစက်မှုလုပ်ငန်း၊ အမှတ်(၂) စက်မှုဝန်ကြီးဌာန]၏ဇနီး၊ ပြွန်တန်ဆာမြို့နေ (ဦးပု-ဒေါ်သောင်းရင်)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးစိန်လွင်-ဒေါ်အုံးသင်)တို့၏သမီးချွေးမ၊ Capt ကျော်စွာမြင့် (Myanma Ocean Win Co.,Ltd)-ဒေါ်မေရီလွင်တို့၏မိခင်၊ Denial ကျော်စွာမြင့်၊ ဂျူးဂျူးကျော်စွာမြင့်တို့၏အဘွား၊ ဦးအောင်မြင့်လွင်-ဒေါ်မြင့်မြင့်လှိုင်၊ (ဒေါ်ခင်သိန်း)တို့၏ညီမသည် ၂၁-၆-၂၀၁၅ရက်(တနင်္ဂနွေနေ့)ညနေ ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၅ရက်(အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၆-၂၀၁၅ရက် (စနေနေ့)နံနက်တွင် ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဗိုလ်ကြီးညွှန့်အောင်(ငြိမ်း) (ကြည်း-၂၂၂၈၆၊ OTS - ၈၀)
## လ/ထအထွေထွေမန်နေဂျာ(မြစ်ဝ)
## ပြည်တွင်းရေကြောင်းပို့ဆောင်ရေး
## အသက်(၅၇)နှစ်

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ထိန်ကုန်းရပ်ကွက်၊ မေဇင်သိန်းလမ်း၊ အမှတ်(ခ/၂၉)နေ ဦးအုန်းမောင်-ဒေါ်ငွေလှိုင်တို့၏သား၊ ဦးလှထွန်း-ဒေါ်ဝိုင်းတို့၏သားသမက်၊ ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ပန်းဆိုးတန်းလမ်း၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(ရုံးချုပ်)၊ ဧရာဝတီရိပ်သာ၊ အမှတ် ၅၀နေ ဒေါ်ခင်ကြူကြူ၏ချစ်လှစွာသောခင်ပွန်း၊ မသန္တာစိုး(ဒု-ဦးစီး၊ မွေး/ဆေး တက္ကသိုလ်)၊ မောင်အောင်ဘိုဘို-မအိမ့်မွန်ဇော်တို့၏ဖခင်၊ မစံရတီ၏အဘိုးသည် ၂၁-၆-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၁း၃၀နာရီတွင် ရွှေဂုံတိုင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၅ရက် (အင်္ဂါနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသည်။(ပန်းဆိုးတန်းလမ်း နေအိမ်မှကားများ နံနက် ၁၀နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၆-၂၀၁၅ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ
## ဦးဝဏ္ဏ (Diamond Square Co.,Ltd. Director)
## အသက်(၅၃)နှစ်

ရန်ကုန်မြို့၊ ဒေါပုံမြို့နယ်နေ ဒေါ်နှင်းညို၏မြေး၊ ဦးလှဝင်း-(ဒေါ်ခင်နု)တို့၏သားသမက်၊ ဦးဝင်းကြည်-ဒေါ်ခင်ဌေးဝေတို့၏သားကြီး၊ ဒေါ်စန္ဒာကြည် (တာမွေဘဏ်)၊ ဦးမြတ်သူရ(ဒေါပုံသ/မဦးစီး)-ဒေါ်သန်းသန်းဝင်း၊ ဒေါ်သီတာဝင်း၊ ဦးမောင်မောင်အေး၊ (ဦးနေမျိုးဝင်း)-ဒေါ်ခင်ရီ၊ ဦးလှထွန်း-ဒေါ်ခင်စီ၊ ဦးကိုကိုလေး-ဒေါ်ခင်စန်းအေးတို့၏အစ်ကိုကြီး၊ မောင်လှိုင်မင်းထွေး-မဝင်းမာဦး၊ မောင်ဇော်ဇော်အောင်-မဇင်မာဝင်း၊ မဇင်မေထွန်းတို့၏ဖခင်၊မြေးနှစ်ယောက်တို့၏အဘိုး၊ ဒေါ်မာမာအေး၏ချစ်လှစွာသောခင်ပွန်းသည် ၂၁-၆-၂၀၁၅ရက် (တနင်္ဂနွေနေ့) နံနက် ၆း၃၀နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၃-၆-၂၀၁၅ရက်(အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ခွာပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၆-၂၀၁၅ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၁နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ပထမဆုံးအကြိမ် အပြည်ပြည်ဆိုင်ရာယောဂနေ့ မြန်မာနိုင်ငံ၌ကျင်းပ

ရန်ကုန် ဇွန် ၂၁

**အားကစားဝန်ကြီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံသံရုံးတို့ ပူးပေါင်း၍ ပထမဆုံးအကြိမ် အပြည်ပြည်ဆိုင်ရာယောဂနေ့ (1st International Day Of Yoga) အခမ်းအနားကို ရန်ကုန်မြို့ သုဝဏ္ဏ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ယနေ့နံနက်ပိုင်းက ကျင်းပခဲ့သည်။**




"ယောဂကျင့်စဉ်ဟာ အလွန်အမင်းနူးညံ့သိမ်မွေ့တဲ့ သိပ္ပံအပေါ်အခြေခံထားတဲ့ စိတ်ပိုင်းဆိုင်ရာနည်းစနစ်ဖြစ်ပြီး စိတ်နဲ့ရုပ်ကို ဟန်ချက်ညီထိန်းညှိပေးမှုကို အာရုံစိုက်တဲ့ ပညာဖြစ်ပါတယ်။ ကျန်းမာစွာအသက်ရှင်သန်ရေးအတွက် အသုံးပြုတဲ့ ဝိဇ္ဇာနဲ့ သိပ္ပံပညာရပ်ဖြစ်ပါတယ်။ ကျောင်းသား ကျောင်းသူတွေနဲ့ လူငယ်လူရွယ်တွေ လေ့လာလိုက်စားသင့်ပါတယ်"ဟု အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက အဆိုပါအခမ်းအနားတွင် ပြောကြားသည်။

ရုပ်ရှင်သရုပ်ဆောင် ဝေဠုကျော်ကလည်း"ယောဂကျင့်စဉ်ကအိမ်အပြင်မှာ လုပ်နိုင်သလို အိမ်ထဲမှာလည်း တစ်ဦးတစ်ယောက်တည်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ စိတ်နဲ့ရုပ်ကို ကျန်းမာသန်စွမ်းအောင်လုပ်နိုင်ပါတယ်"ဟု အခမ်းအနားတွင် ပြောသည်။ *စာမျက်နှာ ၁၃ ကော်လံ ၁* ❍

# နိုင်ငံတကာအလှမယ်ပြိုင်ပွဲကြီးများသို့ တက်လှမ်းရန် အလှမယ်ငါးဦး ရွေးချယ်

သတင်းနှင့်ဓာတ်ပုံ - တင်စိုး(မြန်မာ့အလင်း)



**ရန်ကုန် ဇွန် ၂၁**

နိုင်ငံတကာအလှမယ် ပြိုင်ပွဲငါးခုသို့ သွားရောက်ယှဉ်ပြိုင်ရန်အတွက် မြန်မာနိုင်ငံ ကိုယ်စားပြု အလှမယ်ငါးဦးရွေးချယ်ပွဲကို ယနေ့ည ၇ နာရီတွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ MCC ခန်းမ၌ ကျင်းပသည်။

Miss Golden Land Myanmar Organization က ကြီးမှူးကျင်းပခြင်း ဖြစ်ပြီး နိုင်ငံတကာတွင် ရေပန်းစားသည့် အလှမယ်ပြိုင်ပွဲများဖြစ်သော Miss Earth Myanmar၊ Miss Supranational Myanmar၊ Miss Intercontinental၊ Miss Tourism နှင့် Face of Beauty ပြိုင်ပွဲများတွင် မြန်မာနိုင်ငံကိုယ်စားပြုမည့် အလှမယ်ငါးဦးကို ရွေးချယ်ပေးခဲ့သည်။

အလှမယ် ငါးဦးမှာ ၂၀၁၅ ခုနှစ်အတွင်း ကျင်းပမည့် ကမ္ဘာ့အလှမယ်ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ရမည်ဖြစ်ကာ Miss Golden Land Myanmar Organization နှင့် တစ်နှစ်လက်တွဲကာ ပရဟိတလုပ်ငန်းများနှင့် လူမှုရေးဆောင်ရွက်ချက်များကို ပူးတွဲလုပ်ဆောင်ရမည်ဖြစ်ကြောင်း သိရသည်။


ယနေ့ မာတိကာ

ရေဘေး အာမခံအတွက် အမေရိကန်အစိုးရ ဆောင်ရွက်ချက် လွဲချော်မှုများစွာရှိနေ စာ-၄

ဟိုတယ်တည်ဆောက်ရေး လုပ်ငန်းခွင် သံငြမ်းပြိုမှု နှစ်ဦးသေဆုံး၊ တစ်ဦးပိတ်မိနေ စာ-၁၂

ကမ်းရိုးတန်း ဒေသများအတွက် မီးသတ်ရေယာဉ်များ စီစဉ်လျက်ရှိ စာ-၁၃





R/488 ဖြင့် မြန်မာ့အလင်းသတင်းစာတိုက်၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၊ မြန်မာ့အလင်း
mmalin.npt @ gmail.com, www.facebook.com/MYANMAALINNNEWS